ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 September 2017 (၉၀၅၀)

မြန်မာနှင့် တရုတ်ပြည်သူများအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ပြီး ရေရှည်တည်တံ့သည့် စီးပွားရေးနှင့် လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်မည်ဟု ယုံကြည်

(၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၆

(၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ညီလာခံဖွင့်ပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာအရပ်ရပ်မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ပြုတီးမှုတ်ပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေက မင်္ဂလာရွှေမောင်းကိုသုံးချက်တီးခတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်နိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min၊ တရုတ်နိုင်ငံ ပင်လယ်ရပ်ခြားပြည်ပရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.Xu You Sheng၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညီလာခံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံ (14th World Overseas Chinese Entrepreneurs Convention-WCEC)ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိပြီး ကမ္ဘာအရပ်ရပ်မှ အောင်မြင်ကျော်ကြားသော တရုတ်လုပ်ငန်းရှင်ကြီးများကို တစ်နေရာတည်းမှာ ယခုကဲ့သို့ တွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ယခုကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံ၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ဒေသအသီးသီးမှ အောင်မြင်ကျော်ကြားသည့် တရုတ်ကုန်သည်လုပ်ငန်းရှင်များနှင့် မိမိတို့နိုင်ငံတွင်းမှ ကုန်သည်လုပ်ငန်းရှင်များ ပေါင်းကူးချိတ်ဆက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်စီးပွားရေး မဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုကို နိုင်ငံခြားကုန်သည်လုပ်ငန်းရှင်ကြီးများ မျက်ဝါးထင်ထင်လေ့လာတွေ့ရှိခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေရေးနှင့် မြန်မာနိုင်ငံ၏ဂုဏ်ရောင် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် အောင်မြင်စွာ ရပ်တည်နိုင်ရေးတို့ ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့

မြန်မာနိုင်ငံ၏ လူမှု-စီးပွားရေးကဏ္ဍ နယ်ပယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားဖြစ်စေမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေနိုင်ရေးအတွက် များစွာအထောက်အကူပြုစေပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် အခွင့်အလမ်းသစ်များစွာကိုလည်း ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်

KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၉ ရက် အင်္ဂါနေ့မှ ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် စနေနေ့အထိ (ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်များသည် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (အောက်တိုဘာ ၃၀ ရက်)နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာများကို ဓာတ်ပုံ နှစ်ပုံနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရမည်ဖြစ်သည်။ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို/ဖြေဆိုရန် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (နိုဝင်ဘာ ၁၇ ရက်) နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

ဂွမြို့နယ်တွင် ဂျီအက်စ်အမ် ရေဒီယိုစခန်းသစ်ဖွင့်

ဂွ စက်တင်ဘာ ၁၆

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရခိုင်ပြည်နယ်က ကြီးမှူးကျင်းပသော ဂျီအက်စ်အမ်ရေဒီယိုစခန်းသစ်ဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က တိုင်ကျိုးကျေးရွာ၌ ကျင်းပသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဂွမြို့နယ် မြို့ပေါ်ကျေးရွာများပါမကျန် ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်ကာ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အစစအရာရာ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ဂျီအက်စ်အမ်ရေဒီယိုစခန်းသစ်ကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်သူများ ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ဂျီအက်စ်အမ်ရေဒီယိုစခန်းသစ်များ ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နယ်မြေလုံခြုံရေးအတွက် နေ့ညမပြတ် စစ်ဆေးဆောင်ရွက်

ညောင်တုန်း စက်တင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုမခံရစေရေး၊ ဖောက်ခွဲဖျက်ဆီးမှုများမခံရစေရေးအတွက် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး နယ်မြေလုံခြုံရေးအတွက် စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းမှစ၍ စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်မြေလုံခြုံရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးခင်ဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် မြို့ပေါ် ရပ်ကွက် ၁၀ ခုအတွင်း Show of Force အား နေ့ညမပြတ် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် စက်တင်ဘာ ၁၁ ရက်မှ ၂၉ ရက်အထိ ညောင်တုန်းမြို့နယ်အတွင်း လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပလက်ဝတွင် လမ်းပိတ်ဆို့မှုအား ရှင်းလင်း

ပလက်ဝ စက်တင်ဘာ ၁၆

ချင်းပြည်နယ် ပလက်ဝမြို့ မြို့မဘောလုံးကွင်းအနီးတွင် စက်တင်ဘာဒုတိယပတ်က မိုးသည်းထန်စွာရွာသွန်းပြီး ဘောလုံးကွင်းမြောက်ဘက်ရှိ တောင်ကမ်းပါးပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်ကျော်-ပလက်ဝ

ကျွန်းတောရသာကျေးရွာမှ ကိုင်းတံမြက်စည်းလုပ်ကိုင်သူများ မိသားစုအပိုဝင်ငွေရ၍ အဆင်ပြေ

ကြို့ပင်ကောက် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျွန်းနက်ကုန်းအုပ်စု ကျွန်းတောရသာကျေးရွာတွင် အိမ်တွင်းမှုတစ်ပိုင်တစ်နိုင် ကိုင်းတံမြက်စည်းလုပ်ငန်းလုပ်ကိုင်သူများ မိသားစုအပိုဝင်ငွေရ၍ အဆင်ပြေလျက်ရှိသည်။

ကျွန်းတောတံမြက်စည်းသည် ကိုင်းပင်၏အဖူးကို ချိုးယူ၍ ကျူပင်၏အရိုးနှင့်ပေါင်းစပ်၍ ပြုလုပ်ရသည်။ ကိုင်းပင်၏အဖူးကို ပဲခူးရိုးမတောင်ပေါ်သို့ သွားရောက်ကာ ဒီဇင်ဘာမှစ၍ ချိုးယူရရှိပြီး တံမြက်စည်းလုပ်ငန်း တစ်နှစ်လုံးစာအတွက် စုဆောင်းကြရသည်။ ကိုယ်တိုင်ကိုင်းဖူးမချိုးနိုင်သောသူများက တစ်ဆင့်ပြန်ဝယ်ရာတွင် တစ်ဖူးကို သုံးကျပ်နှုန်းနှင့် ကျူရိုးတစ်ချောင်းလျှင် ငါးကျပ်နှုန်းပေးဝယ်ရသည်။ တံမြက်စည်းတစ်ချောင်းလျှင် အရင်း ကျပ် ၄၀၀ ခန့်ရှိပြီး အခြားကျေးရွာများကို လှည့်လည်ရောင်းချခြင်း၊ မြို့မဈေးရှိ အရောင်းဆိုင်များသို့ ပေးပို့ခြင်းတို့ဖြင့် ပြန်လည်ရောင်းချရာတွင် ကျပ် ၇၀၀ မှ ၁၀၀၀ ကြား ဈေးရရှိသည်။

ကျွန်းတောရသာကျေးရွာသည် တံမြက်စည်းလုပ်ငန်းကို တစ်ရွာလုံးနီးပါး တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းအဖြစ် လုပ်ကိုင်နေကြပြီး အဘိုးအဘွားများလက်ထက်မှစ၍ မိရိုးဖလာလုပ်ငန်းအဖြစ် ယနေ့အထိ လက်ဆင့်ကမ်း လုပ်ကိုင်လျက်ရှိသော အိမ်တွင်းမှုလုပ်ငန်းဖြစ်ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ကြေးမုံ

စစ်မှန်သောဒီမိုကရေစီကိုဖော်ဆောင်

ယမန်နေ့က ဒီမိုကရေစီအထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့သည်။ ယင်းမှာ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို အသိအမှတ်ပြု၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေသောနိုင်ငံဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလအဖြစ် ကျော်ဖြတ်နေသည်မှာ ခြောက်နှစ်ကျော်ကာလမျှ ရှိလာပြီဖြစ်ရာ သက်တမ်းနုနယ်သေးသည်ဟု ဆိုချင်လည်းဆိုနိုင်သည်။

မြန်မာနိုင်ငံသည် ပဒေသရာဇ်စနစ်၊ နယ်ချဲ့စနစ်တို့ကို ဖြတ်သန်းပြီးနောက် လွတ်လပ်ရေးရရှိသောအခါ ဒီမိုကရေစီစနစ်သို့ ဦးတည်ဖြတ်သန်းခဲ့သည်။ သို့သော် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းခြင်းမရှိဘဲ နိုင်ငံရေးအဖွဲ့အစည်းများ အကွဲကွဲအပြဲပြဲဖြစ်ခဲ့သောကြောင့် အာဏာရှင်စနစ်၊ တစ်ပါတီစနစ်ပေါ်ထွန်းခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်သည်။ ထို့နောက် ဒီမိုကရေစီစနစ်ကို ပြန်လည်ရရှိရန်အတွက် ကြမ်းတမ်းခက်ထန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

ယခုအခါ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းနေသည်။ စစ်မှန်ပြီး ခိုင်မာအားကောင်းသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်နေသည်။ မုန်တိုင်းကထန်ထန် လှိုင်းလေကကြမ်းကြမ်းနှင့် ခက်ခဲစွာဖြတ်သန်းနေရသည်ကို အားလုံးအသိပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဖြတ်သန်းဆဲသာဖြစ်ပြီး ဒီမိုကရေစီစနစ်ကို မထူထောင်နိုင်သေးချေ။ အချို့က တလွဲယူဆ၍ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝယူလိုကြသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းသောကာလတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဟူသည့် ဒီမိုကရေစီကျင့်စဉ်များကို လေ့ကျင့်ကြရမည်ဖြစ်သည်။ ထို့အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မျှတသည့်သဘောထားများကို အခြေခံဖို့လိုသည်။ ဒီမိုကရေစီအသီးအပွင့်များကို အပြည့်အဝယူကြဖို့ထက် ဒီမိုကရေစီကျင့်စဉ်များကို ကျင့်ကြံအားထုတ်ကြဖို့ လိုအပ်နေသောကာလဖြစ်သည်။ ဒီမိုကရေစီသဘောတရားများကို အပြည့်အဝအသုံးချကြဖို့ ဆန္ဒမစောဖို့လိုသည်။

ဒီမိုကရေစီကျင့်စဉ်တွင် အပေးအယူ စေ့စပ်ညှိနှိုင်းမှု၊ ညှိနှိုင်းဆွေးနွေးဖြေရှင်းမှုတို့သည် အလွန်ကောင်းမွန်သော အနှစ်သာရများဖြစ်သည်။ ဒီမိုကရေစီရှင်သန်ဖြစ်ထွန်းစေမည့် လိုအပ်သည့်ဆောင်ရွက်မှုများဖြစ်သည်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အစိုးရနှင့် နိုင်ငံရေးပါတီများမှာ အရေးကြီးသလို အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲပါဝင်ဖို့လိုသည်။ ရှင်သန်ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြဖို့လိုသည်။

ဒီမိုကရေစီခေတ်စားလာသောကာလတွင် ဒီမိုကရေစီကို တလွဲအသုံးမချမိဖို့လိုသည်။ ထို့အပြင် ဒီမိုကရေစီ၏ အန္တရာယ်များကိုလည်း သတိချပ်ဖို့လိုသည်။ ဒီမိုကရေစီ၏ အန္တရာယ်များမှာ ဒီမိုကရေစီမလိုလားသူများ၊ လိုလားသော်လည်း ကိုယ်မလုပ်ရ၍ ကဖျက်ယဖျက်လုပ်လိုသူများ၊ ဒီမိုကရေစီကို မယုံကြည်သူများ၊ ယုံကြည်သော်လည်း အားမလိုအားမရဖြစ်နေသူများ၊ တရားမျှတသော ယှဉ်ပြိုင်မှုကို မလုပ်လိုသူများရှိနေသည်ကိုလည်း သိရှိနားလည်ထားရန် လိုအပ်သည်။

ဒီမိုကရေစီဝါဒမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဟူသည့် လောကပါလတရားများသာဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားများ ကြွယ်ဝချမ်းသာရေးတို့ကို ဦးတည်စေသည်။ နိုင်ငံသူ နိုင်ငံသားများ အသက်ရှင်ပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဝမ်းမြောက်ပျော်ရွှင်ခွင့်တို့အတွက် အာမခံချက်ရှိစေသည်။

ထိုသို့ကောင်းမြတ်သော အခြေခံသဘောတရားများပါဝင်သည့် ဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနေကြရာတွင် အတိတ်ကာလက ဒီမိုကရေစီတစ်ခါဆုံးရှုံးရသည်ကို သင်ခန်းစာယူပြီး နောက်ထပ်တစ်ခါ မဆုံးရှုံးရစေဘဲ ခိုင်မာအားကောင်းမြဲမြံသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာအောင် လိုက်နာကျင့်ကြံအားထုတ်ရမည့် ဒီမိုကရေစီနှုန်းစံများ၊ အသိတရားများနှင့် ညီညီညွတ်ညွတ် ကြိုးပမ်းကြရမည်ဖြစ်သည်။ ။

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း
ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်
ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း
ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်
ဦးသက်ဇေယျ၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး
ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာစေရေး ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Mr.Wang Qin Min ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ခိုင်မာစေရေး၊ စက်မှုလုပ်ငန်းကဏ္ဍနှင့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီရေး၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးအောင်ထူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

○ **ရှေ့ဖုံးမှ**

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ အခြေချနေထိုင်လျက်ရှိသည့် တရုတ်လူမျိုးလုပ်ငန်းရှင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ နိုင်ငံခြားကုမ္ပဏီများကို ဆက်သွယ်ခေါ်ယူလာခြင်းတို့ဖြင့် နိုင်ငံတိုးတက်အောင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်ဟု သိရှိခဲ့ရပါကြောင်း။

မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကမ္ဘာ့နိုင်ငံများနှင့်ချိတ်ဆက်၍ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့ရ၍ ဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးသည် (၆၇)နှစ်တိုင် ရောက်ရှိခဲ့ပြီး ကာလကြာရှည်တည်ဆောက်ခဲ့သည့် ဆွေမျိုးပေါက်ဖော် ချစ်ခင်ရင်းနှီးမှုကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခဲ့ရုံသာမက မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်ထိ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းသည် ကမ္ဘာအရပ်ရပ်ရှိ တရုတ်ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ လူမှု-စီးပွားရေးကဏ္ဍနယ်ပယ်အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားဖြစ်စေမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေနိုင်ရေးအတွက် များစွာအထောက်အကူပြုစေပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် အခွင့်အလမ်းသစ်များစွာကိုလည်း ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုညီလာခံ၏အဓိကဆောင်ပုဒ်ဖြစ်သည့် “မြန်မာနိုင်ငံ အနာဂတ်လှပဖို့ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်စို့” ဆိုသည့် ဆောင်ပုဒ်သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီလှပါကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ ပိုမိုအဆင်ပြေချောမွေ့စေရန် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကိုလည်း အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေသစ်အရ ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယခင်ကကဲ့သို့ နိုင်ငံခြားသား၊ နိုင်ငံသား ခွဲခြားမှုမရှိဘဲ အခွင့်အရေးတန်းတူညီမျှစွာ ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း၊ အလုပ်သမားရေးရာ လုပ်ထုံးလုပ်နည်းများ၊ အခွန်စနစ်နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း အများယုံကြည်ကိုးစားမှုရှိရေး၊ ပွင့်လင်းမြင်သာမှုရှိရေးတို့အတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

တရုတ်နိုင်ငံက ဦးဆောင်ဆောင်ရွက်နေသည့် “ရပ်ဝန်းနှင့် လမ်းကြောင်းစတင်မှုစီမံကိန်း(Belt and Road Initiative)” ၏ ဆောင်ပုဒ်ဖြစ်သည့် “ပြောင်းလဲဖို့ရာ ပေါင်းစည်းပါ၊ ကမ္ဘာနီးဝေး ထိတွေ့ပေး” ဆိုသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါအစီအစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျစွာ တည်ရှိနေမှုသည်လည်း အဆိုပါ အစီအစဉ်အတွက် အောင်မြင်မှုကို ဖြစ်စေပါကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ယခုထက် ပိုမိုတိုးတက်ရန်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ထို့ပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကူးသန်းရောင်းဝယ်ရေးနှင့် အခြားလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်မည့်အခွင့်အလမ်းများ ရှိသည့်အတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ယခု ညီလာခံသို့တက်ရောက်လာသည့် ကမ္ဘာအရပ်ရပ်မှ တရုတ်ကုန်သည်ကြီးများနှင့် မြန်မာနိုင်ငံအတွင်းမှ ကုန်သည်များ၊ လုပ်ငန်းရှင်များပေါင်းကူးချိတ်ဆက်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ထို့အပြင် မြန်မာနှင့် တရုတ်ပြည်သူများအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်ပြီး ရေရှည်တည်တံ့သည့် စီးပွားရေးနှင့် လူမှုအသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့်လည်း မြန်မာနိုင်ငံတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်လာစေရန် အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တရုတ်နိုင်ငံ ပင်လယ်ရပ်ခြားပြည်ပရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr.Xu You Sheng က ဖတ်ကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Qin Min က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဟောင်ကောင်တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ Mr.Cai Guan Sheng၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mrs.Carrie Lam၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ထိုင်းနိုင်ငံ တရုတ်ကုန်သည်များအသင်း ဥက္ကဋ္ဌ Mr. Chen Zhen Zhi၊ ထိုင်းနိုင်ငံ CP Group ကုမ္ပဏီဥက္ကဋ္ဌ Mr. Xie Guo Ming တို့က အမှာအစကားပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေက ပေးအပ်လှူဒါန်းရာ ဒုတိယသမ္မတက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးမြင့်ဆွေ မင်္ဂလာရွှေမောင်းကို သုံးချက်တီးခတ်၍ အခမ်းအနားကိုဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ထရန်စဖော်မာပြောင်းရွှေ့

ပြည် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်မြို့ ပန်းဘဲတန်းလမ်းနှင့် စစ်ကဲလမ်းဆုံထောင့်ရှိ ထရန်စဖော်မာကို ပြောင်းရွှေ့ပေးရန် ပြည်သူများ၏ တောင်းဆိုချက်အရ ပန်းဘဲတန်းလမ်းထောင့်သို့ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်မြင့်အေး ဦးဆောင်၍ လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်သည့်အတွက် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၁၄၃)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အာဖဂန်နစ္စတန်နှင့် နယ်ခြားစခန်းကို ပါကစ္စတန်ပြန်လည်ဖွင့်လှစ်ပေး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၆
စက်တင်ဘာ ၁၅ ရက်က လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ပိတ်ထားခဲ့သော အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်ခြားစခန်းကို စက်တင်ဘာ ၁၆ ရက်တွင် ပါကစ္စတန်က ပြန်လည်ဖွင့်ပေးလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံ နယ်စပ်ရှိ အဓိကကျသော နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်စခန်းဖြစ်သည့် တော့ခ်ဟန်တွင် အမျိုးအမည်မသိ လူတစ်ဦးက အာဖဂန်နိုင်ငံဘက်ခြမ်းမှနေ၍ လက်ပစ်ဗုံးဖြင့် ပစ်ခဲ့ခြင်းကြောင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရခဲ့သည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက်တွင် အဆိုပါ နယ်စပ်ဖြတ်ကျော်စခန်းအား အလျင်အမြန် ပိတ်ထားလိုက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်ကြမည့် ရာပေါင်းများစွာသော ပြည်သူများသည် အပြန်အလှန်ကူးသန်းရောင်းဝယ်သည့် ကုန်ပစ္စည်းများတင်ဆောင်ထားသည့် မော်တော်ယာဉ်များနှင့်အတူ နှစ်နိုင်ငံနယ်စပ်အသီးသီးတွင် စောင့်ဆိုင်းနေကြကြောင်း ဒေသခံများက ပြောကြားသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တာဝန်ရှိသူများသည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးပြီး နယ်စပ်ကိုပြန်ဖွင့်ရန် သဘောတူညီမှုရရှိကာ နယ်စပ်များတွင် သောင်တင်နေသော ပြည်သူများနှင့် မော်တော်ယာဉ်များအား နယ်စပ်ဖြတ်ကျော်ခွင့်ပြုခဲ့ကြောင်း ပါကစ္စတန်နယ်စပ်လုံခြုံရေးတပ်ဖွဲ့မှ အထက်တန်းတာဝန်ရှိသူ နီဇက်မိုဟာမက်ဆွာတီက ဒေသတွင်းရှိ သတင်းထောက်များအား ပြောကြားသည်။

စက်တင်ဘာ ၁၅ ရက်တွင်ဖြစ်ပွားခဲ့သည့် လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ။

ပြုံယမ်း၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်းပြောကြား

ဝါရှင်တန် စက်တင်ဘာ ၁၆
အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်ခ်တေလာဆွန်က မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများအား ယမန်နေ့က တိုက်တွန်းပြောကြားခဲ့သည်။

စက်တင်ဘာ ၁၅ ရက်က ဝါရှင်တန်မြို့တွင်ကျင်းပခဲ့သည့် နိုင်ငံတကာ အစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် မြောက်ကိုရီးယား၏ နောက်ဆုံးအကြိမ် ဒုံးကျည်ပစ်လွှတ်ခဲ့မှုကို တိုက်ရိုက်ပြောကြားခဲ့ခြင်း မရှိပေ။

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့အား ခြိမ်းခြောက်မှုမှာ ပိုမိုမြင့်တက်လျက်ရှိသည့်အပြင် အမေရိကန်နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများကိုပါ ရန်စခြိမ်းခြောက်လျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး ရက်ခ်တေလာဆွန်က ဆိုသည်။ မြောက်ကိုရီးယားအရေးကို နိုင်ငံတကာအနေဖြင့် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် အများဆန္ဒခံယူလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြုံယမ်းအား အရေးယူဒဏ်ခတ်မှုအသစ်များဖြင့် ပြန်လည်တုံ့ပြန်သင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရက်ခ်တေလာဆွန်က တိုက်တွန်းပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ။

အီဂျစ်တရားရုံးတစ်ရုံးက အိုင်အက်စ်အဖွဲ့ဝင် ခုနစ်ဦးအား သေဒဏ်ချမှတ်

ကိုင်ရို စက်တင်ဘာ ၁၆
အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အဖွဲ့ဝင် ခုနစ်ဦးအား အီဂျစ်တရားရုံးတစ်ရုံးက လူသတ်မှု၊ အကြမ်းဖက်မှု စွဲချက်များဖြင့် စက်တင်ဘာ ၁၆ ရက်တွင် သေဒဏ်ချမှတ်ခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် သတင်းဌာန မီနာက ဖော်ပြသည်။

တရားခံများသည် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်ကာ လစ်ဗျားနှင့် ဆီးရီးယားနိုင်ငံများရှိ အိုင်အက်စ်များထံတွင် စစ်သင်တန်းများတက်ရောက်ခဲ့ကြောင်းနှင့် လစ်ဗျားနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသည့် ခရစ်ယာန်ဘာသာဝင် အီဂျစ်လူမျိုး ၂၁ ဦးတို့အား ခေါင်းဖြတ်သတ်ခဲ့ကြောင်း စွဲချက်တွင် ဖော်ပြထားသည်။

အီဂျစ်နိုင်ငံသား အလုပ်သမားများအား သတ်ဖြတ်ခဲ့သည်ကို အဆိုပါအုပ်စုက ရုပ်သံရိုက်ကူးပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထုတ်လွှင့်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

၂၀၁၇ ခုနှစ် ပထမရှစ်လအတွင်း ဒုက္ခသည် ၇၀၀၀၀ ကျော် အီသီယိုးပီးယားလက်ခံခဲ့

အဒစ္စအဘာဘာ စက်တင်ဘာ ၁၆
ဩဂုတ် ၃၁ ရက်အထိ ပထမရှစ်လတာကာလအတွင်း အီသီယိုးပီးယားနိုင်ငံက ဒုက္ခသည်ဦးရေ ၇၂၈၉၀ ကို လက်ခံခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအန်အိပ်ချ်စီအာရ်)က ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံက လက်ခံထားခဲ့သောဒုက္ခသည်များအနက် အကြီးမားဆုံးသော ဒုက္ခသည်အုပ်စုမှာ တောင်ဆူဒန်မှဖြစ်ပြီး ဒုက္ခသည်ဦးရေ ၄၄၀၀၀ ဖြစ်ကြောင်း၊ ယင်းနောက်တွင် အီရစ်ထရီးယားနိုင်ငံမှ ဒုက္ခသည်ဦးရေ ၁၇၀၀၀ နှင့် ဆိုမာလီနိုင်ငံမှ ဒုက္ခသည်ဦးရေ ၆၄၀၀ ကျော်တို့ဖြစ်ကြောင်း ယူအန်အိပ်ချ်စီအာရ်မှ လက်ထောက်ဆက်သွယ်ရေးအရာရှိ ကီဆွတ်ဂီဗရီဟာဘက်ဟာက ဆင်ဟွာသတင်းဌာနသို့ စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခုနှစ် ပထမရှစ်လအတွင်း အီသီယိုးပီးယားသို့ ဒုက္ခသည်ဦးရေ ၇၂၈၉၀ ထိ စံချိန်တင်ဝင်ရောက်လာခြင်းကြောင့် ယခုနှစ် ဩဂုတ် ၂၁ ရက်တွင် အီသီယိုးပီးယားနိုင်ငံတွင် ရောက်ရှိခိုလှုံနေသည့် ဒုက္ခသည်ဦးရေသည် ၈၅၂၇၂၁ ဦးထိ မြင့်တက်လာခဲ့ပြီး အာဖရိကတိုက်တွင် အီသီယိုးပီးယားနိုင်ငံသည် ဒုက္ခသည်ဦးရေဒုတိယအများဆုံးရှိသည့် နိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

ဆင်ဟွာ။

ကမ္ဘာတစ်ဝန်းတွင် အစာရေစာနှင့် အာဟာရချို့တဲ့သူဦးရေ မြင့်တက်လာကြောင်း ကုလသမဂ္ဂအဖွဲ့ သတိပေးပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၁၆
လွန်ခဲ့သောဆယ်စုနှစ်က အစာရေစာလုံလောက်မှုမရှိသူ ဦးရေကို ကုလသမဂ္ဂအဖွဲ့က ကြေညာခဲ့ပြီးနောက် ယခုတစ်ဖန် ကမ္ဘာတစ်ဝန်းရှိ အစာရေစာလုံလောက်မှုမရှိသူ အရေအတွက်သည် ပြန်လည်မြင့်တက်လာခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့က ယနေ့ သတိပေးပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်က အစာရေစာလုံလောက်မှုမရှိသူဦးရေသည် သန်း ၈၀၀ ကျော်ရှိခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့က ဆိုသည်။

ကမ္ဘာ့အစားအစာထောက်ပံ့မှုအစီအစဉ်နှင့် ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့(ယူနီဆက်) တို့အပါအဝင် ကုလသမဂ္ဂအေဂျင်စီများက ကမ္ဘာ့အစားအစာလုံလောက်မှုရှိရေးနှင့် အာဟာရချို့တဲ့မှုဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို စက်တင်ဘာ ၁၅ ရက်က ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာအရ ၂၀၁၆ ခုနှစ်အတွင်း အာဟာရချို့တဲ့သူဦးရေ ၈၁၅ သန်းခန့်ရှိပြီး ၂၀၁၅ ခုနှစ် အရေအတွက်ထက် ၃၈ သန်းတိုးမြင့်လာခဲ့ကြောင်း သိရသည်။

အာဟာရချို့တဲ့သူအရေအတွက် တိုးမြင့်လာမှုသည် လွန်ခဲ့သောနှစ်နှစ်အကြာက စတင်ခဲ့သော်လည်း ယမန်နှစ်တွင် သိသာစွာတိုးမြင့်လာခဲ့သည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများ၏ စစ်ရေးပဋိပက္ခများအပါအဝင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပွားသည့် ရေကြီးရေလျှံခြင်းများနှင့် ပူပြင်းခြောက်သွေ့မှုများကြောင့် ကမ္ဘာတစ်ဝန်းအစာရေစာပြတ်လပ်ပြီး အာဟာရချို့တဲ့သူအရေအတွက် ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု အစီရင်ခံစာတွင်ပါရှိသည်။

အသက်ငါးနှစ်အောက်အရွယ်ကလေးငယ် ၁၅၅ သန်းခန့်သည် အာဟာရချို့တဲ့မှုကြောင့် ကြီးထွားဖွံ့ဖြိုးမှုကို နှေးကွေးစေကြောင်းနှင့် ယင်းအရေအတွက်၏ ၇၅ ရာခိုင်နှုန်းသည် စစ်ပွဲများ၏ ဆိုးကျိုးကို ခံစားနေရသောကြောင့် ဖြစ်သည်ဟု အစီရင်ခံစာထဲတွင် ထည့်သွင်းရေးသားထားသည်။

အစာရေစာပြတ်လပ်သူနှင့် အာဟာရချို့တဲ့သူဦးရေမြင့်တက်လာမှုသည် ၎င်းတို့အား ထောက်ပံ့ကူညီမှုများပေးရန် ကမ္ဘာ့နိုင်ငံများအား မီးမောင်းထိုးပြခဲ့ခြင်းပင်ဖြစ်သည်ဟု ကုလသမဂ္ဂအေဂျင်စီများက ဆိုသည်။ ကမ္ဘာတစ်ဝန်း အစာရေစာလုံလောက်မှုနှင့် အာဟာရဓာတ်ပြည့်ဝမှုရှိစေရန် စစ်ပွဲများကို မုန်းတီးပြီး တည်ငြိမ်အေးချမ်းသော လူ့ဘောင်အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန်လိုအပ်သည်ဟု ကုလသမဂ္ဂအေဂျင်စီများက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ထွန်းကော်မာရှယ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)တို့က လုပ်ငန်းပြီးစီးဆောင်ရွက်ထားမှု၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီအဖွဲ့ဝင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)၊ ဦးစန်းဝင်း (ရွှေဟောင်းသုတေသန)၊ ဦးသန်းအုန်း(မောင်ဇေယျာ)၊ ဦးအေးလွင်(မောင်သွေးသစ်) စသည့် စာပေပညာရှင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်းပြီး ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ မြန်မာ့စွယ်စုံကျမ်းများအား မြန်မာ့စာပေဖွံ့ဖြိုးတိုးတက်ရေးကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်မြှင့်တင်ပေးရန်၊ မြန်မာ့စာပေနှင့်အတူ မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားပြန့်ပွားရေးအတွက် ထောက်ကူမြှင့်တင်ပေးရန်၊ ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းကြီးများသည် နှစ်ကာလကြာမြင့်ခဲ့သည့်အလျောက် ခေတ်မီခြင်းမရှိတော့သည့်အတွက် ခေတ်မီ၍တိကျမှန်ကန်သော အကြောင်းအရာများ၊ ကိန်းဂဏန်းများပါဝင်သည့် မြန်မာ့စွယ်စုံကျမ်းကြီးများအား ဆန်းသစ်ကာ ထုတ်ဝေဖြန့်ချိသွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် စာပေဗိမာန်နှင့် ထွန်းကော်မာရှယ်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဦးစန်းဝင်း(ရွှေဟောင်းသုတေသန)က "မြန်မာ့စွယ်စုံကျမ်းတွေ ပြန်လည်ထုတ်ဝေရေးအတွက် ဦးဆောင်ကော်မတီရယ်၊ အတိုင်ပင်ခံ အဖွဲ့ရယ်၊ စာတည်းအဖွဲ့ရယ်ဆိုပြီး အဖွဲ့ကြီးသုံးဖွဲ့ ဖွဲ့စည်းပြီး ယခင်စွယ်စုံကျမ်း အတွဲ(၁)ရယ်၊ အတွဲ(၂) တစ်ဝက်မှာရှိနေတဲ့ တည်ပုဒ်တွေကို စာပေဗိမာန်စာတည်းအဖွဲ့က စိစစ်တည်းဖြတ်ခြင်း၊ world book 2016 မှ ထည့်သွင်းသင့်တဲ့ တည်ပုဒ်တွေ ရွေးချယ်ဘာသာပြန်ခြင်းစတဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေးလုပ်ငန်းမှာ အထောက်အကူပြုဖို့အတွက် ပညာရပ်ဆိုင်ရာ ၂၄ ဖွဲ့၊ ပညာရပ်ဆိုင်ရာ ပညာရှင် ၁၈ ဦးတို့ကိုလည်း ပညာရပ်အမြင်နဲ့ ဖြည့်စွက်ဖို့ စာမူများပေးပို့ရေးသားစေလျက်ရှိပါတယ်။ စွယ်စုံကျမ်းကို ၁၉၅၄ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့ပြီး အတွဲပေါင်း ၁၅ တွဲဖြစ်ပါတယ်။ ခေတ်နဲ့မဆီလျော်တော့တာတွေ၊ လိုအပ်တာတွေကို ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်လျက်ရှိပါတယ်။ အတွဲ(၁)ကို ၂၀၁၇ ဒီဇင်ဘာလအကုန် နောက်ဆုံးစာမူတွေပြီးစီးပြီး နမူနာပုံနှိပ်နိုင်ဖို့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရေးနှင့် စပ်လျဉ်းသည့် စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဦးသန်းအုန်း(မောင်ဇေယျာ)၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က မြန်မာစာအုပ် ၁၀၀ စာစဉ်ထုတ်ဝေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက မြန်မာစာအုပ် ၁၀၀ စာစဉ်တွင်ပါဝင်မည့် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ပြဇာတ်၊ အက်ဆေး စသည့်ကဏ္ဍများထဲမှ ဝတ္ထုရှည်ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာစဉ်၏ အမည်၊ အသုံးပြုမည့်စာလုံးပုံစံတို့အား စနစ်တကျရွေးချယ်သတ်မှတ်ရေး၊ ပြန်လည်ထုတ်ဝေမည့် စာအုပ်များအား ထုတ်ဝေသည့်အကြောင်းရင်းနှင့် သုံးသပ်ချက်များ၊ ဆွေးနွေးချက်များရှိရန်၊ လိုအပ်ပါက အများသဘောတူဆန္ဒဖြင့် ဆုံးဖြတ်ရန်နှင့် စာပေပညာရှင်ကြီးများ သီးခြားဆွေးနွေးထားသော စာအုပ်များကို မှတ်သားထား၍ ပြန်လည်သုံးသပ်ဆွေးနွေးရန်မှာကြားခဲ့သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပ

စစ်တွေ စက်တင်ဘာ ၁၆

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် UNEP မှပေးပို့သည့် သဝဏ်လွှာအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်ရုံးမှ အကြီးတန်းအကြံပေး Mr. Christopher Carter က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသပြီး အထိမ်းအမှတ်နေ့အဖြစ် ပြသထားသည့် ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

တင်ထွန်း(ပြန်/ဆက်)

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံတက်ရောက်၊ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြို့၌ ရောက်ရှိနေသော ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများ ညီလာခံသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်နှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး (ဝန်ကြီးများရုံးဟောင်း)သို့သွားရောက်၍ တိုင်းပြုပြည်ပြုလွှတ်တော်ရုံး (ပါလီမန်အဆောက်အအုံ)၊ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့စဉ်က အလံတင်အခမ်းအနားပြုလုပ်ခဲ့သည့် အလံတိုင်နှင့် အတွင်းဝန်ရုံးဝင်းအတွင်းရှိ အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ သီလဝါ (ပြည်တွင်း) စက်မှုဇုန်ရှိ Prosperity Knitwear Factory Ltd, Myanmar သို့ သွားရောက်၍ သိုးမွေးထည်များ ချုပ်လုပ်နေမှုကို ကြည့်ရှုလေ့လာပြီး တိုးချဲ့ဆောက်လုပ်နေသည့် စက်ရုံအဆောက်အအုံအသစ်ကို ကြည့်ရှုကြသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ်နှင့်အဖွဲ့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး (ဝန်ကြီးများရုံးဟောင်း)အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ သွားရောက်လေ့လာရာ အဆိုပါဆိပ်ကမ်းတာဝန်ရှိသူများက ဆိပ်ကမ်း ကုန်သွယ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(သတင်းစဉ်)

မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေလွှဲအပ်

သနပ်ပင် စက်တင်ဘာ ၁၆။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၌ ပါဝင်သည့် သနတ္တန်းကျေးရွာနှင့် စွန်ပိကျေးရွာနှစ်ရွာအား ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် မတည်ပေးအပ်ခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

ဆန်၊ ဆီ၊ ဆား

Kဇင်သစ်
(မန်းတက္ကသိုလ်)

ဆားမပါသည့် ထမင်းဟင်းလျာတို့သည် အရသာပေါ့၍ ခံတွင်းမတွေ့လှပေ။ ဆန်၊ ဆီ၊ ဆား ရှိနေခြင်းကြောင့် ခန္ဓာအတွက် အာဟာရချို့တဲ့မှုဆိုသည်မှာ ကင်းဝေးနေမည်လည်း ဖြစ်ပေသည်။ ငယ်ရွယ်စဉ်က ထမင်းဆီဆမ်းနှင့် ထန်းလျက်၊ ငှက်ပျောသီး၊ သရက်သီးမှည့်တို့ဖြင့် စားခဲ့ရသည့် ပုံရိပ်လေးများက ယနေ့တိုင် မေ့လို့မရနိုင်သေးပါ။ တစ်ချိန်က ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်တို့ ရောင်းချခဲ့သည့် ပြည်သူ့ဆိုင် တစ်နည်း သမဝါယမဆိုင်များလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတာ ဘယ်ဝယ် ဘယ်ဆီမသိ။ သမဝါယမဆိုင်းဘုတ်တချို့ကိုတော့ မထင်ရှားသည့်နေရာလေးများမှာ ရံဖန်ရံခါ တွေ့နေရသေးသည်။ ယနေ့ခေတ် ကြုံတွေ့နေရသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ပြည်သူ့ဆိုင်များက ကုစားပေးနိုင်လေမလားဆိုသည့် မသေချာသောတွေးခေါ်မှုများကလည်း ဝေခွဲရခက်နေမိပြန်သည်။ ပါလီမန်ခေတ်တုန်းက ကွန်ကိုး(တက္ကသိုလ်ကွန်ကိုး) ဆိုင်များဟာ ပြည်သူ့အတွက် တာဝန်ကျေခဲ့တယ်ဆိုသည့် သမိုင်းကြောင်းကလည်း ဖျက်လို့မရနိုင်သေးပါ။ ဈေးကွက်စီးပွားရေးကျင့်သုံးလာသည့်ခေတ်မှာ ပစ္စည်းမှန်၊ ဈေးမှန်၊ အခြင်အတွယ်မှန်ခဲ့သည့် သမဝါယမအရောင်းဆိုင်များ နာလန်မထူနိုင်ခဲ့သောအခြေအနေက အခြေခံလူတန်းစားများအတွက် ထမင်းနပ်မမှန်ဖို့ တမင်ဖန်တီးခဲ့တယ်လို့ ယိုးမယ်ဖွဲ့ဖို့ စောနေသေးသည် ထင်မိပါသည်။ ဝိသမလောဘသားများ၏ ကိုယ်ကျိုးစီးပွားရှာမှုတွေက ပြည်သူတွေခမျာ ထမင်းနပ်မှန်အောင်တောင် မစားနိုင်တော့ဘူးလားဆိုသည့် မေးခွန်းလိုဟာမျိုးက ပြင်းထန်လွန်းလှသည်ဟု ထင်မိပါသည်။ တကယ်တော့ မြန်မာပြည်သူများက ရောင့်ရဲတင်းတိမ်တတ်ပြီး ငရုတ်သီးလေးတစ်တောင့်ဖြင့်ပင် ဆန်၊ ဆီ၊ ဆား ရှိလျှင် ထမင်းတစ်နပ်ကျေနပ်နိုင်သည့်သူများလည်း ရှိကြပါသည်။

နိုင်ငံ့ထုတ်ကုန် ဆန်၊ ဆီ၊ ဆားကို အဓိကစားသုံးနေခြင်းကြောင့်လည်း မလိုလားအပ်သည့် နိုင်ငံခြားငွေသုံးစွဲမှုကိုလျော့နည်းစေမှာတော့အမှန်ပါ။ ဆင်းရဲသည့်သူက ထမင်းနပ်မှန်အောင် ရုန်းကန်နေကြသည့်အချိန်တွင် ကြွယ်ဝသူများက နိုင်ငံခြားထုတ်ကုန်ပစ္စည်းများကိုမှ အဟုတ်ထင် ဂုဏ်တုဂုဏ်ပြိုင် ဝယ်ယူ၊ စားသုံး၊ ဝတ်ဆင်အသုံးပြုနေခြင်းကြောင့် ကုန်သွယ်မှုလိုငွေဖြစ်နေစေပါသည်။ ကုန်ဈေးနှုန်းတက်နေခြင်းသည် နိုင်ငံခြားထုတ်ကုန်များကို အားကိုးနေကြပြီး ပြည်တွင်းထုတ်ကုန်များကို ပြည်သူတစ်ဦးချင်းစီက အားကိုးမှု၊ သုံးစွဲမှုမရှိခြင်းသည်လည်း အခန်းကဏ္ဍတစ်ခုအသွင်ရှိနေမည်ဖြစ်ပါသည်။ ကုန်သွယ်လိုငွေ၊ ဘတ်ဂျက်လိုငွေနှင့်အတူ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်းကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းက ဆက်နွှယ်မှုရှိနေပါသည်။ သို့ဖြစ်၍ ပြည်တွင်းထုတ် ဆန်၊ ဆီ၊ ဆားတို့နှင့်ပတ်သက်၍ စာရေးသူလေ့လာမိသလောက် မျှဝေပါရစေ။

ဆန်

တစ်ချိန်က အာရှဆန်အိုးကြီးဟု သမုတ်ခံခဲ့ရသည့် မြန်မာ့ဆန်တင်ပို့မှုဟာ ကမ္ဘာမှာ ထိပ်တန်းစာရင်းဝင်ခဲ့ဖူးပါသည်။ ဒီဘက်ခေတ်တွင် ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်တို့က ဦးဆောင်နေသည်ဟု သိရပါသည်။ တစ်နှစ်ထက်တစ်နှစ် လယ်ယာမြေများကို အခြားနည်းသုံးစွဲမှုများနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် စိုက်ပျိုးမြေများ

လျော့နည်းလာသည်ကို တွေ့နေရပြီး ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၃ သန်းခန့်နှင့် နွေစပါးစိုက်ဧက သုံးသန်းခန့်သာ စိုက်ပျိုးနိုင်သည့် အနေအထားရှိနေကြောင်း တွေ့နေရပါသည်။

ကွင်းဆက်လွတ်နေသော ပိုလျှံဆန်ကိုလည်း ဆန်မှုန့်အမျိုးမျိုး၊ ဆန်ကြာဆံ၊ ဆန်ခေါက်ဆွဲ၊ စားသောက်ကုန်တို့တွင်လည်း အသုံးပြုနိုင်သလို စာရင်းအင်းမရှိ အောက်လမ်းမှထွက်နေသည်များလည်း ရှိနေနိုင်ပါသည်။ မည်သို့ပင်ဆိုစေ မြန်မာလူမျိုးတို့၏ အဓိကစားသုံးကုန်ဖြစ်သည့် ဆန်သည် ဖူလုံမှုရှိနေသည်ကိုတော့ ငြင်းဖွယ်မရှိပေ။ ဆန်စပါးနှင့်ပတ်သက်၍ အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိနေသည်ကိုတွေ့ရမှာ ဖြစ်ပါသည်။ စိုက်ပျိုးရေးဘောဂဗေဒသဘောတရားအရတော့ တွက်ခြေကိုက်မှုရှိ၊ မရှိ ဆန်းစစ်ရဦးမည်ဟု ထင်မိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အများဆုံးပို့ကုန် ၁၀ မျိုးတွင် ဆန်တင်ပို့မှုမှာ အဆင့်(၅)တွင်ရှိနေပြီး အမေရိကန်ဒေါ်လာ ၃၈၇ ဒသမ ၄၆၂ သန်းတန်ဖိုးရှိ ဆန် ၁၁၆၅၄၀၂ ဒသမ ၂၈၀ တန်ကို ပြီးခဲ့သည့် မတ် ၁၀ ရက်အထိ တင်ပို့ထားကြောင်း သိရသည်။ ပြည်တွင်းနေ နိုင်ငံသားအားလုံး ဆန်ဖူလုံအောင် စွမ်းဆောင်ပေးနိုင်မှုကိုတော့ တောင်သူဦးကြီးများအား လေးစားဂုဏ်ယူနေရမည် ဖြစ်ပါသည်။ ကိုယ်ကျိုးရှာ ဈေးကစားလို၍ ပွဲစား၊ ကုန်သည်၊ ပြည်ပပို့ကုန်တင်ပို့သူတွေရဲ့ တောင်သူသီးနှံပေါ်ချိန် ဈေးနှိမ်ဝယ်ယူမှုများက ဒီဘက်ခေတ်မှာ အတင့်မရဲသင့်တော့ပေ။ တောင်သူအများစု ရင်ဆိုင်ကြုံတွေ့နေရတာက ထွက်ရှိသီးနှံ ဈေးကစားမှု၊ ဈေးကွက်ပျောက်မှု၊ ဈေးနှိမ်ခံရမှုများ ဖြစ်နေပေသည်။ ယင်းကိစ္စကို လယ်သမားအဖွဲ့အစည်း၊ ဆန်စပါးကုန်သည်အသင်း၊ သမဝါယမအသင်းများက ကြားခံကူညီပေးလို့ ရနိုင်၊ မရနိုင် စဉ်းစားရမည်ဖြစ်ပေသည်။

ဆီ

"ဆီကို ရေချိုး၊ ဆေးရိုး မီးလှုံ၊ စပါး တောင်လိုပုံ" ဆိုသည်မှာ မြန်မာနိုင်ငံ၏ ပေါများကြွယ်ဝမှုကို တင်စားခဲ့ခြင်းက ရေချိုးလို့ရလောက်အောင်ကို ဆီတွေပေါများနေသည်ဟု ဆိုလိုခြင်းဖြစ်ပေမည်။ ဒီဘက်ခေတ်မှာတော့ ထိုသီချင်းက အိပ်မက်ပမာ ဖြစ်နေပြီလား ထင်မှတ်စရာ။ ၂၀၁၆-၂၀၁၇ ခုနှစ် အများဆုံးသွင်းကုန်ပစ္စည်း ၁၀ မျိုးတွင် အဆင့်(၇)နေရာရှိနေသည့် စားအုန်းဆီတင်သွင်းမှုမှာ ဒေါ်လာ ၄၂၉ ဒသမ ၈၉၄ သန်းရှိနေကြောင်း သိရသည်။ ကမ္ဘာမှာ နှမ်းစိုက်ပျိုးမှုပထမအဆင့်၊ မြေပဲစိုက်ပျိုးမှုဆဋ္ဌမအဆင့်ရှိနေသည့် မြန်မာနိုင်ငံထက် အထွက်နှုန်းမှာတော့ တရုတ်နိုင်ငံက မြေပဲ၊ နှမ်း နှစ်ဆခွဲစီ ပိုထွက်နေသည်။ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ မှာ တစ်နှစ် ဆီတန်ချိန် ၁၈၂ သန်း သုံးစွဲလျက်ရှိပြီး စားအုန်းဆီ ၆၂ ဒသမ ၀၂ သန်း ပါဝင်နေကာ သုံးစွဲမှုရာခိုင်နှုန်းအများဆုံးရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများတွင် လူတစ်ဦး တစ်နှစ် ကီလိုဂရမ် ၃၀၊ ၄၀ သုံးစွဲနိုင်ကြပေမယ့် မြန်မာနိုင်ငံမှာတော့ တစ်ဦးလျှင် ၁၂ ကီလိုဂရမ် သုံးစွဲနိုင်ကြပါသည်။ ၅၁ သန်းကျော် လူဦးရေတွင် တစ်နှစ်စားသုံးဆီတန်တစ်သန်းလောက် သုံးစွဲလျက်ရှိနေသည်။ မြန်မာနိုင်ငံစိုက်ပျိုးမြေ၏ ၁၆ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည့် ၇ ဒသမ ၅ ဧက သန်းမှာ မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံများ စိုက်ပျိုးနေကြသည်။ ဆီအုန်းနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နေကြသော်လည်း ဆီထွက်သီးနှံ တန်ချိန် ၁၂ သိန်းမှ ၁၅ သိန်းထိ ထွက်ရှိနေသည်။ တစ်ဧကကို ဆီ သုည ဒသမ ၄ တန်ခန့်သာ ထွက်ရှိနေ၍ ဆီတန်ချိန် ငါးသိန်း၊ ခြောက်သိန်းခန့်သာ ရရှိနိုင်သည်။ နှမ်းနက်၊ မြေပဲဆန်လုံး စသည်တို့ကို ပြည်ပသို့ တိုက်ရိုက်တင်ပို့နေခြင်းကြောင့် ပြည်တွင်းဆီရရှိမှုပမာဏမှာ တန်ချိန်လေးသိန်းလောက် ထုတ်လုပ်နိုင်သည့်အတွက် တစ်နှစ်လျှင် ဆီတန်ချိန် ခြောက်သိန်းနီးပါးလောက် ပြည်ပမှ တင်သွင်းနေရ၍ ဒေါ်လာများ များစွာသုံးစွဲနေရသည်ကို သတိပြုဖို့ လိုအပ်နေပါသည်။

ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီများမှာ ကျန်းမာရေးရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း အနုတ်လက္ခဏာ ပြနေပါသည်။ စပါး လယ်တစ်ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁ ဒသမ ၅ သိန်း ထုတ်ချေးပေးနေချိန်မှာ ဆီထွက်သီးနှံစိုက်ပျိုးသည့် ယာမြေ တစ်ဧကအတွက် သုည ဒသမ ၂ သိန်းသာ ထုတ်ချေးပေးနေခဲ့ပြီး ယခုနှစ်မှ ကျပ် သုည ဒသမ ၅ သိန်းသို့ တိုးမြှင့်ထုတ်ချေးပေးခဲ့သည်ကို လေ့လာမိပါသည်။ ဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်ရရှိဖို့၊ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်ဖို့၊ ထွက်ရှိဆီထွက်သီးနှံအားလုံး အလေအလွင့်မဖြစ်ပေါ်စေဖို့ သက်ဆိုင်ရာဌာနများမှ တောင်သူပညာပေးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ပေးဖို့ လိုအပ်နေပြီဖြစ်သည်။ ခေတ်မီဆီစက်ကြီးများ ထူထောင်ပြီး အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများထုတ်လုပ်ကာ ပြည်သူ့ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးခြင်းကလည်း ရောဂါဖြစ်၍ ကုသရသည့် ဆေးဖိုးကဲ့သို့ သုံးစွဲမှုမျိုးပမာ မလိုလားအပ်သော ကုန်ကျစရိတ်ကို ကာမိစေမှာလည်း ဖြစ်ပါသည်။

ဆား

ဆားမပါ၍ အရသာလေးနက်မှုမရှိသော်လည်း ဆားများလွန်းလျှင်တော့ သွေးတိုး၊ ဆီးချိုဆိုသည့် ရောဂါများက မခေါ်ဘဲပေါ်လာတတ်ကြပါသည်။ ဆားဈေးနှုန်းမြင့်မားမှုမရှိသော်လည်း နိုင်ငံရပ်ခြားမှ တင်သွင်းနေသည့် နူးနူးညံ့ညံ့ဆားများကတော့ ရှိနေဆဲပါ။ နိုင်ငံတွင်းထုတ်လုပ်သည့် ဆားပမာဏက စားသုံးမှုကို ယေဘုယျအားဖြင့် လုံလောက်အောင် ထိန်းချုပ်ထားနိုင်သည့် အနေအထားရှိပါသည်။ နိုင်ငံခြားငွေရရှိမှု၊ သုံးစွဲမှုတွင် ထင်ရှားသိသာသည့်အနေအထား မတွေ့နိုင်ပါ။ ကုန်စည်ဈေးနှုန်းဖော်ပြမှုများတွင်ပင် ဆားဈေးနှုန်းက မျက်နှာငယ်နေရသည့် အနေအထားဖြစ်သည်။ ဆားထုတ်လုပ်မှုအထင်ကရရှိနေသည့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်တွင် ဆားဖိုလုပ်ငန်းရှင် ၇၀ ရှိပြီး ၄၄၆၄ ဒသမ ၅၈ ဧကမှ တစ်နှစ်လျှင် ဆား ပိဿာ ၁၇၂၉၇၈၀၀ (၂၈၂၄၆ တန်) ထွက်ရှိလျက်ရှိပါသည်။ အကြမ်းဖျင်းအားဖြင့် လူတစ်ဦးသည် တစ်နှစ် ပျမ်းမျှ ဆား ၃ ဒသမ ၁၅ ပိဿာခန့် စားသုံးလျက်ရှိကြောင်း သိရသည်။

ဆန်၊ ဆီ၊ ဆား တွင် ဆန်နှင့်ဆားသည် ဖူလုံပြည့်စုံနေသည့်အနေအထားတွင်ရှိနေပြီး ဆီမှာမူ နိုင်ငံခြားငွေများစွာ သုံးစွဲနေရသည်ကို မေ့လျော့နေရမည့်အချိန် မဟုတ်တော့ပေ။ ဆီထွက်သီးနှံ များများစိုက်ပျိုးရန်နှင့် ခေတ်မီဆီစက်ကြီးများ ထူထောင်နိုင်ရေးတို့ကို ပုဂ္ဂလိက၊ သမဝါယမများက အရင်းအနှီးစိုက်ထုတ်၍ အားကြိုးမာန်တက် ဆောင်ရွက်ကြမှသာလျှင် ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းလာမည် ဖြစ်သည်။ ၂၀၁၆ ခုနှစ် လယ်ယာကဏ္ဍမူဝါဒများတွင် လယ်ယာထွက်သီးနှံများ ပြည်ပသို့တင်ပို့နိုင်ရန် အမယ်စုံသီးနှံများ စိုက်ပျိုးခွင့်ပေးထားသည်ကို တွေ့ရှိရသဖြင့် တောင်သူဦးကြီးများအနေဖြင့် စပါးသီးနှံ အားကိုးစိုက်ပျိုးနေသည့်အခြေအနေမှ ဆီထွက်သီးနှံများ အလေးထားစိုက်ပျိုးပြီး ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။ ဆီထွက်သီးနှံများကို ဆီကြိတ်ခွဲခြင်းမပြုဘဲ ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းသည် ဆန်တစ်တန် တင်ပို့ခြင်းထက် ဆီထွက်သီးနှံကုန်ချောတစ်တန်တင်ပို့ခြင်းက ရှစ်ဆခန့် နိုင်ငံခြားငွေ ပိုမိုရရှိနိုင်မည်လည်း ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း အစာရေစာငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ခံစားနေရသူ သန်း ၈၀၀ ခန့် (လူကိုးယောက်တွင် တစ်ယောက်နှုန်း)ရှိကြောင်း ကုလသမဂ္ဂလေ့လာတွေ့ရှိချက်တစ်ခုတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပဋိပက္ခဇုန်များတွင် အဆိုပါဒဏ်ကို အများဆုံးခံစားနေကြရပါသည်။ မြန်မာလူမျိုးတို့အဖို့ ဆန်၊ ဆီ၊ ဆား ဖူလုံပြည့်စုံနေသရွေ့ အစာရေစာငတ်မွတ်မှုဒဏ် ကင်းဝေးနေဦးမည်ဟု မျှော်လင့်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဆန်၊ ဆီ၊ ဆားတွင် ဆန်နှင့် ဆားသည် ဖူလုံပြည့်စုံနေသည့်အနေအထားတွင် ရှိနေပြီး ဆီမှာမူ နိုင်ငံခြားငွေ များစွာသုံးစွဲနေရသည်ကို မေ့လျော့နေရမည့်အချိန် မဟုတ်တော့ပေ။ ဆီထွက်သီးနှံ များများစိုက်ပျိုးရန်နှင့် ခေတ်မီဆီစက်ကြီးများ ထူထောင်နိုင်ရေးတို့ကို ပုဂ္ဂလိက၊ သမဝါယမများက အရင်းအနှီးစိုက်ထုတ်၍ အားကြိုးမာန်တက် ဆောင်ရွက်ကြမှသာလျှင် ပြည်တွင်းစားသုံးမှု ဖူလုံပြီး နိုင်ငံခြားငွေသုံးစွဲရမှု လျော့နည်းလာမည် ဖြစ်သည်။

ပြည်ခရိုင်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၆

(၅၃)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင်(၅၀၀)ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ပြည်ခရိုင်ရဲတပ်ဖွဲ့မှ အမျိုးသားရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အမျိုးသမီး ရဲတပ်ဖွဲ့ဝင် ၁၃ ဦး၊ တပ်ဖွဲ့ဝင်၏ဇနီး တစ်ဦးတို့ကလည်းကောင်း၊ အမှတ် (၂) ရဲလေ့ကျင့်ရေးကျောင်းမှ အမျိုးသားရဲတပ်ဖွဲ့ဝင်သင်တန်းသား ၁၁ ဦး၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့က လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးတို့ကလည်းကောင်း စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ **(ရဲပြန်ကြား)**

ရပ်ကွက်ပေါင်းစုံ အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြန်မာ့မီးရထား ဘောလုံးအားကစားကွင်း၌ စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် အင်းစိန်မြို့နယ် အသက်(၂၂) နှစ်အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ရာ ဗိုလ်လုပွဲတွင် ရွာမအနောက်ရပ်ကွက် (ခ)အသင်းနှင့် ကမ်းနားအလယ်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရွာမအနောက် (ခ)အသင်းက ပထမဆုရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ကစားခဲ့ကြသည့် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ အကောင်းဆုံးအားကစားသမားဆုများ၊ ဂိုးသမားအကောင်းဆုံးအားကစားသမားဆုနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော စော်ဘွားကြီးကုန်းရပ်ကွက်အသင်း စသည်တို့ကို ဆုကလပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော စဥ့်ငူရပ်ကွက်အသင်းနှင့် ရွာမအနောက်ရပ်ကွက် (က) အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ကမ်းနားအလယ်ရပ်ကွက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပထမဆုရရှိသော ရွာမအနောက်ရပ်ကွက် (ခ)အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် တာဝန်ရှိသူများနှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ညဏ်ဟိန်း)

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ဆောင်ရွက်ခဲ့သော ဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ ညီလာခံများတွင် တင်ပြဆွေးနွေးသည့် အချက်များမှာ လွန်စွာတန်ဖိုးရှိသဖြင့် မပျောက်ပျက်စေလိုကြောင်း၊ တစ်နေရာတည်းတွင် တစုတစည်းတည်း လေ့လာနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Internet စာမျက်နှာတွင် A to Z ခေါင်းစဉ်အလိုက်လွှင့်တင်သိမ်းဆည်းထားမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်အခြေအနေ၊ အိမ်နီးချင်းဒေသတွင်း ကမ္ဘာ့နိုင်ငံများ၏ ပြောင်းလဲနေသော ဆေးပညာများကို လေ့လာပြီး ချဉ်းကပ်ပုံနည်းစနစ်များကို လိုအပ်ပါက ဆန်းသစ်တီထွင်ပြောင်းလဲရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အလွန်အားကိုးရသော ခိုင်မာသန်စွမ်းသည့် နည်းပညာလက်ရုံးတစ်ခုဖြစ်ကြောင်း၊ အဖွဲ့ကြီး၏ နည်းပညာဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို ကျန်းမာရေးစီမံကိန်းများ၊ စီမံချက်များ ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာ အစီရင်ခံစာများကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ဦးဆောင်ပြီး ဆီလျော်သလို အသုံးပြုနိုင်ရန်အတွက် စဉ်းစားသုံးသပ်ပြီး အလွန်ကောင်းသော အကြံဉာဏ်များကို လက်တွေ့အသုံးပြုစေလိုကြောင်း။

ဆေးပညာရှင်အဖွဲ့၏ ယခင်ချမှတ်ခဲ့သော ရည်မှန်းချက်များသည် (၁၈) နှစ်ကြာပြီ ဖြစ်သောကြောင့် ယနေ့ခေတ်အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ ပြန်လည်သုံးသပ်စေလိုကြောင်း၊ ပြင်ဆင်ရန် လိုအပ်ပါကလည်း ပုံသေဆုပ်ကိုင်မထားဘဲ ပြောင်းလဲပြင်ဆင်မွမ်းမံသင့်ကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် မျိုးဆက်သစ်များနှင့် မျက်ခြည်မပြတ်စေရန် ဆွေးနွေးပွဲများတွင် ဘွဲ့လွန်ကျောင်းသားများကိုပါ ဖိတ်ကြားတက်ရောက်စေလိုပါကြောင်း။

မြန်မာနိုင်ငံ ကျန်းမာရေးနယ်ပယ်ကဏ္ဍကြီးတစ်ခုလုံး ပိုမိုကောင်းမွန်ပြီပြင်စေရန် ထွက်ပေါ်လာမည့် ဆရာဝန်များ၊ ဘွဲ့လွန်ပညာရှင်များ၏ အရည်အသွေး ကောင်းမွန်စေရန်အတွက် လက်တွေ့ကျပြီး မြန်မာနိုင်ငံနှင့် လိုက်ဖက်မည့်နည်းဗျူဟာများ ချမှတ်ပြီး ကဏ္ဍအလိုက်၊ အဆင့်အလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဖွဲ့ကြီး၏ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၏ အကြောင်းအရာခေါင်းစဉ်များမှာ အလွန်အရေးကြီးပြီး ဆေးလောကအတွက် အလွန်အသုံးဝင်သောကြောင့် မြန်မာနိုင်ငံရှုထောင့်မှ ဝိုင်းဝန်းစဉ်းစားပြီး ဘွဲ့လွန်ကျောင်းသားများ၊ ဆေးကျောင်းသားများ၊ ပြည်သူများသာမက စာနယ်ဇင်းသတင်းမီဒီယာများ ပါဝင်သော နှီးနှောဖလှယ်ပွဲတစ်ရပ်ကို အမြန်ဆုံးကျင်းပစေလိုကြောင်း၊ မိမိတို့ကိုယ်ပိုင်ကဲ့သို့ တီထွင်ကြံဆဆောင်ရွက်မည်ဖြစ်သဖြင့် ပိုမိုပီပြင်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက အမှာစကားပြောကြားပြီး သက်ဆိုင်သူများက အစီရင်ခံစာများ တင်ပြ၍ အဖွဲ့ဝင်များက အစီရင်ခံစာအပေါ် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ PET – CT & CYCLOTRON center ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဆိုင်းဘုတ်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲ ပြုလုပ်

မြစ်ကြီးနား စက်တင်ဘာ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲကို ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှဦးစီးပြီး ယနေ့နံနက် ၆ နာရီခန့်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစက်ဘီးစီးပွဲကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လောင်စာဆီ လျှော့ချရေးနှင့် အိုဇုန်းလွှာထိန်းသိမ်းရေးတို့အတွက် အဓိကရည်ရွယ်ပြီး လုပ်ဆောင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်ဘီးစီးနင်းရာတွင် လမ်းတစ်လျှောက် အိုဇုန်းလွှာထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ဘီးစီးပွဲတွင် မြစ်ကြီးနားမြို့ပေါ်မှ Northern Green Bike စက်ဘီးအဖွဲ့၊ X’Rider Bike စက်ဘီးအဖွဲ့နှင့် ကချင်ပြည်နယ်ဝန်ကြီးများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိတ်တို့လည်း ပါဝင်စီးနင်းခဲ့ပြီး စုစုပေါင်း လူဦးရေ ၆၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

(မင်းမင်းဦး)

■

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာများသို့ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

စစ်တွေ စက်တင်ဘာ ၁၆
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ ဒေသခံပြည်သူများအား စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ် ဆင်ဖြူတောင်ကျေးရွာ**(ယာပုံ)**နှင့် ဝါးနက်ရုံကျေးရွာတို့သို့ သွားရောက်ကာ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုကဲ့သို့ လာရောက်ထောက်ပံ့မှုနှင့်ပတ်သက်၍ ဆင်ဖြူတောင်ကျေးရွာမှ ခမီလူမျိုး ဒေါ်သန်းနုက "ဒီရွာက ကြောက်ပြီး ထွက်ပြေးတဲ့သူတွေလည်း ပြန်လာကြပြီ။ အစိုးရက စားဖို့အတွက် အမြဲထောက်ပံ့ပေးနေတော့ စားစရာတော့မပူရဘူး။ ရွာမှာလည်း လုံခြုံရေးတွေရှိနေတော့ နေရတာအဆင်ပြေပါတယ်။ တပ်မတော်သားတွေကလည်း ကျန်းမာရေးကအစ စောင့်ရှောက်ပေးပါတယ်"ဟု ပြောသည်။

ညနေပိုင်းတွင် မောင်တောမြို့နယ် မင်းခမောင်းကျေးရွာ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရီးစဉ်အတွင်း ဒေသခံများအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်အပြင် ဆိုလာမီးအိမ်၊ ဆိုလာဓာတ်မီး၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းအဖွဲ့)

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တောင်ပြိုလက်ဝဲမြို့အတွင်းမှ နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ဒေသခံပြည်သူများ မိမိတို့နေရပ်သို့ ပြန်လည်ဝင်ရောက်

မောင်တော စက်တင်ဘာ ၁၆
ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြသည့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အတွင်းမှ ဒေသခံတိုင်းရင်းသားများသည် နယ်မြေအခြေအနေ တည်ငြိမ်လာသဖြင့် မိမိတို့နေရပ်များသို့ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

တောင်ပြိုလက်ဝဲမြို့အတွင်းမှ ယာယီစခန်းအသီးသီးသို့ နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသူများတွင် ဟိန္ဒူဘာသာဝင်များ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၁၇၈၆ ဦးရှိခဲ့ပြီး ယခုအခါ ၎င်းတို့ မူလနေရပ်များသို့ ပြန်လည်ဝင်ရောက်လာသူ အရေအတွက်မှာ စက်တင်ဘာ ၁၆ ရက်အထိ ၁၆၈၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း တောင်ပြိုလက်ဝဲမြို့ အုပ်ချုပ်ရေးမှူးရုံးမှ ကောက်ယူရရှိသော စာရင်းများအရ သိရသည်။

"စိုးရိမ်ထိတ်လန့်မှုကြောင့် ယာယီစခန်းတွေမှာ ခိုလှုံနေကြတဲ့ ဒေသခံတိုင်းရင်းသားတွေ အခုအချိန်မှာ နယ်မြေတည်ငြိမ်လာတဲ့အတွက် မိမိတို့နေရပ်ကို ပြန်လည်ဝင်ရောက်လာကြပါပြီ။ သူတို့တစ်တွေကို နယ်မြေခံတပ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့ ကျွန်တော်တို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေ ပူးပေါင်းပြီး လမ်းခရီးတစ်လျှောက် လိုက်ပါကူညီပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီမှာသက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေနဲ့ မိခင်တွေအပြင် သူတို့ရဲ့ အသုံးအဆောင်ပစ္စည်းတွေကို မော်တော်ယာဉ်တွေနဲ့ သယ်ယူပို့ဆောင်ပေးခဲ့ပါတယ်"ဟု တောင်ပြိုလက်ဝဲမြို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်က ပြောသည်။

နေရပ်သို့ ပြန်လည်ဝင်ရောက်လာကြသည့် တိုင်းရင်းသားများမှာ တောင်ပြိုလက်ဝဲမြို့ရှိ ရပ်ကွက်(၁)၊ (၂)၊ (၃)၊ (၄)တို့တွင် နေထိုင်ကြသူများနှင့် နံ့သာတောင်၊ မီးတိုက်၊ သာယာကုန်း၊ သဘော်လှကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များဖြစ်ကြပြီး ယာယီစခန်းများမှ နေရပ်သို့ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသေးသည့် လူဦးရေမှာ ၁၀၀ ခန့်ရှိပြီး ၎င်းတို့မှာ သာယာကုန်းကျေးရွာမှဖြစ်ကြောင်း သိရသည်။

သတင်း-မင်းထက်အောင်၊ တင်မောင်လွင်
ဓာတ်ပုံ-မောင်မွေး

နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသော ဒေသခံတိုင်းရင်းသားများနှင့် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေလှူဒါန်း

တောင်ကြီး စက်တင်ဘာ ၁၆
ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရေးဝန်ထမ်းများက ရခိုင်ပြည်နယ် မောင်တောဒေသမှ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရသော ဒေသခံတိုင်းရင်းသားများနှင့် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါဆွေက ရှမ်းပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ၊ တရားရေးဝန်ထမ်းများက လှူဒါန်းသော အလှူငွေစုစုပေါင်း ကျပ် ၃၀၃၃၀၀၀ ကို ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အလှူငွေများကို ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ထံသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီပေါ(ကိုလတ်)

နေရပ်စွန့်ခွာတိမ်းရှောင်နေသည့် ပြည်သူများအတွက် အလှူငွေနှင့် နစ်လက်မရေစုပ်ပန့်များ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၆
စစ်တွေမြို့သို့ နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် ပြည်သူများအတွက် ကြယ်နီဦးလှမြင့် လယ်ယာသုံးစက်ကိရိယာမျိုးစုံနှင့် စက်မှုအထွေထွေပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းမှ အလှူငွေကျပ် သိန်း ၂၀ နှင့် နှစ်လက်မရေစုပ်ပန့်ငါးလုံးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အလှူငွေပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

လူထုဗဟိုပြုစီမံကိန်းအတွက် ငွေကျပ် ၁၀ ဘီလီယံ အသုံးပြု

နွားထိုးကြီး စက်တင်ဘာ ၁၆
နွားထိုးကြီးမြို့နယ် လူထုဗဟိုပြု ပထမနှစ်စီမံကိန်းကို လမ်းတံတား ၉၉ ခု၊ ရေပေးရေး ၁၂ ခု၊ လျှပ်စစ်မီးလင်းရေး ၂၅ ခု၊ ရေရရှိရေး ၂၀ စုစုပေါင်းလုပ်ငန်း ၁၇၀ ကို ၂ ဒသမ ၃ ဘီလီယံ သုံးစွဲခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက ပြောသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး လူထုဗဟိုပြု ငါးမြို့နယ်၊ ရွာ ၁၀၂၉ ရွာ၌ လုပ်ငန်း ၃၂၀ ကို ၁၀ ဘီလီယံ သုံးစွဲ၍ ကျေးလက်လူထု တစ်သန်းကျော်အတွက် အကောင်အထည်ဖော်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ၄၇ မြို့နယ် အကောင်အထည်ဖော်ရန် စီမံချက်ချထားကြောင်း သိရသည်။

(ဌေးမြင့်မောင်)

ဘူးသီးတောင်မြို့နယ် ဒေသခံတိုင်းရင်းသားကျေးရွာများနှင့် အစ္စလာမ်ဘာသာဝင်ကျေးရွာများအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သစ်ရင်းကျေးရွာမှ အစ္စလာမ်ဘာသာဝင်များအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးစဉ်။

စစ်တွေ စက်တင်ဘာ ၁၆

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာများနှင့် အစ္စလာမ်ဘာသာဝင်ကျေးရွာများအား စားနပ်ရိက္ခာ ကူညီထောက်ပံ့မှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်မှုနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ပူးပေါင်း၍ ကျေးရွာများသို့ ကူညီထောက်ပံ့ပေးခဲ့သည်။

"ဒီနေ့ကျွန်တော်တို့ဌာနက ပြည်နယ်အစိုးရနဲ့ပူးပေါင်းပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် အခက်အခဲကြုံတွေ့နေရတဲ့ တိုင်းရင်းသားတွေနဲ့ အကြမ်းဖက်မှုကို လက်မခံဘဲ အေးချမ်းစွာနေထိုင်လိုတဲ့ အစ္စလာမ်ဘာသာဝင်တွေနေထိုင်ရာ ကျေးရွာတွေကို ပြည်ပနိုင်ငံတချို့က လှူဒါန်းတဲ့ ဆန်အပါအဝင် ဌာနအနေနဲ့ ဆီ၊ ဆား၊ ပဲတို့ကို လတ်တလော စားနပ်ရိက္ခာ အဆင်ပြေအောင် ကူညီထောက်ပံ့နေပါတယ်။ အခုဆိုရင် နေရပ်တိမ်းရှောင်လာတဲ့ စုရပ်အားလုံးကိုလည်း ကျွန်တော်တို့ဌာနအနေနဲ့ စားနပ်ရိက္ခာတွေ ကူညီထောက်ပံ့ပေးပြီးလို့ အခုလိုကျေးရွာတွေကို ဆက်လက်ကူညီထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ နောက်နေ့မှာလည်း မောင်တောဒေသအတွင်းမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်ကျေးရွာတွေ၊ တိုင်းရင်းသားကျေးရွာတွေကို ဆက်လက်ကူညီထောက်ပံ့ပေးသွားမှာပါ"ဟု ရခိုင်ပြည်နယ် ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းက ပြောသည်။

ကူညီထောက်ပံ့ပေးသော စားနပ်ရိက္ခာများအား ဘာရီဇာကျေးရွာမှ အစ္စလာမ်ဘာသာဝင်များ သယ်ယူထမ်းပိုးနေစဉ်။

ယနေ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းကာ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သော ရွာမကျေးရွာ၊ ဒုံးသိမ်ကျေးရွာ၊ အစ္စလာမ်ဘာသာဝင်များနေထိုင်သော သစ်ရင်းကျေးရွာနှင့် ဘာရီဇာကျေးရွာများရှိ ပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ပဲအပါအဝင် စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးခဲ့သည်။ အဆိုပါကျေးရွာများရှိ အိမ်ထောင်စု ၂၃၀ ကျော်၊ စုစုပေါင်း လူဦးရေ ၁၅၀၀ ခန့်အတွက် ဆန်အိတ် ၁၀၀ ကျော်၊ ဆီပိဿာ ၂၀၀ ကျော်၊ ပဲ ပိဿာ ၂၀၀ ကျော်နှင့် ဆား ပိဿာ ၅၀ ကျော်တို့ကို ကူညီထောက်ပံ့ပေးသည်။ ယင်းကျေးရွာများရှိ အသက်(၉၀)ကျော်အဘွားများကိုလည်း ငွေကျပ်သုံးသောင်းကူညီထောက်ပံ့ပေးမှုများ ပြုလုပ်ခဲ့သည်။

"အခုလို ကျွန်မတို့ရွာကို ဆန်၊ ဆီ၊ ဆားနဲ့ ပဲတွေကို ကူညီထောက်ပံ့ပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ခုဆိုရင် ကျွန်မတို့ရွာမှာ စားနပ်ရိက္ခာအခက်အခဲဖြစ်နေတဲ့ အချိန်ဆိုတော့ ဆား၊ အချိုမှုန့်ကအစ အိမ်ထောင်စုတိုင်း လိုအပ်နေတာပါ။ ကျွန်မတို့အနေနဲ့လည်း အေးအေးချမ်းချမ်းပဲ လုပ်ကိုင်စားသောက်ချင်ပါတယ်။ ခုလိုဖြစ်လိုက်တော့ အရင်ကတည်းက အေးအေးချမ်းချမ်းနေခဲ့တဲ့ ဒီရွာက မိသားစုဝင်တွေအားလုံး ဒုက္ခရောက်ကြရတယ်။ ဘယ်မှလည်း မသွားရဲ၊ မလာရဲကြဘူး။ တောင်ယာလုပ်ငန်းတွေဆိုလည်း ပစ်ထားရတာ ခုဆိုရင် တော်တော်လေးကြာနေပြီ။ အမှန်အတိုင်းပြောရရင် အခုလိုအကြမ်းဖက်လုပ်ရပ်ကို ကျွန်မတို့ ကျေးရွာပြည်သူတွေအနေနဲ့ ဘယ်သူကမှ လက်မခံပါဘူး" ဟု ဘူးသီးတောင်မြို့နယ် ရွာမအုပ်စု သစ်ရင်းကျေးရွာမှ မချော်ဘီကာ ကပြောသည်။

သစ်ရင်းကျေးရွာမှ မချော်ဘီကာ။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မောင်တောဒေသအတွင်း နေရပ်စွန့်ခွာပြည်သူများ ခိုလှုံရာစုရပ်များသို့ စားနပ်ရိက္ခာ ကူညီထောက်ပံ့ပေးမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းကာ တပ်မတော်ရဟတ်ယာဉ်များဖြင့် လည်းကောင်း၊ စက်လှေများဖြင့် လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း အလျဉ်းသင့်သလို ကူညီထောက်ပံ့ပေးလျက်ရှိပြီး ယခုအခါစုရပ်များ၌ စားနပ်ရိက္ခာအတော်များများ ပြည့်စုံမှုရှိလာပြီဖြစ်၍ ကျေးရွာများသို့ ကူညီထောက်ပံ့ပေးမှုများ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာ ၁၇ ရက်တွင်လည်း မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများနှင့် အစ္စလာမ်ဘာသာဝင်ကျေးရွာများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် စားနပ်ရိက္ခာများ ဆက်လက်ကူညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းအဖွဲ့)**

မသင်္ကာသူ ၁၆ ဦးအား ဖမ်းဆီးစစ်ဆေး အမှုဖွင့်အရေးယူ လက်လုပ်မိုင်းဟောင်း တစ်လုံး တွေ့ရှိသိမ်းဆည်း

နေပြည်တော် စက်တင်ဘာ ၁၆

မောင်တောမြို့နယ် နယ်မြေ(၃)ကျီးကျွန်းရဲကင်းစခန်း တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အလယ်ချောင်းအတိုင်း တောင်ဘက်မှ ကျီးကျွန်းရဲကင်းစခန်းဘက်သို့ လှော်ခတ်လာသည့် လောင်းလှေနှစ်စင်းအား ရပ်တန့်ရန် အော်ဟစ်တန့်တားခဲ့ရာ ဆက်လက်လှော်ခတ်နေသဖြင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်၍ တားဆီးစစ်ဆေးခဲ့သည်။

လှေပေါ်ပါသူများကိုစစ်ဆေးရာ လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် ဦးခေါင်း/ယာပခုံး ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဂုံးနားကျေးရွာနေ ဇာဟတ်တူဆောင်း(၅၀)နှစ်နှင့် ကျွန်းခေါင်းကျေးရွာနေ မာမွတ်ဆလာမ်(ခ)ဆီရှူး(၆၀)နှစ် အပါအဝင် အမျိုးသားလေးဦးနှင့်အတူ ဓားရှည် လေးလက်တို့ကို သိမ်းဆည်းရမိသည်။

ကျန်လှေတစ်စင်းပေါ်မှ ကျွန်းခေါင်းကျေးရွာနေ မဆန်နာဝါရာဘေဂွမ်(၄၅)နှစ်ပါ ၁၂ ဦး(အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး၊ ကလေးငယ် ရှစ်ဦး)တို့အား တွေ့ရှိထိန်းသိမ်း၍ စစ်ဆေးမေးမြန်းရာ နယ်မြေ(၅)လောင်းဒုံမှ ထွက်ပြေးလာခြင်းဖြစ်ပြီး နတ်မြစ်အားဖြတ်၍ ကျီးကျွန်းရဲကင်းစခန်းအနီး အလယ်ချောင်းအတိုင်း ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ၁၆ ဦးအနက် မာမွတ်ဆလာမ်(ခ)ဆီရှူးပါ ခြောက်ဦးအား စက်တင်ဘာ ၁၅ ရက်တွင် မောင်တောမြို့နယ်တရားရုံး၌ လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မ ၆(၂)/၆(၃)ဖြင့် တရားရုံးဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးမှ ရာကြီးအမှတ်(၃၉၃/၂၀၁၇)ဖြင့် လက်ခံစစ်ဆေး၍ ထောင်ဒဏ်နှစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။



ဂုံးနားကျေးရွာနေ ဇာဟတ်တူဆောင်း(၅၀)နှစ်သေဆုံးမှုနှင့်ပတ်သက်၍ စက်တင်ဘာ ၁၁ ရက်တွင် မောင်တောမြို့နယ် တောင်ပြိုယာရဲစခန်း၌ သေမှုသေခင်း အမှတ်(၅/၂၀၁၇)ဖွင့်လှစ်စစ်ဆေးလျက်ရှိသည်။

ကျန်အရွယ်မရောက်သေးသော နူရ်ရာမောက်အာရာဖက်ပါ ရှစ်ဦးအား မောင်တောမြို့ မြို့မ(တောင်)ရပ်ကွက်ရှိ ရပ်မိ၊ ရပ်ဖ ဦးပြည်ဝင်းမောင်(ခ)ရော်ဖီးထံသို့ လည်းကောင်း၊ ဇော်မိန်နာရာဘေဂွမ်ပါ နှစ်ဦးအား ၎င်းတို့၏ မိခင်ဖြစ်သူထံသို့ လည်းကောင်း အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။

မောင်တောမြို့နယ် နယ်မြေ(၉)ကျောက်ပန္နတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် ညနေ ၃ နာရီတွင် မောင်တော-အငူမော် ကားလမ်းတစ်လျှောက် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ကျောက်ပန္နရွာကြီးနှင့် ကိုက် ၅၀ ခန့်အကွာ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ ထောင်ထားသည့် အရှည် ၁ ပေ၊ ဒု ၆ လက်မခန့်ရှိ လက်လုပ်မိုင်း(ဟောင်း) တစ်လုံးကို နှစ်ပင်လိမ်ဝါယာကြိုး ၁၀ ကိုက်ခန့်ဖြင့် သွယ်တန်းလျက်တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❏ ကျောဖုံးမှ

မောင်းနှင်ကြရန်နှင့် ခရီးသွားကားများအနေဖြင့် အသင်းများနှင့် ဆက်သွယ်မှုအမြဲရှိနေကြရန် ကားအသင်းတာဝန်ရှိသူများထံ စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက မုံရွာမြို့နယ် ကားအသင်းတာဝန်ရှိသူများက အသိပေးခြင်းများဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနေ့မွန်းလွဲပိုင်းမှာပဲ ညနေမိုးရွာမယ် လေတိုက်မယ်ကြားရပြီး တိုင်းဒေသကြီးအစိုးရကလည်း တစ်ခုခုဖြစ်ရင် နီးစပ်ရာတာဝန်ရှိသူတွေထံ အကူအညီတောင်းနိုင်တယ်ဆိုတာ အသိပေးထုတ်ပြန်ထားတဲ့အတွက် အဖွဲ့စုစည်းပြီးကားအသင်းတွေ ခရီးထွက်ရင်သတိထားသွားကြဖို့နဲ့ ကိုယ့်ကားအသင်းနဲ့ အချိတ်အဆက်မိနေစေဖို့ အသင်းတိုင်းကို အသိပေးထားပါတယ်။ အဓိကကတော့ ညပိုင်းထွက်တဲ့ ရန်ကုန်ကား၊ နေပြည်တော်ကားတွေအနေနဲ့ ပိုသတိထားဖို့ အသိပေးထားပါတယ်"ဟု မုံရွာမြို့နယ် မော်တော်ယာဉ်စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းက ပြောသည်။

လက်ရှိမုံရွာမြို့တွင် ပဲနှမ်းကုန်သည်အများစုအနေဖြင့် လှောင်ကုန်များနည်းပါးနေသည့်ကာလဖြစ်သောကြောင့် မိုးများကာ လေတိုက်မည့်အရေးတွင် ပြောင်းရွှေ့ရမည့်ကိစ္စအပေါ် လှုပ်လှုပ်ရှားရှားမရှိကြောင်း မုံရွာကုန်စည်ဒိုင်ပြန်ကြားရေးတာဝန်ခံ ဦးကြည်လှိုင်ထံမှ သိရသည်။

မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းတွင် ဆိုက်ကပ်ထားသော စက်လှေ၊ အမြန်ရေယာဉ်များနှင့် ပတ်သက်၍ မော်တော်မောင်းသူတစ်ဦးက "သက်ဆိုင်ရာရေယာဉ်ထိန်းသိမ်းရေးကော်မတီကတော့ အခုထိ ဘာမှထွေထွေထူးထူးထုတ်ပြန်တာမရှိသေးပါဘူး။ ဒါပေမယ့် မိုး/ဇလသတင်းကို အမြဲဂရုစိုက်နေကြရတဲ့ စက်လှေသမားတွေအနေနဲ့ ကိုယ့်မော်တော်၊ စက်လှေကို ကမ်းမှာရှိတဲ့ သစ်ပင်ကြီးတွေနဲ့ ခိုင်ခိုင်မြဲမြဲချည်နိုင်မယ့်နေရာတွေမှာ မြဲအောင်ချည်ထားပါတယ်။ ကုန်တင်ကုန်ချကိုလည်း အများကြီးမတင်သေးဘဲ ထိန်းတင်နေပါတယ်" ဟု ဆိုသည်။

မျိုးဝင်းထွန်း(မုံရွာ)

■

○ရှမ်းယူနိုက်တက်မှ

ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ပွဲကိုထိန်းကစားနိုင်ခဲ့ပြီး ရခိုင်ဘက်သို့ ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ၆၅ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း တတိယဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ဟန်ဝူဂျင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲမစမီ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ပွဲစချိန်ကို ညနေ ၃ နာရီခွဲအစား ညနေ ၄ နာရီသို့ ပြောင်းလဲကျင်းပခဲ့ရသည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းက လက်ရှိချန်ပီယံရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့သည့် ရတနာပုံအသင်းသည် ချန်ပီယံကာကွယ်နိုင်ရန် အခွင့်အရေး နည်းသွားခဲ့သည်။ Southern အတွက် ဂိုးများကို ၄၈ မိနစ်တွင် ဟိန်းစိုးဦး၊ ၆၃ မိနစ်တွင် ကောင်းစည်သူတို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ၆၉ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးက ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအတွက်ဂိုးများကို ချိုထွန်း၊ နှင့် အဗ္ဗဒူလာတို့က သွင်းယူခဲ့ပြီး အောင်သူစိုးက ချင်းအတွက် ချေပဂိုး တစ်ဂိုးပြန်သွင်းခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

ဟောင်းနွမ်း၊ စုတ်ပြဲနှင့် ချွတ်ယွင်းငွေစက္ကူများ လျော့နည်းပပျောက်စေရေး သတ်မှတ်ချက်များဖြေလျှော့၍ ဆောင်ရွက်ပေးလျက်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူလူထုလက်ဝယ်ရှိ ဟောင်းနွမ်း၊ စုတ်ပြဲနှင့် ချွတ်ယွင်းငွေစက္ကူများ လျော့နည်းပပျောက်စေရေးအတွက် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအားဖြေလျှော့၍ နှစ်စဉ်စီမံချက်ချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်း

မေး။ ။ ဗဟိုဘဏ်အနေနဲ့ ဟောင်းနွမ်း၊ စုတ်ပြဲနဲ့ ချွတ်ယွင်းငွေစက္ကူတွေနဲ့ ပတ်သက်ပြီး ဒီနှစ်ဘဏ္ဍာရေးနှစ်ကစပြီး အမြဲတမ်းလက်ခံလဲလှယ်ပေးဖို့ ညွှန်ကြားခဲ့တယ်လို့ သိရှိရပါတယ်။ ဒီလိုဟောင်းနွမ်း၊ စုတ်ပြဲနဲ့ ချွတ်ယွင်းငွေစက္ကူတွေနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်နေတဲ့ အခြေအနေကို သိရှိပါရစေ။

ဖြေ။ ။ တစ်ကျပ်တန်ကနေ တစ်သောင်းတန်အထိ ငွေစက္ကူတွေမှာ မျက်နှာစာ တစ်ဖက်မှာ အင်္ဂလိပ်(သို့မဟုတ်) မြန်မာအက္ခရာနဲ့ ဂဏန်းအပြည့်အစုံပါရှိပြီးတော့ မျက်နှာပြင်ဧရိယာဟာ သုံးပုံနှစ်ပုံရှိတဲ့ ငွေစက္ကူတွေအပြင် ထက်ဝက်ကျော်တဲ့ ငွေစက္ကူတွေကိုပါ လက်ခံလဲလှယ်ပေးနေပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဟောင်းနွမ်း၊ စုတ်ပြဲနဲ့ ချွတ်ယွင်းငွေစက္ကူတွေကို ဒီနှစ်ဘဏ္ဍာရေးနှစ်ကစပြီး အမြဲတမ်းလက်ခံလဲလှယ်ပေးဖို့ ဘဏ်တွေကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။

ငွေစက္ကူတွေဟာ အစစ်အမှန်ဖြစ်ပြီးတော့ ဟောင်းနွမ်း၊ စုတ်ပြဲ၊ ဆီစွန်း၊ ဓာတ်ဆေး၊ ဆိုးဆေးစွန်းထားတဲ့ မျက်နှာပြင်ထက်ဝက်ကျော်တဲ့ ငွေစက္ကူတွေကို ကျောဘက်မှာ စက္ကူ ဒါမှမဟုတ် Cello Tape ကပ်ဖို့မလိုဘဲ လက်ခံလဲလှယ်ပေးနေပါတယ်။

ပြီးတော့ ထက်ဝက်ပြတ်ငွေစက္ကူနှစ်ခုကို ဆက်စပ်ထားတယ်။ ဒါပေမယ့် ငွေစက္ကူနံပါတ်နှစ်ဖက်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဖြေလျှော့ပြီးတော့ လဲလှယ်ပေးနေပါတယ်။

ဒီလိုလဲပေးတဲ့နေရာမှာ ဗဟိုဘဏ်ရဲ့ ငွေစက္ကူလဲလှယ်ရေးကောင်တာတွေမှာ တိုက်ရိုက်လဲလှယ်ပေးတာအပြင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေနဲ့ ပုဂ္ဂလိကပိုင်ဘဏ်တွေမှာလည်း လဲလှယ်ပေးနေပါတယ်။ ဗဟိုဘဏ်ရဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဘဏ်ခွဲတွေနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေ၊ ပုဂ္ဂလိကဘဏ်ခွဲတွေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းက မြန်မာ့စီးပွားရေးဘဏ် ၁၈ ဘဏ်၊ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ခွဲခုနစ်ဘဏ်၊ မြို့ပေါ်ဘဏ်တွေရဲ့ ပုဂ္ဂလိကဘဏ်တွေကို ငါးကျပ်တန်ကနေ ငါးရာတန်အထိ တန်ဖိုးငယ်ငွေစက္ကူအသစ်တွေ ခွဲဝေဖြန့်ဖြူးထားရှိပြီးဖြစ်ပါတယ်။ ဒီဘဏ်ခွဲတွေက လဲလှယ်ရရှိတဲ့ဟောင်းနွမ်း၊ စုတ်ပြဲငွေစက္ကူတွေကို ဗုဒ္ဓဟူးနေ့တိုင်း ပြန်လည်အပ်နှံစေပြီး တန်ဖိုးတူငွေစက္ကူသစ်တွေ အစားထိုးဖြည့်တင်းလဲလှယ်ထုတ်ပေးလျက်ရှိပါတယ်။

မေး။ ။ နယ်ဘဏ်တွေမှာ လဲလှယ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။

ဖြေ။ ။ ဗဟိုဘဏ်ရဲ့ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်ဘဏ်ခွဲတွေနဲ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိတဲ့ နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲတွေကို တန်ဖိုးတူ တန်ဖိုးငယ်ငွေစက္ကူအသစ်တွေ လဲလှယ်ပေးနိုင်ဖို့ ငါးကျပ်တန်ကနေ ငါးရာတန်အထိ ငွေစက္ကူအသစ်တွေ ဖြည့်တင်းပေးနေပါတယ်။ ဒီလိုနယ်ဘဏ်ခွဲတွေကနေ လဲလှယ်ရရှိတဲ့ငွေစက္ကူတွေကို ဘဏ္ဍာငွေပေးပို့/သယ်ယူတဲ့နေ့တွေမှာ ပြန်လည်အပ်နှံစေပြီးတော့ တန်ဖိုးတူငွေစက္ကူသစ်တွေနဲ့ အစားထိုးဖြည့်တင်း လဲလှယ်ထုတ်ပေးနေပါတယ်။

ဒီနေရာမှာ လယ်သမားတွေရဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ပေးဆပ်ရာမှာ ဟောင်းနွမ်း၊ စုတ်ပြဲငွေစက္ကူတွေ ပါဝင်နေရင် လက်ခံပေးဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ မြန်မာ့စီးပွားရေးဘဏ်တွေကိုလည်း ဗဟိုဘဏ်ကနေ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

မေး။ ။ ဘဏ်တွေကိုဘယ်လိုခွဲဝေပေးနေတယ်ဆိုတဲ့ အခြေအနေကို သိပါရစေ။

ဖြေ။ ။ မြို့ပေါ်မြန်မာ့စီးပွားရေးဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေအတွက် တစ်ဘဏ်ကို ငွေပမာဏ ကျပ်ခြောက်သန်းနှုန်းနဲ့ ခွဲတမ်းသတ်မှတ်ပြီးတော့ ငါးဆယ်တန်ကနေ ငါးရာတန်အထိ ငွေစက္ကူအသစ်တွေကို လစဉ်ထုတ်ပေးနေပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ YBS ကုမ္ပဏီတွေကို တန်ဖိုးငယ်ငွေစက္ကူအသစ် ၃၁ ဒသမ ၀၄ ကျပ်သန်းနဲ့ ဧရာဝတီဘဏ်လီမိတက်ကို YBS ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ငွေစက္ကူအသစ်ကျပ် ၂၈ သန်းကို ပြီးခဲ့တဲ့ ဩဂုတ်လအကုန်မှာ ဖြည့်တင်းပေးခဲ့ပါတယ်။

မေး။ ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် လစာမှာ ထည့်သွင်းပေးတယ်လို့ သိရပါတယ်။ ဘယ်လမှာ ဘယ်လိုပေးနေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ဟုတ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းလစာတွေကို ဩဂုတ်လမှာ ဝန်ထမ်းအင်အား ၂၃၀၀၃၃ ဦးအတွက် တစ်ရာတန်၊ နှစ်ရာတန်၊ ငါးရာတန်တစ်အုပ်စီ ကျပ် ၈၀၀၀၀ အထိ ထုတ်ပေးခဲ့ပြီးတော့ ယခုလမှာ ပင်စင်စားဝန်ထမ်းတွေကို ဦးစားပေး ထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

City Mart၊ ကုန်စုံဆိုင်၊ ဈေးဆိုင်၊ စားသောက်ဆိုင်တွေမှာ တန်ဖိုးငယ်ငွေစက္ကူအတွက် တန်ဖိုးတူပစ္စည်းကို ငွေအစားပြန်အမ်းတာရှိပါတယ်။ ဒါကြောင့် တန်ဖိုးတူ တန်ဖိုးငယ်ငွေစက္ကူ ပြန်လည်ပေးနိုင်ဖို့ City Mark၊ ကုန်စုံဆိုင်၊ ဈေးဆိုင်၊ စားသောက်ဆိုင်တွေကို လျှောက်လွှာနဲ့ လဲလှယ်ပေးတာ၊ မထသ/YBS တွေကို လဲလှယ်ပေးတာ၊ နိုင်ငံပိုင်ဘဏ်၊ ပုဂ္ဂလိကဘဏ်တွေကိုလစဉ်ခွဲတမ်းနဲ့ ထုတ်ပေးတာတွေအတွက် ငါးဆယ်တန်ကနေ ငါးရာတန်အထိ ငွေစက္ကူသစ်ပမာဏကျပ်သန်း ၈၃၁၂၈ ဒသမ ၉၃ သန်းကို ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။

နယ်မြန်မာ့စီးပွားရေး ဘဏ်ခွဲတွေကို ဘဏ်ကြီး၊ ဘဏ်လတ်၊ ဘဏ်သေးဆိုပြီး လက်အောက်ခံ ဘဏ်အနည်း/အများပေါ်မူတည်ခွဲခြားသတ်မှတ်ပြီးတော့ ဘဏ်ကြီးတစ်ဘဏ်ကို ကျပ် ၁၀ သန်းနှုန်း၊ ဘဏ်လတ်တစ်ဘဏ်ကို ကျပ်ရှစ်သန်းနှုန်း၊ ဘဏ်သေးတစ်ဘဏ်ကို ကျပ်ခြောက်သန်းနှုန်းနဲ့ အချိုးကျခွဲဝေပြီး လစဉ်ဖြည့်တင်းပေးလျက်ရှိပါတယ်။

ဗဟိုဘဏ်ငွေစက္ကူ လဲလှယ်ရေးကောင်တာ(ရန်ကင်း)မှာ ငွေစက္ကူအသစ်နဲ့ တစ်ပတ်ရစ်ငွေစက္ကူတွေကို လဲလှယ်ပေးလျက်ရှိပါတယ်။ လဲလှယ်ပေးတဲ့နေရာမှာ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ စူပါမားကက်တွေနဲ့ ဈေးဆိုင်တွေမှာ လက်ခံရရှိတဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ငွေစက္ကူသစ်၊ တစ်ပတ်ရစ်ငွေစက္ကူတွေနဲ့ တန်ဖိုးတူလဲလှယ်ပေးတာဖြစ်ပါတယ်။

စည်ပင်သာယာဈေးတွေ၊ ဌာနတွေကိုလည်း လဲလှယ်ပေးနေပါတယ်။ လျှောက်လွှာနဲ့ ငွေစက္ကူသစ်တွေကို တန်ဖိုးမတူငွေစက္ကူတွေနဲ့ လဲလှယ်ပေးတာ ဖြစ်ပါတယ်။ ပြင်ပပုဂ္ဂိုလ်တွေနဲ့ အစိုးရဌာနတွေကိုလည်း လျှောက်လွှာနဲ့ လဲလှယ်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်မြို့ရှိ PC ကောင်တာ(မြို့တွင်း)မှာ ကောင်တာတွေခွဲပြီး လဲလှယ်ပေးလျက်ရှိပါတယ်။ ကောင်တာ(၁)က ချွတ်ယွင်းငွေစက္ကူတွေ လဲလှယ်တယ်။ ကောင်တာ(၂)က ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်တယ်။ ကောင်တာ(၃)နဲ့(၄)က နှစ်ဆယ်တန်မှ ငါးရာတန်အထိ ဟောင်းနွမ်းငွေစက္ကူတွေကို တန်ဖိုးတူငွေစက္ကူအသစ်တွေနဲ့ လဲလှယ်ပေးနေပါတယ်။

အစိုးရဘဏ်ဖြစ်ဖြစ်၊ ပုဂ္ဂလိကဘဏ်ဖြစ်ဖြစ် ဘဏ်တွေဟာ အများပြည်သူတွေကို ဝန်ဆောင်မှုပေးနေတဲ့ နေရာတစ်ခုပါ။ ဒီနေရာကို ပြည်သူတိုင်းဝန်ဆောင်မှုရယူနိုင်ပါတယ်။ ဘဏ်တွေနဲ့ဆက်သွယ်ပြီး ငွေစက္ကူအဟောင်းတွေကို လဲလှယ်စေချင်ပါတယ်။ အဟောင်းတွေကို ထပ်ကာသုံးစွဲနေမယ့်အစား လဲလှယ်ပြီး နောက်ဆုံးဗဟိုဘဏ်ဆီရောက်ရှိအောင် ကူညီဆောင်ရွက်ပေးစေလိုပါတယ်။

မေး။ ။ ဘဏ်တွေမှာ ဘယ်လိုအချိန်တွေ သတ်မှတ်လဲလှယ်ပေးတယ်ဆိုတာကို သိပါရစေ။

ဖြေ။ ။ ဗဟိုဘဏ် ကောင်တာတွေမှာ တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ်ဘဏ်လုပ်ငန်းချိန်အတွင်းနဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေနဲ့ ပုဂ္ဂလိကဘဏ်ခွဲတွေမှာက ဗုဒ္ဓဟူးနေ့တိုင်း မဖြစ်မနေ စိစစ်လဲလှယ်ပေးလျက်ရှိပါတယ်။

ငွေစက္ကူလဲလှယ်ချင်တဲ့ ပြည်သူတွေအနေနဲ့ မှတ်ပုံတင်မိတ္တူ၊ လျှောက်လွှာနဲ့အတူ လဲလှယ်လိုတဲ့ပမာဏကို တင်ပြပြီး စိစစ်လဲလှယ်ပေးနေပါတယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတွေအနေနဲ့ ဟောင်းနွမ်း၊ စုတ်ပြဲငွေစက္ကူ အုပ်ပြည့်/စည်းရေအလိုက် တန်ဖိုးတူလဲလှယ်လိုရင်လည်း စိစစ်လဲလှယ်ပေးနေပါတယ်။ လျှောက်လွှာနဲ့အတူ လုပ်ငန်းလိုင်စင် မိတ္တူနဲ့ လာရောက်လဲလှယ်နိုင်ပါတယ်။ တန်ဖိုးကြီး ဒါမှမဟုတ် တန်ဖိုးငယ် ငွေစက္ကူတွေနဲ့ ပြန်လည်လဲလှယ်ပေးနေပါတယ်။

မေး။ ။ ဗဟိုဘဏ်က ချွတ်ယွင်းငွေစက္ကူဆိုပြီး သတ်မှတ်တာလည်းရှိပါတယ်။ ငွေစက္ကူချွတ်ယွင်းအဆင့်ကို ဘယ်လိုသတ်မှတ်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ထက်ဝက်ပြတ်ငွေစက္ကူတွေ၊ မူလအရွယ်အစားအတိုင်းရှိပေမယ့် နှစ်ပိုင်း ဒါမှမဟုတ် အပိုင်းပိုင်းဆက်စပ်ထားတဲ့ ငွေစက္ကူတွေ၊ ဆွေးမြည့်၊ မီးလောင်၊ ဓာတ်ဆေးထိ၊ ပိုးမွှားကိုက်နဲ့ အခြားအကြောင်းတွေကြောင့် ချွတ်ယွင်းပျက်စီးနေတဲ့ ငွေစက္ကူတွေ၊ သွင်ပြင်လက္ခဏာ အရောင်အဆင်းထင်ရှားမှုမရှိတဲ့ ငွေစက္ကူတွေ ဖြစ်ပါတယ်။

ချွတ်ယွင်းငွေစက္ကူကို ဗဟိုဘဏ်ရှိ ငွေလဲလှယ်ရေးကောင်တာတွေမှာ လဲလှယ်နိုင်ပါတယ်။ ချွတ်ယွင်းငွေစက္ကူတွေ တန်ဖိုးလဲလှယ်ရေးဌာနစိတ်ကနေ စိစစ်မယ်။ စိစစ်ပြီးတာဝန်ခံအရာရှိက ခွင့်ပြုနိုင်တဲ့ငွေစက္ကူတွေကို Claim တံဆိပ်ရိုက်နှိပ် လက်မှတ်ထိုးပြီး လဲလှယ်ပေးပါတယ်။ တကယ်လို့ လဲလှယ်ပေးတဲ့ အရာရှိအဆင့်ရဲ့ ခွင့်ပြုနိုင်တဲ့ ဘောင်ကျော်လွန်တဲ့ အမျိုးအစားနဲ့ငွေပမာဏဖြစ်နေမယ်ဆိုရင် အမှုတွဲဖွင့်လှစ်ပြီးတော့ တန်ဖိုးပေးခြင်းကိုလည်း ဆောင်ရွက်ပေးပါတယ်။ အဓိကကတော့ လာရောက်လဲလှယ်တဲ့ ပြည်သူတွေ လွယ်ကူလျင်မြန်စေရေးအတွက် ချွတ်ယွင်းငွေစက္ကူသတ်မှတ်ချက်အချို့ကို ဖြေလျှော့လက်ခံလဲလှယ်ပေးလျက်ရှိပါတယ်။

မီးလောင်၊ ခြကိုက်၊ ဆွေးမြည့်စတဲ့ ငွေစက္ကူတွေကိုတော့ မြန်မာ့စီးပွားရေးဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေမှာ လဲလှယ်လို့မရပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာသာ လဲလှယ်ပေးပါတယ်။ လဲလှယ်တဲ့နေရာမှာ ကိုယ်တိုင်လျှောက်လွှာနဲ့အတူ ပိုင်ဆိုင်တဲ့ ငွေစက္ကူတွေပါဝင်သွားကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနဲ့ မြို့နယ်ရဲတပ်ဖွဲ့ရဲ့ ထောက်ခံချက်(မူရင်းတွေ)၊ သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင်(မိတ္တူတွေ) ပူးတွဲပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲတွေကိုလိပ်မူပြီး ပိုင်ရှင်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လျှောက်ထားရပါမယ်။

လိပ်မူရမယ့် လိပ်စာတွေကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရုံး အမှတ်(၅၅) ရာဇသင်္ဂဟလမ်း ဥတ္တရသိဒ္ဓိမြို့နယ် နေပြည်တော်ခရိုင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ အမှတ်(၁၉၈) ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မန္တလေးဘဏ်ခွဲ(၂၆) လမ်းနှင့် (၈၂)လမ်းထောင့်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)အဆောက်အအုံ ပထမထပ် မန္တလေးမြို့တို့ ဖြစ်ပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားချင်တာ ရှိရင်လည်း ပြောကြားပေးပါ။

ဖြေ။ ။ အစိုးရဘဏ်ဖြစ်ဖြစ်၊ ပုဂ္ဂလိကဘဏ်ဖြစ်ဖြစ် ဘဏ်တွေဟာ အများပြည်သူတွေကို ဝန်ဆောင်မှုပေးနေတဲ့နေရာတစ်ခုပါ။ ဒီနေရာကို ပြည်သူတိုင်းဝန်ဆောင်မှု ရယူနိုင်ပါတယ်။ ဘဏ်တွေနဲ့ ဆက်သွယ်ပြီး ငွေစက္ကူအဟောင်းတွေကို လဲလှယ်စေချင်ပါတယ်။ အဟောင်းတွေကို ထပ်ကာသုံးစွဲနေမယ့်အစား လဲလှယ်ပြီး နောက်ဆုံးဗဟိုဘဏ်ဆီရောက်ရှိအောင် ကူညီဆောင်ရွက်ပေးစေလိုပါတယ်။

ဟုတ်ကဲ့ရှင့်၊ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ရှင်မင်း၊
ဓာတ်ပုံ- ကေကေ

ရွှေတိဂုံစေတီတော်၌ ဒီဇင်ဘာ ၁ ရက်မှစတင်၍ နိုင်ငံခြားသား ဧည့်ဝင်ကြေး ကျပ်တစ်သောင်းသို့ တိုးမြှင့်ကောက်ခံမည်

ရန်ကုန် စက်တင်ဘာ ၁၆

ရွှေတိဂုံစေတီတော်သို့ လာရောက်သော နိုင်ငံခြားသားများ၏ ဧည့်ဝင်ကြေးကို ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ကျပ်တစ်သောင်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး သဘောတူဆုံးဖြတ်ချက်အရ ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ရွှေတိဂုံစေတီတော်သို့ လာရောက်သော နိုင်ငံခြားသားများအား ဧည့်ဝင်ကြေးကောက်ခံရာတွင် တစ်ဦးလျှင် ကျပ်ရှစ်ထောင် ကောက်ခံလျက်ရှိပြီး ယင်းထုတ်ပြန်ချက်အရ လာမည့် ဒီဇင်ဘာ ၁ ရက်မှစတင်၍ ကျပ်တစ်သောင်းနှုန်းဖြင့် ကောက်ခံသွားမည်ဟု သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေ ၂၉ တွင် ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဇုန်ဝင်ကြေးများကို နိုင်ငံခြားငွေဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့် လည်းကောင်း ဝန်ကြီးဌာနက သတ်မှတ်သောနှုန်းဖြင့် ကောက်ခံနိုင်သည်။ ဇုန်ဝင်ကြေး သတ်မှတ်ချက်ကို ဝန်ကြီးဌာနက အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်ဟုပါရှိပြီး နည်းဥပဒေပြဋ္ဌာန်းချက်အရလည်းကောင်း၊ ယခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကျင်းပသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၇/၂၀၁၇) ဆုံးဖြတ်ချက်အရလည်းကောင်း ရွှေတိဂုံစေတီတော်သို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက် ဝင်ကြေးကို တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဒီဇင်ဘာ ၁ ရက်မှ စတင်ကောက်ခံသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ စက်တင်ဘာ ၁၃ ရက်က သက်ဆိုင်ရာအသီးသီးသို့ အကြောင်းကြား ထုတ်ပြန်ခဲ့သည်။

ယင်းသို့ ရွှေတိဂုံစေတီတော်၏ နိုင်ငံခြားသား ဧည့်ဝင်ကြေးကို ပြီးခဲ့သည့် မေလကတည်းက တိုးမြှင့်ကောက်ခံရန် စီစဉ်ခဲ့သော်လည်း ခရီးသွားလုပ်ငန်းရှင်များက ခြောက်လခန့် ကြိုတင်ကြေညာဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုမှုများကြောင့် လာမည့် ဒီဇင်ဘာတွင် တိုးမြှင့်ကောက်ခံသွားမည်ကို ကြေညာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"အခုကောက်နေတာက ငွေကျပ် ၈၀၀၀ ဆိုတော့ နှစ်ထောင်ပဲ တိုးသွားတာ။ သက်ဆိုင်ရာက တိုးကောက်တဲ့အပေါ်မှာ ပေးအပ်ရမှာပါ။ ဒါပေမယ့် ဝန်ဆောင်မှုပိုင်းတွေလည်း ပိုပြီးကောင်းအောင်နဲ့ လုံခြုံရေးပိုင်းတွေ၊ သန့်ရှင်းရေးပိုင်းတွေမှာ အခုထက် ပိုကောင်းအောင် ဆောင်ရွက်ဖို့လည်း လိုပါတယ်"ဟု ဝါရင့်ပြင်သစ်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

(၀၀၁)

နိုင်ငံအဆင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေး မူဝါဒရေးဆွဲရန်ညှိနှိုင်း

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံအဆင့် အစားအသောက်အန္တရာယ်ကင်းရှင်းရေး မူဝါဒရေးဆွဲရန် FDA နှင့် နှီးနွှောဆက်စပ်သောဌာနများမှ အဆင့်မြင့်အရာရှိကြီးများ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ကမ်းပင်စကီဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် အစားအသောက်အန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး ပြည့်မီရေးသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးသည် စိုက်ပျိုးရေး၊ မွေးမြူထုတ်လုပ်သည့်အဆင့်မှ အစပြုပြီး သုံးစွဲစားသောက်သည်အထိ အဆင့်တိုင်းတွင် အရေးကြီးကြောင်း၊ သက်ဆိုင်ရာအဆင့်တိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစံနှုန်းများကို လိုက်နာဆောင်ရွက်နိုင်ပါမှ အန္တရာယ်ကင်းသည့် အစားအသောက်ကို ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအသောက် ကွင်းဆက်တစ်လျှောက်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လွှတ်တော်တွင် တင်သွင်းဆုံးဖြတ်ထားသည့်ကိစ္စရပ်အပေါ် မဟာဗျူဟာမြောက် ဆောင်ရွက်နိုင်ရန် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာ အလေ့အထများနှင့်အညီ လိုက်နာဆောင်ရက်ရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရန်လည်း လိုအပ်သည်။

အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး ဖော်ဆောင်ရာတွင် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏ အင်အားနှင့် ဆောင်ရွက်၍မရဘဲ သက်ဆိုင်ရာဌာနများမှ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူ၊ သိုလှောင်ဖြန့်ဖြူး ရောင်းချသူများ၊ နည်းပညာရပ်ဆိုင်ရာ ပညာရှင်များ ကဏ္ဍအလိုက် ပါဝင်လှုပ်ရှားဆောင်ရွက်မှသာလျှင် အနာဂတ်တွင် အားလုံးလိုလားသည့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ပါမောက္ခ အလန်ရှိုင်လေက မြန်မာနိုင်ငံ၏ အစားအသောက် လုံခြုံမှု မူဝါဒစိန်ခေါ်မှုများ၊ အစားအစာထိန်းချုပ်မှုရှိသည့် လုပ်ငန်းတာဝန် လိုအပ်ချက်များ၊ အစားအစာထိန်းချုပ်မှုနှင့် အကောင်အထည်ဖော်မှုတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပုလဲမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းစစ်ဆေးကုသ

ပုလဲ စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန ဓာတ်မှန်အထူးကုဆရာဝန်ကြီး ဒေါက်တာလင်းထက်ဦးနှင့်အဖွဲ့သည် ပုလဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ စက်တင်ဘာ ၁၄ ရက်က ပုလဲမြို့နယ် ပိတောက်ကုန်းကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက် ရွှေနှင့် မြဓမ္မာရုံ၌ တီဘီရောဂါအကြောင်း ပညာပေးဟောပြောပွဲနှင့် ကျန်းမာရေး စောင့်ရှောက် စစ်ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒေါက်တာလင်းထက်ဦးက ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် တီဘီရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရမည့် လုပ်ငန်းစဉ်များ၊ တီဘီရောဂါတိုက်ဖျက်ရေးအတွက် ပညာပေးဟောပြောပွဲများ ဆောင်ရွက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုလဲမြို့နယ်အတွင်းရှိ ဝမ်းဘဲချိုင့်၊ ကန့်ဒေါင့်၊ အောင်ချမ်းသာ၊ တောင်ရွာသစ်၊ ကုန်းရွာ၊ လဲကန်၊ မုံပင်၊ မိုးကောင်း၊ ရှားတောကျေးရွာနှင့် အိုင်းမကျေးရွာတို့မှ လာရောက်ပြသကြသည့် တီဘီရောဂါ သံသယရှိသူ ၁၃၈ ဦးကို အခမဲ့ဓာတ်မှန်ရိုက်၍ စစ်ဆေးရာ တီဘီရောဂါပိုးရှိသူ ခြောက်ဦး တွေ့ရှိခဲ့သဖြင့် ဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

■

ကလေးသူငယ် ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၆

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းမှုဖြင့် ကလေးသူငယ်ဘေးကင်းလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ နဒီမြန်မာဟိုတယ်၌ ကျင်းပသည်။

ခရီးသွားကဏ္ဍပေါင်းစုံတွင် ပါဝင်ပတ်သက်လျက်ရှိသော ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် အသုံးချမှုကို ကာကွယ်ရေးနှင့် ထိုပြစ်မှုများတွေ့ရှိလာပါက မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်စေရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် အသုံးချမှုမဖြစ်ပေါ်စေရန် မန္တလေးရုံးခွဲလက်အောက်ရှိ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုရိပ်သာများတွင် "နိုင်ငံခြားသားဧည့်သည်များနှင့်အတူ မြန်မာနိုင်ငံသား ကလေးသူငယ်များကို အိပ်ခန်းများအတွင်း မဝင်စေရ" သတိပေးဆိုင်းဘုတ်များကို ဩဂုတ် ၁ ရက်မှစ၍ ချိတ်ဆွဲထားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်အဖြစ် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာဂေါက်ကွင်း၌ စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အကြီးတန်းပရော်ဖက်ရှင်နယ်အဆင့်၊ ဝါသနာရှင်အဆင့်များတွင် အမျိုးသား(H'cap 0-12)၊ အမျိုးသမီး (H'cap 0-18) နှင့် Junior အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ကျေးရွာငါးရွာသို့ ထပ်မံလွှဲပြောင်းပေးအပ်

ထီးချိုင့် စက်တင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာငါးရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးခန်း၌ ကျင်းပသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာ ငါးရွာအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို တာဝန်ရှိသူများက ပေးအပ်ရာ မြစိမ်းရောင်ကျေးရွာကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူသည်။

ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာတစ်ရွာ၊ ၂၀၁၅-၂၀၁၆ တွင် ကျေးရွာကိုးရွာ၊ ၂၀၁၆-၂၀၁၇ တွင် ကျေးရွာခြောက်ရွာကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စပ်စားရွာ၊ ငွေးပင်ချောင်းရွာ၊ ဆပ်ကျကျွန်းရွာ၊ အင်းတိန်ရွာ၊ ပျဉ်းစုရွာတို့ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ခဲ(ထီးချိုင့်)**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖျော်ဖြေရေးဆွေးနွေး

တောင်ကြီး စက်တင်ဘာ ၁၆

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက သီချင်းစိစစ်ရွေးချယ်ရေး စည်းမျဉ်း၊ စည်းကမ်းများ ထုတ်ပြန်နိုင်ရေး၊ အကဲဖြတ်ဒိုင်အဖွဲ့ ဖွဲ့စည်းရေးတို့ကို တင်ပြခဲ့ကြသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဒေသခံအနုပညာဝါသနာရှင်များ ရေးစပ်သီကုံးထားသည့် တေးသီချင်းကို ကော်မတီမှ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် အသင့်အသုံးပြုနိုင်မည့်သီချင်းကို အနုပညာဝါသနာရှင် တစ်ဦးလျှင် သီချင်းတစ်ပုဒ်သာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စီဒီခွေနှင့်အတူ အောက်တိုဘာ ၁၂ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပြီး စိစစ်ရွေးချယ်ရေးကော်မတီသို့ ပေးပို့နိုင်ပြီး အသေးစိတ်စည်းကမ်းချက်များကို ကြေညာပေးသွားမည်ဖြစ်သည်။ **(၆၆၁)**

ငှက်ဖျားရောဂါတိုက်ဖျက်ရေး မွမ်းမံသင်တန်းဖွင့်

မင်းလှ စက်တင်ဘာ ၁၆

မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ တိုင်းဒေသကြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ ငှက်ဖျားရောဂါတိုက်ဖျက်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများမှ ကျန်းမာရေးဝန်ထမ်းများ ၁၀၂ ဦးကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့လျှင် သင်တန်းသား ၅၁ ဦးကို သင်တန်းကာလ နှစ်ရက်စီဖြင့် ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးဖြစ်ပေါ်ကြုံတွေ့ရတတ်သည့် အခြေအနေများကို ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

ရွှေပြည်သာမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ Nibban အီလက်ထရွန်နစ်အရောင်းပြခန်းတွင် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်သည့်အကြောင်းရင်းမှာ စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခန့်က အဆိုပါဆိုင်သို့ ရေခဲသေတ္တာဝယ်ယူသူတစ်ဦးအား ရေခဲသေတ္တာ စမ်းသပ်ပြစဉ် မီးပျက်သွားကြောင်း၊ ထို့နောက် ဆိုင်ရှိမီးခလုတ်များကိုမပိတ်ဘဲ ထားခဲ့ရာမှ ရေခဲသေတ္တာကွိုင်အပူလွန်ကဲ၍ မီးလောင်ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ရေခဲသေတ္တာ သုံးလုံး၊ လေအေးပေးစက် နှစ်လုံး၊ အဝတ်လျှော်စက် ခုနစ်လုံး၊ ပန်ကာ ၁၀ လုံး၊ အဲကွန်း ခြောက်လုံး၊ အသားကင်စက် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၆ စီး၊ ကွပ်ကဲမှုယာဉ် တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၇၉ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်မန်နေဂျာ ဒေါ်ဌေးဌေးလှိုင်ကို ရွှေပြည်သာ

မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဇာနည်မောင်)

❐

အမြန်လမ်းမကြီး၌ CROWN ယာဉ်က မန္တလာမင်း ခရီးသည်တင်ယာဉ်ကို ဝင်တိုက်

နေပြည်တော် စက်တင်ဘာ ၁၆

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၀၀/၁)နှင့်(၁၀၀/၂) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော CROWN မော်တော်ယာဉ်မှာ ယနေ့ ညနေ ၃ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကိုကျော်တက်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိစဉ် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးစောကျော်စေး မောင်းနှင်လာသော မန္တလာမင်း ခရီးသည်တင်မော်တော်ယာဉ်၏ ရှေ့ဝဲဘက်ဦးခေါင်းကို ဝင်တိုက်မိကာ လမ်းမပေါ်၌ ရပ်တန့်ခဲ့သည်။ မန္တလာမင်းယာဉ်မှာ လမ်းယာဘက်ဘေးရှိ ရေမြောင်းထဲသို့ ရောက်ရှိရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် မန္တလာမင်းယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၁ ဦးတို့မှာ ထိခိုက်မှုမရှိဘဲ CROWN ယာဉ်မှ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

သံတိုသံစပုံထဲမှ သေနတ်နှစ်လက်နှင့် ကျည်ဆန်များတွေ့ရှိ

မှော်ဘီ စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန် သံရည်ကျိုစက်ရုံတွင် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက ကားပေါ်မှချပုံထားသော သံတိုသံစပုံပိုက်လုံးအတွင်းမှ ကာဘိုင်တစ်လက်၊ M 16 တစ်လက်နှင့် ကျည်ဆန်များ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါသံတိုသံစများကို စက်တင်ဘာ ၁၄ ရက်က မော်တော်ယာဉ်အမှတ် 4G/---- ကင်တာယာဉ်က လာရောက်ချထားခြင်းဖြစ်ပြီး သံတိုသံစများကို သံရည်ကျိုရန် အမျိုးအစားများခွဲခြားရာမှ အလုပ်သမားများကတွေ့ရှိခဲ့ရာ စက်ရုံပိုင်ရှင်က မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့သို့ သတင်းပို့ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်မှူး ရဲမှူးမောင်မောင်နှင့်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

ကန့်သတ်ကုန်စည်နှင့် တရားမဝင်ကုန်စည်များ စစ်ဆေးဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၁၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဖွင့်လှစ်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကန့်သတ်ကုန်စည်ဖြစ်သည့် ဘီယာများနှင့် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာမှုကို စက်တင်ဘာ ၁၅ ရက်က ရေပူစစ်ဆေးရေးဂိတ်စခန်းတွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

စက်တင်ဘာ ၁၅ ရက်က မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ် တစ်စီး၊ Nissan ၂၂ ဘီးယာဉ် နှစ်စီး၊ PE ၁၂ ဘီးယာဉ် တစ်စီး၊ Toyota Wish တစ်စီးနှင့် Dyna ခြောက်ဘီးယာဉ် တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer (1x12) (290)Pks နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည့် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်း ၁၅ မျိုး(စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၁၃၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့

ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၁၃၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၀၁၀ သန်းခန့်)၊ စုစုပေါင်း တားဆီးမှု ၁၀ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁ ဒသမ ၁၄၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

တိုက်ကြီးမြို့နယ် သစ်ဖြတ်ချောင်းအတွင်းမှ ပုံးသီးဟောင်းတစ်လုံးတွေ့ရှိ

တိုက်ကြီး စက်တင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် အငယ်ကောင်(၃၅)နှစ်နှင့် သက်နိုင်(၃၀)နှစ်တို့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခန့်က သစ်ဖြတ်ချောင်းအတွင်း၌ ငါးဖမ်းနေစဉ် ချောင်းအတွင်းမှ အလျား ၁၁ လက်မခန့်၊ လုံးပတ် ၁၀ လက်မခန့်၊ အလေးချိန် ခုနစ်ပေါင်ခန့်ရှိ ပုံးသီးဟောင်းဟုယူဆရသည့် သံချေးတက်နေသော အလုံးတစ်လုံးတွေ့ရှိရသဖြင့် အိုးတန်းရာအိမ်မှူး ဦးသန်းစိုးက တိုက်ကြီးရဲစခန်းသို့ လာရောက်အပ်နှံခဲ့သည်။ ယင်းပုံးသီးဟောင်းကို ရဲစခန်းအတွင်း စနစ်တကျသိမ်းဆည်းထားရှိပြီး တိုက်ကြီးမြို့ အမှတ်(၁၁) တပ်မတော်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ အကြောင်းကြားရာ ယင်းမှတစ်ဆင့် အမှတ်(၉၀၅) စစ်မြေပြင် အင်ဂျင်နီယာတပ်(ညောင်တုန်း)သို့ အပ်နှံခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

မိုးညှင်းမြို့တွင် အမျိုးသမီးများထံ လိုက်လံလုယက်သူ သုံးဦးအား ဖမ်းဆီးမိ

မိုးညှင်း စက်တင်ဘာ ၁၆

မိုးညှင်းမြို့နယ်အတွင်း အမျိုးသမီးများနောက် ဆိုင်ကယ်ဖြင့်လိုက်ပြီး ငွေကြေးများ လိုက်လံလုယက်နေသူသုံးဦးကို စက်တင်ဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သုံးဦးမှာ မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု ပြည်ထောင်ကျေးရွာနေ ချစ်တီး(ခ)ချစ်ဦး၊ မျိုးလှိုင်ဝင်း၊ စစ်ကိုင်းမြို့နယ် မအူပင်ကျေးရွာအုပ်စု သာဒွန်နံ့ကျေးရွာနေ အာကာ(ခ)သိန်းသိန်းအောင် ဆိုသူတို့ဖြစ်ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ နတ်ကြီးကုန်းရပ်ကွက်နေ အသက်(၂၃)နှစ်ရှိ မနန်းလဲ့လဲ့ဝင်း ဆိုသူသည် စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲက High Way မုန့်ဆိုင်မှ မုန့်ဝယ်ပြီး ဆိုင်ကယ်ဖြင့် မြသိန်းတန်ဘုရားကြီး အရှေ့မုခ်ပေါက်လမ်းအတိုင်း အိမ်ဘက်သို့ပြန်ခဲ့ရာ ၎င်းတို့သုံးဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ကပ်လျက်လိုက်ပါလာပြီး ပိုက်ဆံအိတ်ကို လုယူထွက်ပြေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီခန့်ကလည်း ရွာသစ်ကုန်းရပ်ကွက် ရွာလယ်လမ်းဆုံ၌ စက်ချုပ်ဆိုင်မှ နေအိမ်သို့ ဆိုင်ကယ်ဖြင့် ပြန်လာသူ အသက်(၁၈)နှစ်ရှိ မထက်ထက်ဆိုသူထံ အဆိုပါ လူသုံးဦးတို့က ဆိုင်ကယ်ဖြင့် ချဉ်းကပ်လာပြီး ဘေးလွယ်အိတ်ကို ဆွဲလုသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များကို မိုးညှင်းရဲစခန်းသို့ တိုင်ကြားခဲ့ကြရာ နယ်ထိန်းအဖွဲ့က လိုက်လံစုံစမ်းနေစဉ် လုယက်သူသုံးဦးသည် မိုးညှင်းနှင့် ငါးမိုင်ကွာဝေးသောနေရာရှိ ဘီလူးမြို့သို့ရောက်ရှိပြီး အမျိုးသမီးတစ်ဦးထံမှ ထပ်မံလုယက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုယက်သူသုံးဦးကို မိုးညှင်းမြို့မရဲစခန်းက အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(မင်းမင်းဦး)

အမြန်လမ်းတွင် Nissan မော်တော်ယာဉ်နှင့် Mark II ယာဉ်တို့တိုက်မိ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၁၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၁၉၁/၇)နှင့် (၁၉၂/၀)အကြား မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း နိုင်မိုးလတ် မောင်းနှင်လာသော Nissan ယာဉ်မှာ ယနေ့ညနေ ၅ နာရီ ၄၅ မိနစ်က အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ယာဉ်မောင်း အေးမင်းစိုးမောင်းနှင်နေသော Mark II ယာဉ်အား ဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်ကြောင့် Nissan ယာဉ်ပေါ်ပါ နှစ်ဦးမှာ ထိခိုက်မှုမရှိသော်လည်း Mark II ယာဉ်ပေါ်ပါ အမျိုးသား နှစ်ဦး၊ အမျိုးသမီးနှစ်ဦးအနက် အမျိုးသမီး တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူရုပ်အလောင်းအား ပလွေးအမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ Nissan ယာဉ်မောင်းအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ညီညီသန်း(နေပြည်တော်)
ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့

ရွှေမန္တလေးဆီသို့ ချီလေတဲ့ Lethwei Nation Fight-2

ဩဂုတ် ၂၀ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပခဲ့သော ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးနောက်ပိုင်း ရိုးရာလက်ဝှေ့ပွဲကြီးသတင်း ပျောက်ကွယ်သွားခဲ့သည်မှာ စက်တင်ဘာလအထိပင်ဖြစ်ခဲ့သည်ဟု ဆိုရပေမည်။ စက်တင်ဘာ ၃ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဘော့ဒိုင်းကျေးရွာ၌ ကျင်းပခဲ့သော ရိုးရာလက်ဝှေ့ပွဲများကလည်း ဒေသတွင်းပွဲအနေအထားဖြစ်သည့်အတွက် ပွဲကြိုဂယက်သာမက ပွဲပြီးဂယက်ပါ သိပ်မကျယ်ပြန့်ခဲ့ပါ။ ထိုသို့ရှိနေခဲ့ရာမှ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက သိမ်ဖြူ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံဝင်းအတွင်းရှိ Phoenix မြန်မာ့ရိုးရာလက်ဝှေ့လေ့ကျင့်ရေးခန်းမ၌ကျင်းပသော စာနယ်ဇင်းမိတ်ဆက်ပွဲတစ်ရပ်ဖြင့် ပွဲကြိုဂယက်တစ်ခု စတင်လိုက်သည်။

သို့ရာတွင် ပွဲပြီးဂယက်ဖြစ်ပေါ်မည့်နေရာကတော့ မန္တလေးမြို့ ဒိုင်းမွန်းပလာဇာတွင်ဖြစ်နေပြန်သည်။ Phoenix Gym ၌ ကျင်းပသည့် စာနယ်ဇင်းမိတ်ဆက်ပွဲဆိုသည်မှာ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ၌ ကျင်းပမည့် Lethwei Nation Fight-2 မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအကြောင်း စာနယ်ဇင်းများကို ကြိုတင်အသိပေးပြောကြားခြင်းပင်ဖြစ်သည်။

ပုံမှန်အားဖြင့်ဆိုလျှင် မန္တလေးနယ်မြေသည် ဒေသခံပွဲစီစဉ်သူများသာ အောင်အောင်မြင်မြင်စီစဉ်နိုင်ကြပြီး အခြားဒေသမှ ပွဲစီစဉ်သူများ နယ်ကျွံလာရောက်ရန် ခက်ခဲသည်ဟုဆိုရမည်။ ထိုအခြေအနေကို ပြေလည်စေရန်မှာ လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုစာလောက်က ဒေသတွင်း ပွဲစီစဉ်မှုတွင် အလွန်စွာခဲ့သည်ဟုဆိုရမည့် ကီးမား ဦးတင်ဝင်းနှင့် သွားရောက်ပူးပေါင်းဆောင်ရွက်ခဲ့ဖူးပြီး မန္တလေးရိုးရာလက်ဝှေ့လောကနှင့်လည်း ယခုထိ နွေးထွေးမှုရှိသော ဦးစိုင်းဇော်ဇော်၏ စွမ်းဆောင်ရည်က စကားပြောလာသည်။ မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌလည်းဖြစ် ရိုးရာလက်ဝှေ့ပွဲစီစဉ်မှုတွင် နာမည်ကျော်သော GTG ကို တည်ထောင်သူလည်းဖြစ်သည့် ဦးစိုးမင်း၊ မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူးလည်းဖြစ် လက်ရှိဒေသတွင်း ပွဲစီစဉ်သူလည်းဖြစ်သော ရိုးရာလက်ဝှေ့သမားဟောင်း ဒဿတို့၏ထောက်ခံမှု၊ ကူညီမှုများရရှိစေရန် ဆောင်ရွက်ခဲ့ပြီး ကီးမားဦးတင်ဝင်းအပါအဝင် အထက်မြန်မာပြည် ရိုးရာလက်ဝှေ့အသိုင်းအဝိုင်း၏ နွေးထွေးမှုများကိုပါ ရယူနိုင်သည့်အတွက် Lethwei Nation Fight-2 ကို ရန်ကုန်မှ မန္တလေးသို့ သွားရောက်စီစဉ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ နယ်ကျွံကာ စွန့်စားစီစဉ်မှုတွင် နောက်ထပ်စွန့်စားမှုများပါဝင်နေသည်ကို တွေ့ရပြန်သည်။ မန္တလေးတွင် ရိုးရာလက်ဝှေ့ပွဲများ ကျင်းပသည့်ရက် ရွေးချယ်ပုံက ရန်ကုန်ကဲ့သို့ တနင်္ဂနွေနေ့ကို အဓိကမထားဘဲ လဆန်း၊ လဆုတ် ဥပုသ်ရက်များကိုသာ အဓိကထားလေ့ရှိသည်။ ဥပုသ်နေ့သည် မန္တလေးတွင် အစဉ်အလာ ဈေးပိတ်ရက်ဖြစ်ပြီး အများပြည်သူအားလပ်ရက်ဟုလည်း ခေါ်ဆိုနိုင်လောက်ပေသည်။ ထို့ကြောင့် ပွဲစီစဉ်သူတို့က ဥပုသ်နေ့ကိုသာ ရွေးချယ်မြဲဖြစ်ကြသည်။ ပွဲကျင်းပချိန်ကလည်း ရန်ကုန်နှင့်ကွဲပြားသည်။ ရန်ကုန်တွင် များသောအားဖြင့် (မျှော်စင်ကျွန်းပွဲ၊ သုဝဏ္ဏရုံပွဲများမှလွဲ၍) မွန်းလွဲချိန်သည် ရိုးရာလက်ဝှေ့ပွဲ စတင်သည့် စံတော်ချိန်ဖြစ်နေသည်။ မန္တလေးတွင်တော့ နေ့ခင်းအပူဒဏ်ကိုရှောင်သည့် သဘောပင်လား၊ ဘိုးဘွားမိဘတို့လက်ထက်ကပင် ကျင့်သုံးခဲ့သောအစဉ်အလာကြောင့်ပင်လား မကွဲပြားစေကာမူ ညနေ ၆ နာရီဝန်းကျင်မှသာ ရိုးရာလက်ဝှေ့ပွဲ စလေ့ရှိသည်။ ပရိသတ်စောင့်ရင်းည ၇ နာရီမှစဖြစ်သော ပွဲများလည်းရှိသည်။

ယခု စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် Lethwei Nation Fight-2 ကတော့ မန္တလေးတွင်ဖြစ်သော်လည်း ရန်ကုန်ပွဲများ ကျင်းပသည့် အစဉ်အလာအတိုင်း တနင်္ဂနွေနေ့ဖြစ်ပြီး ပွဲစချိန်ကလည်း မွန်းလွဲ ၁ နာရီဟု စာနယ်ဇင်းမိတ်ဆက်ပွဲတွင် သိရှိရသည်။ သို့ဆိုလျှင် ပွဲကျင်းပသည့်နေ့နှင့်အချိန်ကတော့ မန္တလေး၏အစဉ်အလာနှင့် သွေဖည်နေသည်ဟုဆိုရမည်ဖြစ်သည်။ ရန်ကုန်အခြေစိုက်ပွဲစီစဉ်သူများဖြစ်သော ဦးစိုင်းဇော်ဇော်နှင့် ဒေါက်တာဖြိုးကိုကိုနိုင်တို့အနေဖြင့် အစွယ်ချွန်၍ နယ်ကျွံသည်ဆိုသောပုံစံမျိုး မန္တလေး၏ ပွဲကျင်းပမှုအစဉ်အလာကို တမင်တကာ ချိုးဖျက်ခြင်းတော့ မဟုတ်နိုင်ဘဲ အခြေအနေတစ်ရပ်ရပ်၏ တောင်းဆိုမှုကြောင့်သာ ဖြစ်ပေလိမ့်ဟု လေ့လာကြည့်မိသည်။

ဥရောပတိုက်ရှိ နာမည်ကျော်ဘောလုံးပွဲများသည်ပင် ရုပ်သံထုတ်လွှင့်မှုနှင့် အဆင်ပြေစေရန် ပွဲချိန်ကို ရှေ့တိုး နောက်ဆုတ်လုပ်ရခြင်းများရှိပေရာ ဒေသတွင်းပရိသတ်များအတွက်သာမက မြန်မာပြည်တစ်ဝန်းလုံးရှိ ရိုးရာလက်ဝှေ့ပရိသတ်များအတွက်ပါ ရုပ်သံထုတ်လွှင့်မှုပြုမည့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲအနေဖြင့် ဒေသအစဉ်အလာနှင့် သွေဖည်သည်မျိုးဖြစ်လာခြင်းဟု တွက်ဆရပေသည်။ ထိုအတွက်လည်း ဒေသတွင်း ပရိသတ်များကို ဒိုင်းမွန်းပလာဇာသို့ လာရောက်စေရန် အနိမ့်ဆုံး ရုံဝင်ကြေး ကျပ် ၅၀၀၀ သာ သတ်မှတ်ထားပြီး အမြင့်ဆုံးရုံဝင်ကြေးကို ကျပ် ၃၀၀၀၀ ထက်မပိုပါဟု စီစဉ်သူ ဒေါက်တာဖြိုးကိုကိုနိုင်က ပြောကြားသည်။

သူ၏ ပြောကြားမှုတွင်ပါဝင်သော တွဲဆိုင်းများကို လေ့လာကြည့်သည့်အခါ မန္တလေး၏အစဉ်အလာအတိုင်း ဖြစ်နေသည်။ ရန်ကုန်တွင် စီစဉ်သော ရိုးရာလက်ဝှေ့ပွဲများကများသောအားဖြင့် ပွဲစဉ် ၁ မှသည် နောက်ဆုံးအဓိကစိန်ခေါ်ပွဲကြီးအထိ လှေကားထစ်များကဲ့သို့ အဆင့်လိုက်မြင့်တက်သွားသည့် ပုံစံဖြင့်ကျင်းပသည်။ မန္တလေးတွင်တော့ အုပ်စုလိုက်သို့မဟုတ် အပိုင်းလိုက်ပုံစံဖြင့် ကျင်းပလေ့ရှိသည်။ မျိုးဆက်သစ်များကို နေရာပေးသည့်အပိုင်းတွင် ပွဲစဉ် ၁၀ ပွဲခန့်ပါဝင်ပြီး လောက်လောက်လားလား ဖြစ်လာသည့် လက်ဝှေ့သမားလေးများချည်း (မည်သည့်တွဲဆိုင်းက အနိမ့်အမြင့်ဟူ၍မရှိ) ငါးဆိုင်း၊ နာမည်ရ ဝါရင့်လက်ဝှေ့သမားများ ငါးဆိုင်းဟူ၍ သုံးပိုင်း၊ သုံးအုပ်စု တစ်ပေါင်းတည်းကျင်းပခြင်းမျိုးဖြစ်သည်။ ယခုကျင်းပမည့် Lethwei Nation Fight-2 တွင် မျိုးဆက်သစ်အပိုင်းကို အချိန်အတိုင်းအတာအရ လျှော့ချထားလိုက်ပုံရသော်လည်း ဒေသခံလက်ဝှေ့သမားများပါဝင်သည့် လောက်လောက်လားလား တွဲဆိုင်း ငါးဆိုင်းက တစ်ပိုင်း၊ ပြည်ပလက်ဝှေ့သမားများနှင့် မြန်မာဘက်မှ နာမည်ကျော်လက်ဝှေ့သမားတို့ ယှဉ်ပြိုင်ကြမည့် တွဲဆိုင်းငါးဆိုင်းက တစ်ပိုင်းဟူ၍ စုစုပေါင်းတွဲဆိုင်း ၁၀ ဆိုင်း တွေ့ရသည်။

ပထမပိုင်းတွဲဆိုင်းများတွင် သက်ကို(မြွေပွေး)နှင့် ကျော်စိုး(ဗမာ့သွေး)တို့ တစ်တွဲသာ လေးချီပွဲဖြစ်ပြီး ဗျူဟာ (ကျားဖြူ)နှင့် စောဖွဲ့အောင်(Adventure)၊ အံ့ဘွား(ကျားဖြူ)နှင့် အောက်ချင်းလေး(တောင်ဇလပ်)၊ ကျော်ကြား(တောင်ကလေး)နှင့် စောဇာနည်(Adventure)တို့က ငါးချီပွဲများဖြစ်သည်။ ထိုအပိုင်းတွင် အမျိုးသမီး တွဲဆိုင်း တစ်ဆိုင်းပါဝင်နေသည်။ နော်ဥမ္မာစိုး(ထွန်းသွင်)နှင့် ရွှေစင်မင်း(မြွေဟောက်မင်း)တို့ဖြစ်သည်။ ယခင်က မြင့်မြင့်ကျော်၊ သီတာကျော်၊ နီလာကျော်၊ နဂါးမယ်၊ မြသီတာ၊ ကြူကြူသင်း၊ သွေးမ စသည်အားဖြင့် အမျိုးသမီးရိုးရာလက်ဝှေ့မယ် အများအပြားထွက်ပေါ်ခဲ့ရာ မန္တလေးနယ်တွင် ယခုအခါ မျိုးဆက်ပြတ်သကဲ့သို့ဖြစ်သွားခြင်းအတွက် ယခု အမျိုးသမီးလက်ဝှေ့ပွဲက ပြန်လည်အစပျိုးရှင်သန်စေလိမ့်မည်ထင်သည်။ နော်ဥမ္မာစိုးက လက်ရှိနာမည်ကျော်နေသော ဂျပန်ပြန် လက်ဝှေ့မယ် ဗရိုနီကာနှင့် တွဲဖက်လေ့ကျင့်နေသူဖြစ်ပြီး ညာလက်သီးပြင်းသည်။ သူက ယခုပွဲဖြင့် နာမည်ပေါက်ဖို့ စိတ်အားထက်သန်နေသူလည်းဖြစ်သည်။ ရွှေဇင်မင်းကတော့ ဗရိုနီကာထက်အရင် မိုမိုကိုနှင့် ရင်ဆိုင်ခွင့်ရပါလျက် အရှုံးတစ်ပွဲ၊ အနိမ့်သရေတစ်ပွဲဖြစ်ကာ ပရိသတ်အမှတ်မဲ့ဖြစ်ခဲ့ရခြင်းကို ခံပြင်းနေသူဖြစ်သည်။ သူ့နောက်မှ မိုမိုကိုနှင့်တစ်ပွဲသာယှဉ်ပြိုင်ရပြီး နာမည်ကြီးလာခဲ့သော ဗရိုနီကာကို ပြန်၍အမီလိုက်ရန် ယခုပွဲစဉ်ဖြင့် ဖိုက်တာမယ်ဖြစ်ကြောင်း ပြသရပေလိမ့်မည်။ သို့ဖြစ်၍ ပထမပိုင်းအုပ်စုက မိန်းကလေးပွဲမှအစ ပရိသတ်လက်ခုပ်သံရမည့်သဘောရှိနေသည်။ ဒုတိယပိုင်းအုပ်စုကတော့ အထူးညွှန်းစရာမလိုလောက်ဟု ဆိုရပေမည်။ ဆရာကြီးဦးအောင်သင်း၏ စကားနှင့်ပြောရလျှင် ရွှေဖလားကို ငွေနားကွပ်ဖို့မလိုတော့သည့်အနေအထားဟု ဆိုနိုင်သည်။ ကရင်လေး(မြန်မာ)နှင့် ဒန်ကရီ(ထိုင်း)၊ စောဖိုးခွား(မြန်မာ)နှင့် ကွန်ကရိုင်(ထိုင်း)၊ ရဲသွေးနီ(မြန်မာ)နှင့် ကိုင်ဟမ်း(ကမ္ဘောဒီးယား)၊ သွေးသစ်အောင်(မြန်မာ)နှင့် ဂိုမက်ဒီဆေးလ်ဗား(ဘရာဇီး)၊ သပြေညို(မြန်မာ)နှင့် နာရူတို(ထိုင်း)တို့ တွဲဆိုင်းများဖြစ်သည်။

ဦးစိုင်းဇော်ဇော်နှင့် ဒေါက်တာဖြိုးကိုကိုနိုင်တို့ တူအရီးကို မန္တလေးဒေသခံ ပွဲစီစဉ်သူအသိုင်းအဝိုင်းက မိမိတို့စားကျက်သို့ အစွယ်ချွန်၍ နယ်ကျွံစီးပွားရှာသည်ဟု မယူဆဘဲ မြန်မာ့ရိုးရာလက်ဝှေ့ပွဲဖြစ်မြောက်ရေးအတွက် မည်သူပင်ဆောင်ရွက်သည်ဖြစ်စေ လောကသားချင်း ဝိုင်းဝန်းကူညီရမည်ဟူသော ချစ်စရာဓလေ့ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသည်ဆိုသော သတင်းက မင်္ဂလာရှိလှပါသည်။ Lethwei Nation Fight-2 ကိုလည်း ပရိသတ်များ သောင်းသောင်းဖြဖြအားပေးကြကာ စီးပွားရေးအရ၊ ဂုဏ်သိက္ခာအရ အောင်မြင်မှုရသည်ဟူသော မင်္ဂလာသတင်းကို ပွဲပြီးဂယက်အဖြစ် ကြားသိရပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ဇင်လင်းထွန်း(နေပြည်)

စက်တင်ဘာ ၁၆ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

စပိန်လာလီဂါ ပွဲစဉ် - ၄

အီဗာ	၁ - ၀	လီဂါနက်
လီဗန်တေး	၁ - ၁	ဗလင်စီယာ
ဂီတာဖေး	၁ - ၂	ဘာစီလိုနာ

ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၄

ဟန်နိုဗာ	၂ - ၀	ဟမ်းဘက်
ဘိုင်ယန်မြူးနစ်	၄ - ၀	မိန့်ဇ်
ဖရန့်ဖတ်	၁ - ၂	အော့စ်ဘတ်
စတုဂတ်	၁ - ၀	ဝုဖ်ဘတ်
ဝါဒါဘရီမင်	၁ - ၂	ရှော်ကေး

ပရီမီယာလိဂ် ပွဲစဉ် - ၅

ဘုန်းမောက်	၂ - ၁	ဘရိုက်တန်
ပဲလေ့	၀ - ၁	ဆောက်သမ်တန်
ဟက်ဒါဖီး	၁ - ၁	လက်စတာ
လီဗာပူး	၁ - ၁	ဘန်လေ
နယူးကာဆယ်	၂ - ၁	စတုတ်စီးတီး
ဝက်ဖို့ဒ်	၀ - ၆	မန်စီးတီး
ဝက်စ်ဘရွန်း	၀ - ၀	ဝက်စ်ဟမ်း

(နိုင်ဝင်း)

မော်လမြိုင်မြို့နယ်အတွင်း မူခင်းအသိပညာပေးဟောပြောပွဲများ ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၆

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ကြီးကြပ်မှုဖြင့် မှုခင်းအသိပညာပေးမော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက်က မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အထက(၂)၌ ကျင်းပရာ ဒုတိယရဲမှူး ဆန်းဦးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးများကို လည်းကောင်း၊ တပ်ကြပ်သန့်ဇင်က မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို လည်းကောင်း၊ ဒု-ရဲအုပ် နေလင်း(ယာဉ်ထိန်း)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လည်းကောင်း၊ မော်လမြိုင်ဒိုင်းဝန်ကွင်း နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်အေးက သက်ငယ်မုဒိမ်းများနှင့်ပတ်သက်၍ သိကောင်းစရာ အချက်အလက်များအား လည်းကောင်း ဟောပြောခဲ့သည်။

အလားတူ မော်လမြိုင်မြို့နယ် စက်မှုဇုန်ရပ်ကွက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးရှေ့၌ နယ်မြေရဲစခန်းမှူး ရဲအုပ် ရဲအောင်နှင့်အဖွဲ့က အသိပညာပေးဟောပြောပွဲကို လည်းကောင်း၊ မော်လမြိုင်မြို့နယ် ဖားအောက်ရဲကင်းစခန်းမှူး ရဲအုပ်နိုင်နိုင်ဝင်းက မူခင်းကြိုတင်ကာကွယ်ရေးနှင့် ကလေးသူငယ်ဥပဒေဆိုင်ရာ အကြောင်းများကို လည်းကောင်း ဟောပြောပြီး မူခင်းအသိပညာပေးလက်ကမ်းစာစောင်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်မိ ရပ်ဖများအား ဖြန့်ဝေပေးခဲ့သည်။

(၁၀၇)

ဒု-ရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၄/၉၀)၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များက ဇေယျာသီရိမြို့နယ် ခေတ်အေးရှိ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတဘုန်းကြီးကျောင်းမှ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်းနှင့် အလှူငွေထည့်ဝင်လှူဒါန်းခြင်းများ ယနေ့နံနက်ပိုင်းက ပြုလုပ်စဉ်။ (ခွန်ဆက်နေ)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက် ဝေဘူချောင်းအတွင်းရှိ မွှာရုံများဘေးတွင် ပေါက်လျက်ရှိသော ချုံနွယ်များကို စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီက မြို့နယ်ယာယီရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်နှင့် မြို့မစခန်းမှူးတို့ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

သက်မောင်(ကျောက်ဆည်)

နရွဲတောမြောက်ရွာ လျှပ်စစ်မီးလင်း

နွားထိုးကြီး စက်တင်ဘာ ၁၆

နွားထိုးကြီးမြို့နယ် နရွဲတောမြောက်ရွာတွင် ၂၄ နာရီ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့လျှပ်စစ်မန်နေဂျာ ဦးဆန်းတိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နရွဲတောမြောက်ကျေးရွာတွင် အိမ်ခြေ ၂၀၀ ကျော်ကို ထရန်စဖော်မာတပ်ဆင်ပြီး မီးလင်းပေးခြင်းဖြစ်သည်။ နွားထိုးကြီးမြို့နယ်တွင် ယခုအထိ ကျေးရွာ ၁၁၅ ရွာ လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်သည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မြိတ်မြို့နယ်တွင် ငွေကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲသူနှစ်ဦး ဖမ်းဆီးရမိ

မြိတ် စက်တင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု ပရည်တောင်ကျေးရွာရှိ နေအိမ်တစ်အိမ်အတွင်းမှ ငွေကျပ်သိန်းနှစ်ထောင်ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိရောင်းချသုံးစွဲသူ မောင်နှမနှစ်ဦးအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်မှုခင်းအကူအဖွဲ့ခေါင်းဆောင် ရဲအုပ်ခင်မောင်အေးနှင့် တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိ ရောင်းချသုံးစွဲသူ မောင်နှမနှစ်ဦးမှာ မောင်အောင်မင်းဦး (၂၄)နှစ်နှင့် အစ်မဖြစ်သူ မဝေမာလွင် (၂၆)နှစ်တို့ဖြစ်ကြပြီး ၎င်းတို့အား မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ယမန်နေ့ နံနက် ၆ နာရီခွဲခန့်က သွားရောက်ရှာဖွေဖမ်းဆီးရာ အစ်မဖြစ်သူ မဝေမာလွင်အား နေအိမ်တွင်တွေ့ရှိရပြီး နေအိမ်အားရှာဖွေရာ အောင်မင်းဦး၏နေအိမ် အိပ်ခန်းအတွင်းရှိ ခုတင်အောက်ကြမ်းပြင်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ပါ အမည်းရောင် ပလတ်စတစ်အိတ်တစ်ထုပ်၊ အပြား ၃၀၀၀ ပါ တစ်ထုပ်နှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေတွေ့ရှိရကြောင်း သိရသည်။

ဆက်လက်ပြီး ၎င်း၏နေအိမ်အား ရှာဖွေရာ နေအိမ်နောက်ဖေးခန်း သစ်သားဗီရိုပေါ်ရှိ အဖြူရောင်ဓာတ်ဘူးခွံအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြား၊ နေအိမ်ဧည့်ခန်းရှိ အဝတ်ဗီရိုတွင်းမှ မြန်မာငွေကျပ် ၂၈၁၀၀၀၀ အား ရှာဖွေတွေ့ရှိရသဖြင့် မဝေမာလွင်အား မေးမြန်းရာ ၎င်းနှင့်အတူ မောင်ဖြစ်သူ အောင်မင်းဦးတို့ ရောင်းဝယ်သုံးစွဲသော မူးယစ်ဆေးဝါးများဖြစ်ကြောင်း သိရသည်။ အောင်မင်းဦးအား မြိတ်မြို့ပေါ် ရပ်ကွက်များအတွင်း လိုက်လံစုံစမ်းရှာဖွေဖမ်းဆီးရာ ယင်းနေ့ နံနက်ပိုင်းတွင် မြိတ်မြို့ဂေါက်ကွင်းလမ်းဆုံ၌ ဖမ်းဆီးရမိပြီး ၎င်းအားရှာဖွေရာ i Phone အမျိုးအစား ပန်းရောင်ဖုန်းတစ်လုံးအား ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ခိုင်ထူး (မြန်/ဆက်)

မြန်မာတို့ တက်ကျမ်း ကမ္ဘာ့ တက်လမ်း လှုပ်ရှားကြ သဘာကမ်း

နိုင်ငံတကာ သတင်းဂျာနယ်

အရှေ့တောင် ဥရောပသမဂ္ဂအတွင်း စီးပွားရေးအခြေအနေ ပြောင်းလဲနိုင်

ဝီကလိုင်တက်ဖောင်ဒါ ဖိုင်သူ့ကြားကျော်များက မျိုးသုံးသေးတဲ့ ဟာရာဆီတိုက်ကို

မျောက်ကိုရီးယား ပြဿနာနှင့် ကမ္ဘာ့ပါဝါများ၏ အခန်းကဏ္ဍ

သိရန်အတွက် အရွှေ့ရာယ်ကြီးမားတဲ့ အရှေ့ရေလက်နက်များ

ငြိမ်းချမ်းရေးအလုပ်ပေးနေသဲ့ဖြစ်သော အာဆင်နိုင်ငံ

တစ်ကျောပြန် ဒိုင်ယာနာ

အပေရိကန်နဲ့ နေတိုးအဖွဲ့ကို အန္တရာယ်ပြုနိုင်တဲ့ ရုရှားလက်နက်များ

တနင်္လာနေ့တိုင်း ထွက်ပြီ

ဖုန်း - ၀၁-၅၅၅၈၇၂၂ E-mail:internationaljournalmm@gmail.com

ကိုယ်ပိုင်ကုမ္ပဏီထူထောင်ခြင်းလုပ်ငန်း Ph:09787200619

[illegible]

ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာ အထက(၁)၊ ဒသမတန်း(E)မှ မသင်းသင်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုမင်း [၇/ညလပ(နိုင်)၂၁၂၂၈၉] ဖြစ်ပါသည်။

ဗိုက်ခေါ် အပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက် ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်(၃၄)တွင် တည်ရှိသော ကုက္ကိုင်းရေကူးကန်ဝင်းအတွင်း Master Plan စနစ်တကျရေးဆွဲရန် လိုအပ်ပါသဖြင့် စိတ်ပါဝင်စားသော ဗိသုကာပညာရှင်များအနေဖြင့် အောက်ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်နိုင်ပါကြောင်း ဗိုက်ခေါ်အပ်ပါသည်။

အမှတ်(၃၄)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၀၁၃၈၆၇၊ ၀၁-၅၄၂၇၄၉၊ ၀၉-၃၃၂၄၀၁၉၊ ၀၉-၄၂၅၇၁၀၆၇

ကျောင်းအလှူဒါနပါဝင်လှူဒါန်းကြပါရန်

[illegible]

ဖုန်း ၀၉-၂၅၄၁၁၈၂၅၇

United Amara Bank (Account No.02507010000223)

UAB Bank စာရင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

"အများပြည်သူသို့ အသိပေးကြေညာချက်"

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားသောအများနှင့်သက်ဆိုင်သောကုမ္ပဏီများအနက်အများပြည်သူသို့အစုရှယ်ယာရောင်းချခွင့် ရှိသော ကုမ္ပဏီ ၅၅ ခု စာရင်းအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ကြေးမုံသတင်းစာတွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါအများပြည်သူသို့အစုရှယ်ယာရောင်းချခွင့်ရှိသောနှင့်ပြုထားသည့် အောက်ပါကုမ္ပဏီစာရင်းများကို သိရှိနိုင်ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်-

စဉ်	ကုမ္ပဏီအမည်	မှတ်ပုံတင်အမှတ်နှင့်ရက်စွဲ
၁	တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် TANINTHARYI DIVISION DEVELOPMENT PUBLIC COMPANY LIMITED	၁၃၅၉/၂၀၁၂-၂၀၁၃ (၂၂-၆-၂၀၁၂)
၂	ထားဝယ် ဖွံ့ဖြိုးတိုးတက်မှု အများပိုင် ကုမ္ပဏီ လီမိတက် DAWEI DEVELOPMENT PUBLIC COMPANY LIMITED	၁၇၉၅/၂၀၁၂-၂၀၁၃ (၇-၈-၂၀၁၂)
၃	ရခိုင်စီးပွားရေးဦးဆောင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် RAKHINE ECONOMIC INITIATIVE PUBLIC COMPANY LIMITED	၃၉၇၄/၂၀၁၃-၂၀၁၄ (၁၇-၁၀-၂၀၁၃)
၄	မြိတ်အနာဂါတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် MYEIK FUTURE DEVELOPMENT PUBLIC COMPANY LIMITED	၅၇၂၃/၂၀၁၃-၂၀၁၄ (၅-၃-၂၀၁၄)

၃။ အထက်အပိုဒ် ၂ ပါကုမ္ပဏီ ၄ ခု အပါအဝင် ယခင် ထုတ်ပြန်ကြေညာထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၅၅ ခု၊ စုစုပေါင်းကုမ္ပဏီ ၅၉ ခုမှလွဲ၍ ကျန်ရှိသည့် စီးပွားရေးလုပ်ငန်းကျူ အများပြည်သူသို့ အစုရှယ်ယာရောင်းချခွင့်မရှိပါကြောင်းနှင့် အများပြည်သူသို့အစုရှယ်ယာရောင်းချရန် ထပ်မံခွင့်ပြုသော ကုမ္ပဏီများ ရှိလာပါက ၎င်းတို့ကိုလည်းဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်းသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

[illegible]

TGKN-[illegible]

အမှတ်-၅၁ ဘုတ်လမ်း [illegible] ရန်ကုန်မြို့ ဖုန်း-၀၉၇၆၄၃၁၂၉၄

ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ မလော့အထက(ခွဲ) ဒသမတန်း အတွဲ(၂)မှ မမေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်[၁၄/ဘကလ(နိုင်)၂၇၆၅၈၆]ဖြစ်ပါကြောင်း။

ဦးသန်းဇော်

အမည်ပြောင်း

သာကေတမြို့နယ်၊ အမက(၆) တတိယတန်း(က)မှ ဦးအောင်စိုးမိုး[၇/ပတတ(နိုင်)၀၂၃၅၅၆]၏ သမီးဖြစ်သူ မအေးသန္တာအောင်အား မထက်အိန္ဒြာဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မထက်အိန္ဒြာဖြိုး

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၃)၊ ဒသမတန်း အတွဲ(၁)၊ (A)ခန်းနေ မအိကေခိုင်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်[၁၄/ဘကလ(နိုင်)၁၅၅၀၁၄]ဖြစ်ပါကြောင်း။

ဦးဇော်ဇော်

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁)၊ ဒသမတန်းအတွဲ(၁)၊ (A)ခန်းနေ မောင်သော်ဇင်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဦး[၁၄/ဘကလ(နိုင်)၁၈၀၀၃၈] ဖြစ်ပါကြောင်း။

ဦးကျော်မြင့်ဦး

ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထက (ညောင်ပင်စောက်) တက္ကသိုလ်ဝင်တန်း(ခ)မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဟန်(ခ)ဦးစံရင် [၁၃/မမတ(နိုင်)၀၂၁၈၁၆]ဖြစ်ပါကြောင်း။

ဦးသိန်းဟန်(ခ)ဦးစံရင်

ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထက (ညောင်ပင်စောက်)၊ တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်အောင်ဆန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးတင်ဖေလေး[၁၃/မဘန(နိုင်)၀၀၄၇၆၀]ဖြစ်ပါကြောင်း။

ဦးတင်ဖေလေး

မီး သတိပြု

ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေး-၅

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကို ဟန့်တားတိုက်ဖျက်ရန်အတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ သုံးစွဲနေသော ကျောက်မီးသွေးနှင့် အခြားရုပ်ကြွင်းလောင်စာများအစား အစိမ်းရောင်စွမ်းအင်များ (Green Energy) သုံးစွဲခြင်းသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

အစိမ်းရောင်စွမ်းအင်များ

အစိမ်းရောင်စွမ်းအင်များတွင် အဓိကကျသည့် စွမ်းအင်ငါးမျိုးမှာ ရေစွမ်းအင် (Hydro Energy)၊ နေရောင်ခြည်စွမ်းအင် (Solar Energy)၊ လေစွမ်းအင်(Wind-Power Energy)၊ ဘူမိအပူစွမ်းအင် (Geothermal Energy)နှင့် ဇီဝစွမ်းအင် (Bio-energy)တို့ ဖြစ်ကြသည်။ ယင်းစွမ်းအင်များသည် ထပ်မံပေါ်ပေါက်နိုင် (Renewable)သောကြောင့် အစိမ်းရောင်စွမ်းအင်များဟု တင်စားခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့အနက် ပထမစွမ်းအင်လေးမျိုးသည် ဖန်လုံအိမ် ဓာတ်ငွေ့များ ထုတ်လွှတ်မှုလုံးဝမရှိသဖြင့် “သန့်ရှင်းသော အစိမ်းရောင်စွမ်းအင်များ (Green and Clean Energy)” ဟု ခေါ်ဆိုသည်။ ဇီဝစွမ်းအင်တွင် ဇီဝဒြပ်ထုစွမ်းအင် (Biomass Energy)နှင့် ဇီဝလောင်စာရည်စွမ်းအင် (Bio-liquid Energy) တို့ ပါဝင်သည်။ ဇီဝဒြပ်ထုစွမ်းအင်သည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုရှိသော်လည်း ရုပ်ကြွင်းလောင်စာများနှင့် ယှဉ်လျှင် ထုတ်လွှတ်မှု သုံးပုံတစ်ပုံမှထက်ဝက်ခန့်အထိ လျော့နည်းသည်။ အီသနောနှင့် ဘိုင်အိုဒီဇယ်များမှရရှိသည့် ဇီဝလောင်စာရည် စွမ်းအင်သည်လည်း ဇီဝဒြပ်ထုစွမ်းအင်ကဲ့သို့ပင် ဖြစ်သည်။

နျူကလီးယားစွမ်းအင်သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသောကြောင့် သန့်ရှင်းသော စွမ်းအင်(Clean Energy) ဖြစ်သော်လည်း အစိမ်းရောင်စွမ်းအင် မဟုတ်ပါ။ ယင်းကို ယူရေနီယံနှင့် ပလူကိုနီယံသတ္တုများမှ ထုတ်ယူရခြင်းကြောင့် ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု

လျှပ်စစ်ဓာတ်အားသည် လူသားများ၏ နေ့စဉ် နေထိုင်မှုတွင် မရှိမဖြစ်လိုအပ်သကဲ့သို့ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း အဓိကကျသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ အဆမတန်များပြားလာပြီး နိုင်ငံအများအပြား ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ဆယ်စုနှစ်များစွာကတည်းကပင် တစ်ဟုန်ထိုး တိုးမြင့်လျက်ရှိသည်။ (လူသားများ သုံးစွဲသည့်အရာများအနက် တိုးနှုန်းအမြန်ဆုံးဖြစ်သည်)

တစ်ကမ္ဘာလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏသည် ၁၉၉၀ ပြည့်နှစ်က ၁၀ ထရီလီယံကီလိုဝပ်(Kilowatt hour) ခန့်သာရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ၁၅ ထရီလီယံကီလိုဝပ်နှင့် ၂၀၁၃ ခုနှစ်တွင် ၂၀ ထရီလီယံကီလိုဝပ်ထိရှိခဲ့သည်။ ယခု မြင့်တက်နေသည့်နှုန်းထားအတိုင်းဆိုပါက ၂၀၂၀ ပြည့်နှစ်တွင် ၂၅ ဒသမ ၈ ထရီလီယံ သို့လည်းကောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ၃၆ ဒသမ ၅ ထရီလီယံကီလိုဝပ်သို့လည်းကောင်း ရောက်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

၂၀၁၄ ခုနှစ်က တစ်ကမ္ဘာလုံးသုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အား ပမာဏသည် ၂၁ ဒသမ ၇၇၆ ထရီလီယံကီလိုဝပ်(၂၁၇၇၆ TWh-Terawatt hour၊ ၁ တာရာဝပ် $၁၀^{၁၂}$ ဝပ်) ရှိခဲ့ပြီး လူတစ်ဦးချင်းတစ်နှစ်ပျမ်းမျှ သုံးစွဲမှုသည် ၂၆၇၄ ကီလိုဝပ်(တစ်ရက်လျှင် ၇ ဒသမ ၃၃ ကီလိုဝပ်ခန့်)ရှိခဲ့ကြောင်း မှတ်သားရပါသည်။ နိုင်ငံသားတစ်ဦးချင်းတစ်နေ့လျှင် လျှပ်စစ်ဓာတ်အား အများဆုံးသုံးစွဲသည့် နိုင်ငံ ၁၂ နိုင်ငံ၏ သုံးစွဲမှုပမာဏအသီးသီးကို ဇယား(၁)တွင် ဖော်ပြထားပါသည်။ (ပထမနှင့် ဒုတိယနေရာများတွင် ရပ်တည်သော အိုက်စလန်နိုင်ငံနှင့် လက်ချင်စတိန်းနိုင်ငံတို့၏ လူဦးရေသည် ၃၇၀၀၀ ကျော်နှင့် ၃၃၀၀၀၀ ကျော်သာ ရှိပါသည်။)

ထို့ပြင် ၂၀၁၆ ခုနှစ်က နိုင်ငံတစ်နိုင်ငံချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံး ၁၀ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုများကို ဇယား(၂) တွင် ဖော်ပြထားပါသည်။ နိုင်ငံသားတစ်ဦးချင်း တစ်နှစ်လျှင် လျှပ်စစ်သုံးစွဲမှုပမာဏ ၄၃၁၀ ကီလိုဝပ်ရှိသည့် တရုတ်နိုင်ငံသည် လူဦးရေ ၁ ဒသမ ၃ ဘီလီယံကျော်ရှိခြင်းကြောင့် နိုင်ငံအလိုက်သုံးစွဲမှုတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူပင် လူဦးရေ ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံသည်လည်း နိုင်ငံသားတစ်ဦးချင်း တစ်နှစ်သုံးစွဲမှု ၇၆၈ ကီလိုဝပ်သာရှိသော်လည်း နိုင်ငံအလိုက်သုံးစွဲမှုတွင် စတုတ္ထနေရာတွင်ရှိနေပါသည်။ အမေရိကန်ပြည်ထောင်စုသည် လူဦးရေ ၃၂၃ ဒသမ ၃ သန်းဖြင့် တတိယလူဦးရေအများဆုံးနိုင်ငံ ဖြစ်သော်လည်း နိုင်ငံသားတစ်ဦးချင်းသုံးစွဲမှုတွင် ၁၂၀၇၇ ကီလိုဝပ်ရှိသဖြင့် နိုင်ငံအလိုက် သုံးစွဲမှုတွင် ဒုတိယနေရာ၌ ရပ်တည်နေခြင်းဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေများပေါ်တွင် မူတည်နေကြောင်း ထင်ရှားပါသည်။

ဇယား ၁။ နိုင်ငံသားတစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံးနိုင်ငံ (၁၂) နိုင်ငံ၏ နိုင်ငံသားတစ်ဦးချင်း တစ်နှစ်သုံးစွဲသည့် လျှပ်စစ်ပမာဏ-၂၀၁၆ ခုနှစ်

နိုင်ငံ	နိုင်ငံသားတစ်ဦးတစ်နှစ် လျှပ်စစ်ဓာတ်အားသုံးစွဲမှု (KWh)	နိုင်ငံ	နိုင်ငံသားတစ်ဦးတစ်နှစ် လျှပ်စစ်ဓာတ်အားသုံးစွဲမှု (KWh)
၁။ အိုက်စလန်	၅၀၆၁၃	၇။ ကာတာ	၁၅၀၅၅
၂။ လက်ချင်စတိန်း	၃၅၈၄၈	၈။ ကနေဒါ	၁၄၉၃၀
၃။ နော်ဝေ	၂၄၀၀၆	၉။ ဖင်လန်	၁၄၇၃၂
၄။ ကူဝိတ်	၁၉၀၆၂	၁၀။ ဆွီဒင်	၁၂၈၅၃
၅။ ဘာရိန်း	၁၈၁၃၀	၁၁။ အမေရိကန်ပြည်ထောင်စု	၁၂၀၇၇
၆။ ယူအေအီး	၁၆၁၉၅	၁၂။ လူဇင်ဘတ်	၁၀၆၄၇

ဇယား ၂။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံး(၁၀)နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု-၂၀၁၆ ခုနှစ်

နိုင်ငံ	လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ (TWh)	နိုင်ငံ	လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ (TWh)
၁။ တရုတ်	၅၉၁၉	၆။ ဂျာမနီ	၅၃၃
၂။ အမေရိကန်ပြည်ထောင်စု	၃၉၁၃	၇။ ကနေဒါ	၅၂၈
၃။ ရုရှား	၁၀၆၅	၈။ ဘရာဇီး	၅၁၈
၄။ အိန္ဒိယ	၁၀၀၁	၉။ တောင်ကိုရီးယား	၄၉၅
၅။ ဂျပန်	၉၃၄	၁၀။ ပြင်သစ်	၄၃၁

၁TWh= $၁၀^{၁၂}$ Wh= $၁၀^{၉}$ KWh

ဇယား ၃။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအများဆုံး (၁၀)နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု -၂၀၁၆ ခုနှစ်

နိုင်ငံ	လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ (TWh)	နိုင်ငံ	လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ (TWh)
၁။ တရုတ်	၆၁၄၂	၆။ ကနေဒါ	၆၆၃
၂။ အမေရိကန်ပြည်ထောင်စု	၄၃၅၀	၇။ ဂျာမနီ	၆၄၈
၃။ အိန္ဒိယ	၁၄၀၀	၈။ ဘရာဇီး	၅၈၁
၄။ ရုရှား	၁၀၈၇	၉။ ပြင်သစ်	၅၅၃
၅။ ဂျပန်	၉၉၉	၁၀။ တောင်ကိုရီးယား	၅၅၁

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု

၂၀၁၆ ခုနှစ်က ထုတ်ပြန်ချက်များအရ တစ်ကမ္ဘာလုံး၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၄ ဒသမ ၈၁၆ ထရီလီယံ ကီလိုဝပ်ရှိသည်။ ထုတ်လုပ်မှုအများဆုံး ၁၀ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပမာဏအသီးသီးကို ဇယား(၃)တွင် ဖော်ပြထားပါသည်။ ထုတ်ပြန်ထားသော ၂၀၉ နိုင်ငံအနက် စာရေးသူတို့နိုင်ငံက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏ ၇ ဒသမ ၁၄၄ တာရာဝပ်ဖြင့် အဆင့် ၁၀၄ တွင် ရှိနေပါသည်။ (ထုတ်လုပ်မှုပမာဏသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံအားလုံး၏ စုစုပေါင်းထုတ်လုပ်နိုင်မှုစွမ်းအားဖြစ်သည်) လျှပ်စစ်ဓာတ်အားကို ရုပ်ကြွင်းလောင်စာများဖြစ်သည့် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ်နှင့် ဓာတ်ဆီများမှလည်းကောင်း၊ အစိမ်းရောင်စွမ်းအင်များမှလည်းကောင်း၊ နျူကလီးယားစွမ်းအင်မှလည်းကောင်း ထုတ်ယူခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးမှ ထုတ်လုပ်ခဲ့သော လျှပ်စစ်ဓာတ်အားများရရှိရန် သုံးစွဲခဲ့သော လောင်စာများနှင့် စွမ်းအင်အမျိုးမျိုး၏ ပါဝင်မှုရာခိုင်နှုန်းများမှာ ကျောက်မီးသွေး ၄၁ ဒသမ ၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၂ ဒသမ ၁ ရာခိုင်နှုန်း၊ ဓာတ်ဆီနှင့်ဒီဇယ် ၃ ဒသမ ၉ ရာခိုင်နှုန်း (ရုပ်ကြွင်းလောင်စာ စုစုပေါင်း ၆၇ ဒသမ ၅ ရာခိုင်နှုန်း)၊ ရေအားစွမ်းအင် ၁၆ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားအစိမ်းရောင်စွမ်းအင်များ ၄ ဒသမ ၂ ရာခိုင်နှုန်း (အစိမ်းရောင်စွမ်းအင် စုစုပေါင်း ၂၀ ဒသမ ၃ ရာခိုင်နှုန်း)နှင့် နျူကလီးယားစွမ်းအင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း မှတ်သားရပါသည်။

ရေစွမ်းအင်

ဆည်များ၊ မြစ်များမှ ရေများကို သိုလှောင်ကန်များ(Reservoir)တွင် သိုလှောင်ထားရှိကာ ယင်းရေများကို အရှိန်ဖြင့် လွှတ်ပေးပြီး တာဘိုင်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း ဖြစ်သည်။

၎င်းစွမ်းအင်သည် ပြန်ပြည့်မြဲစွမ်းအင်များအနက် လျှပ်စစ်ဓာတ်အားထုတ်ယူမှုအများဆုံး စွမ်းအင်ဖြစ်သည်။ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်းက ရေအားစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုသည် ပြန်ပြည့်မြဲစွမ်းအင်အားလုံးမှ ထုတ်လုပ်မှု စုစုပေါင်း၏ ၇၁ ရာခိုင်နှုန်းရှိခဲ့ပြီး တစ်ကမ္ဘာလုံးထုတ်လုပ်ခဲ့သည့် လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း၏ ၁၆ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။

ဇယား ၄။ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အများဆုံး ၁၀ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု -၂၀၁၆ ခုနှစ်

နိုင်ငံ	ထုတ်လုပ်နိုင်မှုပမာဏ (MW)	ရာခိုင်နှုန်း	နိုင်ငံ	ထုတ်လုပ်နိုင်မှုပမာဏ (MW)	ရာခိုင်နှုန်း
၁။ တရုတ်	၇၈၁၀၀	၂၅. ၈	၆။ ယူကေ	၁၁၆၀၀	၃. ၈
၂။ ဂျပန်	၄၂၈၀၀	၁၄. ၁	၇။ အိန္ဒိယ	၉၀၀၀	၃. ၀
၃။ ဂျာမနီ	၄၁၂၀၀	၁၃. ၆	၈။ ပြင်သစ်	၇၁၀၀	၂. ၃
၄။ အမေရိကန်	၄၀၃၀၀	၁၃. ၃	၉။ သြစတြေးလျ	၅၉၀၀	၁. ၉
၅။ အီတလီ	၁၉၃၀၀	၆. ၄	၁၀။ စပိန်	၅၅၀၀	၁. ၈

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ ရေအားစွမ်းအင်မှ တစ်ကမ္ဘာလုံး ထုတ်လုပ်နိုင်စွမ်းရှိသော ပမာဏသည် ၁၂၁၁ ဂီဂါဝပ်ရှိခဲ့သည်။ တရုတ်၊ အမေရိကန်၊ ဘရာဇီး၊ ကနေဒါနှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၅ ခုနှစ်က ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် ထိပ်ဆုံးမှ ရပ်တည်ခဲ့သော နိုင်ငံတို့ဖြစ်ကြသည်။ ယင်းနိုင်ငံများ၏ ထိုနှစ်က ထုတ်လုပ်မှုပမာဏများမှာ တရုတ် ၃၂၀ ဂီဂါဝပ်၊ အမေရိကန် ၁၀၂ ဂီဂါဝပ်၊ ဘရာဇီး ၉၁ ဂီဂါဝပ်၊ ကနေဒါ ၇၈ ဂီဂါဝပ်နှင့် အိန္ဒိယ ၅၁ ဂီဂါဝပ် အသီးသီး ဖြစ်သည်။

နေရောင်ခြည်စွမ်းအင်

နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် နည်းနှစ်မျိုးရှိသည်။ Photovoltic (PV) Cell (အလင်း ဗို့တိတ်ဆဲလ်)ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်ထုတ်လုပ်သည့် နည်းနှင့် နေရောင်ခြည်များကို တစ်နေရာတည်းတွင် စုဆုံစေပြီး ရရှိလာသည့် အပူစွမ်းအင်မှ တစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်ယူသည့် နည်းများဖြစ်သည်။ ဖော်ပြပါနည်းနှစ်ခုကို ပူးတွဲ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် အခါမျိုးလည်းရှိသည်။ ပထမနည်းတွင် အလင်းဗို့တိတ်ဆဲလ်များက အလင်းတန်းများကို လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲပေးခြင်း ဖြစ်သည်။ ဒုတိယနည်းတွင် နေရောင်ခြည်များကို တစ်နေရာတည်း စုဆုံစေရန်အတွက် မှန်ဘီလူးများ(Lens)နှင့် ကြည့်မှန်များ (Mirror)ကို အသုံးပြုကြသည်။ နေမင်းကြီးရှိနေသရွေ့ နေရောင်ခြည် ရရှိနေမည်ဖြစ်သော်လည်း နေထွက်သည့် နေ့ခင်းဘက်နှင့် မိုးမရွာသည့် အချိန်များတွင်သာ နေရောင်ခြည်ရရှိနိုင်မည် ဖြစ်သည်။

တရုတ်နိုင်ငံ ကွင်ဟိုင်းပြည်နယ် (Qinghei) လောင်းယန်ဇီယာဆည် (Longyangxia Dam-Solar Park)ရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ၈၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသည်။

၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းက စာရင်းကောက်ယူမှုများအရ တစ်ကမ္ဘာလုံးတွင် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပေါင်းသည် တစ်ကမ္ဘာလုံး ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အား စုစုပေါင်း ပမာဏ၏ တစ်ရာခိုင်နှုန်းသာရှိသေးကြောင်း၊ သို့ရာတွင် တစ်နှစ်လျှင် တိုးနှုန်း ၃၃ ရာခိုင်နှုန်းတိုင်အောင်ရှိနေသဖြင့် ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးထုတ်လုပ်နိုင်မှု၏ ၁၁ ရာခိုင်နှုန်းထိရှိလာနိုင်ကြောင်း သိရှိရပါသည်။

၂၀၁၆ ခုနှစ်က အလင်းဗို့တိတ်ဆဲလ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အများဆုံးထုတ်လုပ်နိုင်သည့် နိုင်ငံ ၁၀ နိုင်ငံ၏ ထုတ်လုပ်နိုင်မှု အခြေအနေကို ဇယား(၄) တွင် ဖော်ပြထားပါသည်။

၂၀၁၆ ခုနှစ်အတွင်းက အလင်းဗို့တိတ်ဆဲလ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုသည် ၇၅ ဂီဂါဝပ်တိုးမြင့်ခဲ့ပြီး တစ်ကမ္ဘာလုံး ထုတ်လုပ်နိုင်မှု စုစုပေါင်းပမာဏသည် ၃၀၃ ဂီဂါဝပ်ထိရှိခဲ့ကြောင်း၊ ကမ္ဘာ့လျှပ်စစ်ဓာတ်အားသုံးစွဲမှု စုစုပေါင်း၏ ၁ ဒသမ ၈ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးရန် လုံလောက်မှုရှိကြောင်း မှတ်သားရပါသည်။

လေစွမ်းအင်

လေအားဖြင့် တာဘိုင်များကို လည်ပတ်စေပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဖြစ်သည်။ လေသည် မည်သည့်ဒေသ မည်သည့်အချိန်မဆို ထာဝစဉ်ရှိနေသော်လည်း တာဘိုင်(turbine)မှ ပန်ကာများစတင်လည်ပတ်နိုင်ရန်အတွက် လေတိုက်နှုန်း အတန်အသင့်ရှိရန် လိုအပ်သည်။ လေတိုက်နှုန်းအနည်းဆုံး တစ်နာရီ ၅ မိုင်နှုန်း(mile per hour)ရှိမှသာ ပန်ကာများ စတင်လည်ပတ်နိုင်ပြီး လေတိုက်နှုန်း ၅၄ မိုင်နှုန်းသို့ရောက်လျှင် ပန်ကာများကို ဘရိတ်အုပ်ပြီး ရပ်တန့်စေရန် စီစဉ်ထားရှိသည်။

ထို့ကြောင့် လေအားလျှပ်စစ်တာဘိုင်များကို လေတိုက်နှုန်းကောင်းသည့် ကျေးလက်ဒေသများနှင့် ပင်လယ်ကမ်းခြေများတွင် တည်ဆောက်ကြခြင်းဖြစ်သည်။ ယခုအခါ လျှပ်စစ်ဓာတ်အား ၇ ဒသမ ၅ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်သော လေအားတာဘိုင်များ ရှိနေပြီ ဖြစ်သည်။ ယင်းတာဘိုင်မှ ပန်ကာဒလက်တစ်ခုသည် ပေ ၂၀၀ ခန့် (၆၀ မီတာ)ရှိပြီး ပန်ကာတစ်ခုလုံးသည် ပေ ၄၀၀ ခန့်(၁၂၀ မီတာ)ရှိသဖြင့် ဘောလုံးကွင်းတစ်ကွင်းထက်ပို၍ ရှည်သည်။ ၁၅ မဂ္ဂါဝပ် တာဘိုင်များကို ထုတ်လုပ်ရန် စီမံလျက်ရှိနေပြီး စာတွေ့အရ မဂ္ဂါဝပ် ၂၀ တာဘိုင်များကို နောင်တွင်ထုတ်လုပ်ရန် ဖြစ်နိုင်ခြေရှိကြောင်း၊ လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ အဓိကအခက်အခဲတစ်ခုသည် အလွန်ရှည်လျားလေးလံသော ပန်ကာဒလက်ကြီးများကို သယ်ယူခြင်းနှင့် တပ်ဆင်ခြင်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

စာမျက်နှာ ၂၁ သို့



အပေးအယူတူမျှ ကုလသမဂ္ဂ

ulbinfo

ကုလသမဂ္ဂအဖွဲ့ကြီး ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ကမ္ဘာ့ခေါင်းဆောင်များ၏ ထောက်ခံမှုကို ရရှိရန် ကြိုးပမ်းနေသူတစ်ဦးမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ဖြစ်သည်။ သမ္မတထရန့်သည် အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂတွင် မိန့်ခွန်းပြောကြားမည့် နေ့ရက်၏ အကြိုနေ့ရက်ဖြစ်သော စက်တင်ဘာ ၁၈ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် အခမ်းအနားတစ်ရပ်ကို အိမ်ရှင်တစ်ဦးအဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

ထိရောက်မှုရှိပြီး အဓိပ္ပာယ်အနှစ်သာရပြည့်ဝသည့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်တစ်ရပ်ကို အစပျိုးဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူး ဂူတဲရက်ရှ်၏ ကြိုးပမ်းအားထုတ်မှုများအား ထောက်ခံသည့် နိုင်ငံရေးကြေညာစာတမ်းတစ်ရပ်ကို အမေရိကန်က မူကြမ်းရေးဆွဲထားပြီး အချက် ၁၀ ချက်ပါယင်းမူကြမ်းတွင် ပါဝင်လက်မှတ်ရေးထိုးမည့် နိုင်ငံများအား သမ္မတထရန့်က အိမ်ရှင်အဖြစ် ကမကထပြု ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ခေါ်မည်ဆို၏။

ဝေဖန်တတ်သူ

ဇန်နဝါရီလတွင် သမ္မတရာထူးတာဝန်၌ စတင်ထမ်းရွက်ခဲ့သူ ထရန့်သည် ကုလသမဂ္ဂအဖွဲ့အား မကြာခဏဝေဖန်ပြောဆိုခဲ့သူဖြစ်သည်။

ကမ္ဘာ့အဖွဲ့အစည်းကြီး၏ အရေးကြီးလှသော လုပ်ငန်းဆောင်တာများနှင့် နှိုင်းယှဉ်ကြည့်ပါလျှင် ကုလသမဂ္ဂ၏ ရန်ပုံငွေအတွက် အမေရိကန်၏ ထည့်ဝင်ငွေမှာ မဆိုသလောက်သာဖြစ်ကြောင်း သမ္မတထရန့်က ဝေဖန်ပြောကြားခဲ့ဖူးသည်။

ကမ္ဘာ့အဖွဲ့အစည်းကြီးအတွက် အမေရိကန်၏ ရန်ပုံငွေထည့်ဝင်မှုမှာ မမျှမတဖြစ်နေကြောင်း၊ ကုလသမဂ္ဂဆိုသည်မှာလည်း လူအများ စုဝေးကာ စကားပြောဆိုကြ၊ ပျော်ပျော်ပါးပါး ရှိနေကြသော ကလပ်တစ်ခုနှင့် အလားသဏ္ဍာန် တူညီနေကြောင်း၊ ကုလသမဂ္ဂတွင် လူအများ ပေါးလားဝါးလား လုပ်နေကြဦးမည်ဆိုလျှင် ကုလသမဂ္ဂရန်ပုံငွေအတွက် အမေရိကန်၏ ငွေကြေးထည့်ဝင်မှုကို လျှော့ချဖြတ်တောက်ရလိမ့်မည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂအဖွဲ့အတွက် ရန်ပုံငွေအများဆုံး ထည့်ဝင်နေသည့် နိုင်ငံဖြစ်သည်။ နှစ်နှစ်လျှင် တစ်ကြိမ် ရေးဆွဲသည့် ဘတ်ဂျက်၏ ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံအနက် ၂၂ ရာခိုင်နှုန်းကိုလည်းကောင်း၊ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း ဘတ်ဂျက်၏ ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံအနက်မှ ၂၈ ဒသမ ၅ ရာခိုင်နှုန်းကိုလည်းကောင်း အမေရိကန်က ထောက်ပံ့ပေးလျက်ရှိသည်။ ကုလသမဂ္ဂ ဘတ်ဂျက်အတွက် ထည့်ဝင်ငွေ သတ်မှတ်ချက်များအတွက် အဖွဲ့ဝင် ၁၉၃ နိုင်ငံပါဝင်သော ကုလသမဂ္ဂ အထွေထွေညီလာခံက သဘောတူဆုံးဖြတ်ချက်ချမှတ်ပေးသည်။

စက်တင်ဘာ ၁၈ ရက်တွင် ပြုလုပ်မည့် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ

ကျေးရွာလျှပ်စစ်မီး ရရှိရေး ဟွန်ဒူရပ်စ် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ကြစဉ်။ ဓာတ်ပုံ– ndupress.ndu.edu

အခမ်းအနားသို့ သမ္မတထရန့်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး နစ်ကီဟာလီတို့ မိန့်ခွန်းပြောကြားရန် စီစဉ်ထားကြောင်း သံတမန်များက ပြောကြားကြသည်။

ကုလသမဂ္ဂသည် လူသားချင်း စာနာထောက်ထားမှုလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းတို့နှင့် ပိုမို၍ ချိန်သားမျှတစွာ ဆောင်ရွက်နိုင်စေရေးအတွက် ကုလသမဂ္ဂ၏ စနစ်တွင် ထိရောက်သော အပြောင်းအလဲများပြုလုပ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကြိုးပမ်းချက်များကို ထောက်ခံကြောင်း အမေရိကန်က ရေးဆွဲထားသော နိုင်ငံရေးကြေညာစာတမ်းတွင် ဖော်ပြထားသည်။

ကတိကဝတ်ပြု

ကုလသမဂ္ဂ၏ ပင်မလက်အောက်ခံ အဖွဲ့အစည်းများအတွင်း လုပ်ပိုင်ခွင့်များ တစ်ခုနှင့်တစ်ခု တူညီနေခြင်း၊ လုပ်ငန်းပမာဏနှင့် နှိုင်းယှဉ်လျှင် ပိုလျှံဝန်ထမ်းများ ရှိနေခြင်း၊ လုပ်ငန်းချင်း ထပ်တူညီနေခြင်းတို့ကို လျှော့ချသွားရန် မိမိတို့ကတိကဝတ်ပြုကြကြောင်း အဆိုပါ နိုင်ငံရေးကြေညာစာတမ်းတွင် ဆက်လက်ဖော်ပြထားသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုမစ်ရှင်လုပ်ငန်းများကို အမေရိကန်ပြည်ထောင်စုက ပြန်လည်သုံးသပ်လျက်ရှိသည်ဆို၏။ ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားသော ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များအတွက် နှစ်စဉ် သက်တမ်းတိုးပေးသည့်ကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ပေးလေ့ရှိပြီး ကုန်ကျစရိတ်လျှော့ချနိုင်စေရေးအတွက် အမှန်တကယ် သက်တမ်းတိုးပေးရန် လိုအပ်မှသာလျှင် သက်တမ်းတိုးပေးရန် အမေရိကန်ပြည်ထောင်စုက လိုလားသည်။ အမေရိကန်သည် ဗြိတိန်၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့်အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း ပြုပြင်ပြောင်းလဲရေး အစီအစဉ်နှင့် ပတ်သက်၍ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများပါ ပါဝင်သော အဖွဲ့ဝင် ၁၅ နိုင်ငံရှိ လုံခြုံရေးကောင်စီ အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်ဟု စက်တင်ဘာလအတွက် အလှည့်ကျဥက္ကဋ္ဌနေရာကို ရယူထားသော အီသီယိုးပီးယား သံအမတ်ကြီး တဲကေဒါအလီမူက ပြောကြားသည်။

ဧကန်မုကား ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးအတွက် တောင်းဆိုမှုများသည် ယခုတွင်မှ ဖြစ်ပေါ်လာသည်မဟုတ်မူ၍ ၁၉၉၀ ပြည့်လွန်နှစ်များကတည်းကပင် စတင်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ရေးရာများတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို မြှင့်တင်လိုသူများ၏ ပြုပြင်ပြောင်းလဲရေး အယူအဆကတစ်ဖက်၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဟူသော ဘောင်အတွင်း၌သာ ထားရှိလိုသူများက တစ်ဖက်ဟူ၍ ဘက်နှစ်ဖက်ကွဲနေသည်။ တစ်နည်းအားဖြင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို အကန့်အသတ်ဖြင့်သာ ထားရှိလိုသူများနှင့် ကုလသမဂ္ဂအား ကမ္ဘာ့အစိုးရသဖွယ် အာဏာသက်ဝင်စေလိုသူများဟူ၍ အုပ်စုနှစ်ခုရှိနေကြပေရာ ပြုပြင်ပြောင်းလဲရေးအယူအဆများမှာလည်း တစ်မျိုးတစ်ဘာသာစီ မတူကွဲပြားလျက်ရှိကြလေသည်။

၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး သန္ဓေတည်ပေါ်ထွန်းလာခဲ့ချိန်မှစ၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဆက်ဆက်တို့က ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် တွေးခေါ်မြော်မြင်ခဲ့ကြသည်မှာလည်း ထင်ရှားလှ၏။ ကမ္ဘာတစ်လွှား ဖြစ်ပေါ်နေသော အခြေအနေများနှင့်အညီ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို အဆင့်လိုက် အကောင်အထည်ဖော်ခဲ့ကြ၏။

၁၉၄၉ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသ၌ အပစ်အခတ်ရပ်စဲမှုကို ကြီးကြပ်နိုင်ရေးအတွက် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းကို အကောင်အထည်ဖော်ရန် လိုအပ်လာသည်။

၁၉၅၀ ပြည့်နှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန်အကြား ကက်ရှ်မီးယားပဋိပက္ခ စတင်ခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း အရှေ့-အနောက် ရန်သတ္တရုပြုမှုကာလအတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး၏ လွတ်လပ်မှုကို လျှော့ချကာ အတွင်းရေးမှူးချုပ် ရာထူးနေရာတွင် ဆိုရှယ်လစ်နိုင်ငံများမှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် 'ထရွိုင်ကာ' အဖွဲ့ဖြင့် အစားထိုးခဲ့သည်။ နယ်ချဲ့လက်အောက်ခံကိုလိုနီနိုင်ငံများ လွတ်လပ်ရေး ရရှိလာကြသည်နှင့်အမျှ ကုလသမဂ္ဂအဖွဲ့ဝင်ဦးရေ တရိပ်ရိပ်တိုးလာခဲ့သည်။

အာဖရိကနှင့် အာရှတို့မှ နိုင်ငံများ ကုလသမဂ္ဂတွင် ပါဝင်လာကြရာ ဖွံ့ဖြိုးရေး ကိစ္စရပ်များမှာ တစ်စစပိုမိုအရေးပါလာပြီး ဖွံ့ဖြိုးရေးနယ်ပယ်အတွင်း ကုလသမဂ္ဂ၏ အဝန်းအဝိုင်းကို တိုးချဲ့လာရသည်။ ဤသို့ဖြင့် ၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (ယူအင်န်ဒီပီ)ကို ထူထောင်ခဲ့သည်။

အကျိုးစီးပွားချင်း ပဋိပက္ခ

၁၉၇၀ ပြည့်နှစ် နှစ်များအရောက်တွင်မူ ကမ္ဘာ့မြောက်ခြမ်းနှင့် တောင်ခြမ်းအကြား အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ပွားလာခဲ့ရာ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံမှတစ်ဆင့် အဆိုပြုချက်များကို တင်ပြကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများက ယင်းတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း အာရှဘဏ္ဍာရေးပြဿနာဖြစ်ပေါ်ခဲ့ပြီး ကုလသမဂ္ဂ၏ ဘတ်ဂျက်ဆိုင်ရာလုပ်ငန်းစဉ် ပြုပြင်ပြောင်းလဲရန်လည်းကောင်း၊ ကုလသမဂ္ဂအင်အား လျှော့ချရန်လည်းကောင်း အမေရိကန်က ကြိုးပမ်းလာခဲ့သည်။

စစ်အေးခေတ် ကုန်ဆုံးလွန်မြောက်လေသော် ကုလသမဂ္ဂကို ပြန်လည်ဆန်းသစ်နိုင်ရန် ကြိုးပမ်းလာခဲ့ကြပြီး အတွင်းရေးမှူးချုပ် ဘူထရို့စ် ဘူထရို့စ်ဂါလီ၏ ငြိမ်းချမ်းရေးအစီအစဉ်နှင့်အတူ ပြုပြင်ပြောင်းလဲရေးဘက်သို့ ဦးတည်ခဲ့ကြပြန်သည်။

နမီးဘီးယား၊ ယူဂိုဆလားဗီးယား၊ ဆိုမာလီနှင့် အင်ဂိုလာတို့၌ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု မစ်ရှင်လုပ်ငန်းများကို တသီတတန်း အကောင်အထည်ဖော်ခဲ့ပြီး တစ်ချိန်တည်းမှာပင် လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲပြုလုပ်ရန် အထူးအားဖြင့် ဂျာမနီ၊ ဂျပန်၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့က ကြိုးပမ်းလာခဲ့ကြသည်။ လုံခြုံရေးကောင်စီ၌ ဗီတိုအာဏာကိုင်စွဲခွင့်ရရှိသော အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်လာစေရန် ယင်းနိုင်ငံများက ရည်မှန်းကြသည်။

ညှိနှိုင်းဆောင်ရွက်မှု သာလွန်ကောင်းမွန်သော ဖွံ့ဖြိုးရေးစနစ် ဖြစ်ပေါ်ရေး၊ ထိရောက်မှုရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတို့အတွက် ပြုပြင်ပြောင်းလဲခဲ့ကြသည်။

HIV/AIDS တိုက်ဖျက်ရေး လုပ်ငန်းကို အရှိန်အဟုန် မြှင့်တင်နိုင်ခဲ့ပြီး Global Compact အစီအစဉ်အရ ကုလသမဂ္ဂနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများအကြား မိတ်ဖက်ပြုဆောင်ရွက်ရေး အယူအဆသစ် အသက်ဝင်လာသည်။ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တိုးတက်စေရန် ဆန်းသစ်မှုများ ပြုလုပ်ခဲ့ကြပြီး လူ့အခွင့်အရေး ကော်မရှင်ကို အဖတ်ဆယ်နိုင်ရန် လူ့အခွင့်အရေးကောင်စီကို ထူထောင်ခဲ့သည်။

ပွင့်လင်းမြင်သာမှုရှိရေး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးမှာ မကြာခဏ ဆွေးနွေးကြလေ့ရှိသည့် ကိစ္စရပ်ဖြစ်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံး (ဗျူရိုကရေစီ) ပွင့်လင်းမြင်သာမှုရှိရေးအတွက် ပြုပြင်ပြောင်းလဲရန်လည်း တောင်းဆိုမှုများရှိသည်။

၎င်းအပြင် ဒီမိုကရေစီ နည်းလမ်းနှင့် အညီအညွတ်ဖြစ်သော ကမ္ဘာ့အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ရန် တိုက်တွန်းမှုလည်းရှိသည်။

ကုလသမဂ္ဂ၏ ပတ်မဥသုံ ဘတ်ဂျက် အသုံးစရိတ် ထောက်ပံ့ပေးနိုင်ရေးအတွက် ဒုံးလက်နက်များ၊ စစ်လေယာဉ်များ၊ သံချပ်ကာ ကားများနှင့် သေနတ်တို့အပေါ် အခွန်ကောက်ယူရန်လည်းကောင်း၊ ကမ္ဘာတစ်ဝန်း ဆောင်ရွက်သည့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းများအတွက် ငွေကြေးကောက်ယူရန်လည်းကောင်း ပေါလ်ဟော့ကင်က The Ecology of Commerce အမည်ရှိ သူ၏စာအုပ်တွင် အဆိုပြုခဲ့လေသည်။

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးအတွက် အခြားလုပ်ဆောင်ချက်များတွင် ကုလသမဂ္ဂ ပါလီမန်များဆိုင်ရာ ညီလာခံ ထူထောင်ရေး၊ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ် (ယူအင်န်အီးပီ)ကို ပိုမို၍ စွမ်းပကားကြီးမားသော ကုလသမဂ္ဂ ပတ်ဝန်းကျင်အဖွဲ့ချုပ်နှင့် အစားထိုးရေး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အေဂျင်စီများအားလုံးနှင့် လုပ်ငန်းအလိုက် သီးသန့်ထူထောင်ထားသော အစီအစဉ်များကို UNDP အုပ်ချုပ်ရေးမှူးက သဘာပတိအဖြစ် ဆောင်ရွက်သော United Nations Development Group (UNDG) အောက်တွင်ထားရှိရေး စသည်တို့ ပါဝင်သည်။

ကမ္ဘာတစ်လွှား ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ လူ့အခွင့်အရေး စောင့်ရှောက်ရေး၊ တရားဥပဒေစိုးမိုးရေး စသည့် မြင့်မြတ်သော ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းနေသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးသည် အင်အားကြီး ကမ္ဘာ့နိုင်ငံများ၏ လွှမ်းမိုးမှု မရှိစေဘဲ ကမ္ဘာ့နိုင်ငံများအားလုံး ဆူကြံ့နိမ့်မြင့်မရွေး တန်းတူညီမျှစွာ ရပ်တည်ကြလျက် ကမ္ဘာ့လူသားများ၏ အကျိုးစီးပွားများအတွက် ဆောင်ကြဉ်းပေးနိုင်သော နိုင်ငံတကာမိသားစု အဖွဲ့အစည်းကြီးအဖြစ် အစဉ်ရပ်တည်နိုင်ရန် ကြိုးပမ်းသင့်ကြပုံကို တွေးတောမိရင်း "အပေးအယူတူမျှ ကုလသမဂ္ဂ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

Ref ; Trump to host Sept. 18 meeting of world leaders on U.N. reform(Reuters)

အဆုံးသတ်များစွာနဲ့ "Game of Thrones" ရုပ်ရှင်သစ် ရာသီသစ်တွင် ဇာတ်ကောင်သစ်နှစ်ဦး ပါဝင်မည်

HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိတဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ယခုနှစ်ရာသီအတွက် ထုတ်လွှင့်ပြသခဲ့ရာ မကြာမီက ရာသီသိမ်းရုပ်ရှင်ကို ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိမှာ

သတ္တမမြောက်ရာသီကို ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ နောင်ဖန်တီးမယ့် ရာသီသစ်အတွက် ဇာတ်လမ်းတွဲရဲ့ အဆုံးသတ်ကိုတော့ မတူညီကွဲပြားတဲ့အဆုံးသတ်တွေနဲ့ ဖန်တီးသွားမှာဖြစ်ကြောင်းနဲ့ ယင်းဇာတ်လမ်းတွဲသစ်မှာတော့ ယခင်ပါဝင်နေကျ ဇာတ်ဆောင်တွေအပြင် ဇာတ်ဆောင်နှစ်ဦး ထပ်မံထည့်သွင်းဖန်တီးသွားမှာဖြစ်ကြောင်း ဂလိုဘယ်နယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

ယင်းဇာတ်လမ်းတွဲ ရုပ်ရှင်အဖွဲ့သားတစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ရာသီသစ်ဖြစ်တဲ့ အဌမမြောက်ရာသီဟာ ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးထုတ်လွှင့်သွားမယ့်ရာသီဖြစ်ပြီး ယင်းရာသီအပြီးမှာတော့ ဇာတ်လမ်းတွဲကို အပြီးသတ်အဆုံးသတ်တော့မှာဖြစ်ကြောင်း၊ နောက်ဆုံးအဆုံးသတ်ရုပ်ရှင်ရဲ့ ဇာတ်သိမ်းခန်းတွေကို အမျိုးမျိုးဖန်တီးရိုက်ကူးသွားမှာဖြစ်ကြောင်း၊ အစီအစဉ်အသေးစိတ်ကိုမသိရသေးတဲ့အတွက် ဘယ်လိုအဆုံးသတ်တွေရှိမယ်ဆိုတာ မသိရသေးကြောင်း သိရပါတယ်။

"Game of Thrones"ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ကစ်ထ်ဟာရင်တန်က ဇာတ်လမ်းတွဲသစ်အတွက် အဆုံးသတ်ကို ရိုက်ကူးရာမှာ အတုအယောင်ဖန်တီးဖို့အတွက် ယခုလို အဆုံးသတ်အမျိုးမျိုးရိုက်ကူးသွားဖို့ ဆုံးဖြတ်ထားတာဖြစ်ကြောင်းနဲ့ အဆုံးသတ်တစ်မျိုးစီအတွက် ငါးနာရီကြာရိုက်ကူးရတဲ့ ဇာတ်လမ်းအမျိုးမျိုးစီစဉ်ထားတာ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အဆိုပါဇာတ်လမ်းတွဲရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ ရာသီမှာတော့ ဟက်ကာတွေရဲ့ အန္တရာယ်နဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ မစ္စတာစမစ်သ်လို့ အမည်ရတဲ့ ဆိုက်ဘာတိုက်ခိုက်သူက "Game of Thrones"ရဲ့ သတ္တမမြောက်ရာသီထုတ်လွှင့်နေစဉ်မှာပဲ ယင်းဇာတ်လမ်းတွဲရဲ့ "The Dragon and the Wolf"လို့ အမည်ရတဲ့ နောက်ဆုံးအပိုင်းကို အွန်လိုင်းကနေတစ်ဆင့် ထုတ်ဖော်ပြသသွားမှာဖြစ်ကြောင်း ခြိမ်းခြောက်ပြောကြားခဲ့တာဖြစ်ပြီး ဒီလိုဟက်ကာတွေရဲ့အန္တရာယ်က ကျော်လွှားဖို့အတွက် အတုအယောင်ဇာတ်သိမ်းတွေများစွာဖန်တီးဖို့ စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒီလိုဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုအတွက် အဆုံးသတ်အမျိုးမျိုးဖန်တီးရိုက်ကူးတဲ့ပုံစံကို ယခင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရုပ်သံဇာတ်လမ်းတွဲတွေမှာလည်း အသုံးပြုခဲ့ဖူးပါတယ်။ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်တဲ့ "Breaking Bad"နဲ့ "The Sopranos"တို့ရဲ့ အဆုံးသတ်တွေကိုလည်း အမျိုးမျိုးရိုက်ကူးခဲ့ကာ ရုပ်သံဇာတ်လမ်းတွဲအတွက် ဝေခွဲရခက်တဲ့အဆုံးသတ်အဖြစ် ဖန်တီးခဲ့ကြကြောင်းလည်း သိရပါတယ်။

ယင်းရုပ်သံဇာတ်လမ်းတွဲရဲ့ လာမယ့်ရာသီသစ်အတွက် ရိုက်ကူးရေးလုပ်ငန်းတွေကို ယခုနှစ်အောက်တိုဘာလအတွင်း စတင်သွားဖို့စီစဉ်ထားပြီး ထုတ်လွှင့်ပြသသွားဖို့အတွက်ကတော့ လာမယ့် ၂၀၁၈ ခုနှစ် သို့မဟုတ် ၂၀၁၉ ခုနှစ်အတွင်း စတင်ထုတ်လွှင့်ဖို့ရည်ရွယ်ထားကာ ဇာတ်လမ်းအပိုင်းပေါင်း ခြောက်ပိုင်း ပါဝင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

သူငယ်ချင်းမရှိဘူးလို့ခံစားနေရတဲ့ ဆယ်လီနာဂိုမက်ဇ်

ပေ့ါပ်ကြယ်ပွင့်ဆယ်လီနာဂိုမက်ဇ်ကတော့ လက်ရှိသူ့ဘဝဟာ ပတ်ဝန်းကျင်မှာ လူတွေများစွာနဲ့ ဆက်ဆံနေထိုင်ရတာဖြစ်ပေမယ့် လက်တွေ့ကျတဲ့ဘဝမှာတော့ ရင်းနှီးတဲ့သူငယ်ချင်းမရှိဘူးလို့ ခံစားနေရကြောင်း ဖွင့်ဟခဲ့တယ်လို့သိရပါတယ်။ ဆယ်လီနာက လက်ရှိအချိန်အထိ သူလျှောက်လှမ်းခဲ့ရတဲ့ ဘဝဟာ အထီးကျန်လွန်းပြီး ရင်းနှီးတဲ့သူငယ်ချင်း မရှိသလောက်ဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိအချိန်အထိ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်လိုဝါသန်း ၁၀၀ ကျော်ရှိပြီး ပရိသတ်အများဆုံး ပိုင်ဆိုင်ထားကာ ကြိုက်နှစ်သက်မှုအများဆုံးရရှိထားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်က ဘေးမှာဝန်းရံနေတဲ့သူတွေများစွာရှိနေတဲ့သူ့ဘဝမှာ ကိုယ်တိုင်ကတော့ တစ်ခါတလေမှာ သာမန်လူတွေခံစားရလေ့ရှိတဲ့ အထီးကျန်မှုမျိုးကို ခံစားခဲ့ရကြောင်းလည်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့ စိတ်ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းဖြေကြားခဲ့တာဖြစ်ပါတယ်။ ဆယ်လီနာက "ကျွန်မရဲ့ ဆရာတွေ၊ အုပ်ချုပ်သူတွေ၊ မန်နေဂျာတွေနဲ့ လေးစားရတဲ့သူတွေကို သူတို့ရဲ့ဘဝနေထိုင်မှုပုံစံနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။ သူတို့ကို ဒီလိုနေရာအထိရောက်အောင် ဘယ်လိုကြိုးစားခဲ့ရတာတွေ၊ ကျွန်မလို အသက်(၂၅)နှစ်အရွယ်မှာ သူတို့ရဲ့ ခံစားချက်တွေနဲ့ သူတို့အမြဲစဉ်းစားတွေးတောနေတဲ့ အရာတွေကို မေးကြည့်ခဲ့ပါတယ်။ သူတို့တွေရဲ့ ဖြေကြားချက်တွေအရ ကိုယ်နဲ့စိတ်တူကိုယ်တူ လူတွေနဲ့ရှိနေဖို့ရယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့သူတွေက ကိုယ်ဘယ်လိုလူလဲဆိုတာ ဖော်ပြနေတယ်ဆိုတာ လက်ခံလာမိတယ်" လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နေထိုင်လာခဲ့ရတာဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့တယ်လို့ သိရပါတယ်။

တေးသီချင်းသစ်နဲ့ ဂျပန်ပရိသတ်တွေရှေ့ အရောက်လာမယ့် TWICE

လတ်တလောမှာ တောင်ကိုရီးယားရဲ့ အအောင်မြင်ဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့အဖြစ် ဖော်ပြခြင်းခံရတဲ့ TWICE တေးဂီတအဖွဲ့ဟာ တေးသီချင်းသစ်တစ်ပုဒ် ထုတ်လွှင့်ပေးတော့မှာဖြစ်ကြောင်းနဲ့ ယင်းတေးသီချင်းသစ်ဟာ ဂျပန်ဘာသာစကားနဲ့ သီဆိုထားတာဖြစ်ပြီး ဂျပန်မှာ ပရိသတ်အခိုင်အမာရရှိထားတဲ့ အဆိုပါတေးဂီတအဖွဲ့က သူတို့ရဲ့ ဂျပန်ပရိသတ်တွေအတွက် ရည်ရွယ်ထုတ်လွှင့်ပေးခဲ့တာလည်း ဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ဆွေ့ရာသီမှာတော့ TWICE တေးဂီတအဖွဲ့ဟာ ဂျပန်မှာရှိတဲ့ပရိသတ်တွေရှေ့ကို တေးသီချင်းသစ်နဲ့အတူ အရောက်ပြန်လာဖို့ စီစဉ်ထားတာဖြစ်ပြီး ယင်းသီချင်းကိုတော့ "One More Time"လို့အမည်ပေးထားကြောင်းလည်း သိရပါတယ်။ ယင်းတေးသီချင်းဟာ TWICE ရဲ့ ပထမဆုံးသော ဂျပန်မူရင်းတေးသီချင်းတစ်ပုဒ်လည်းဖြစ်ပြီး လာမယ့် အောက်တိုဘာ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

TWICE တေးဂီတအဖွဲ့ဟာ သူတို့ရဲ့ ပထမဆုံးသော ဂျပန်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပြီးတဲ့နောက် ယင်းနိုင်ငံမှာ အထူးအောင်မြင်ခဲ့တဲ့ တေးဂီတအဖွဲ့လည်းဖြစ်ပါတယ်။ အဆိုပါတေးအယ်လ်ဘမ်ကိုတော့ "TWICE"လို့ အမည်ပေးထားပြီး ယင်းတေးအယ်လ်ဘမ်မှာ အဖွဲ့ရဲ့ အကျော်ကြားဆုံးသောတေးသီချင်းတွေဖြစ်တဲ့ "Signal"နဲ့ "TT"တို့လည်းပါဝင်ကာ ယင်းတေးသီချင်းတွေရဲ့ မူရင်းကတော့ ကိုရီးယားဘာသာနဲ့ သီဆိုခဲ့တာဖြစ်ပါတယ်။

ဂျနီဖာလောရန့်စ်ရဲ့ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်သစ် "Red Sparrow"ရဲ့ အစမ်းဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီရုပ်ရှင်မှာတော့ ဂျနီဖာဟာ အထူးစုံထောက်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပြီး သူ့ရဲ့တိုက်ခိုက်ရေးစွမ်းရည်ကို ပြန်လည်မြင်တွေ့နိုင်မှာလည်း ဖြစ်ပါတယ်။

လတ်တလောမှာ YouTube ပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာတော့ ဂျနီဖာလောရန့်စ်ဟာ ယခင်ပါဝင်သရုပ်ဆောင်နေကျ ဇာတ်ကောင်တွေနဲ့ အတော်လေးကွဲပြားတာကို တွေ့ရပြီး အပြင်အဆင်ပိုင်းမှာလည်း ပိုပြီးဆွဲဆောင်မှုရှိတဲ့အလှမျိုးနဲ့ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ တိုက်ခိုက်ရေးရုပ်ရှင်တစ်ခုဖြစ်တဲ့ "The Hunger Games" ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ရင်း နာမည်ကျော်တစ်ဦးဖြစ်လာခဲ့တဲ့ ဂျနီဖာလောရန့်စ်ဟာ လတ်တလောစမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင်မှာလည်း တိုက်ခိုက်ရေးကျွမ်းကျင်တဲ့ စုံထောက်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Red Sparrow"ရုပ်ရှင်မှာတော့ ဂျနီဖာလောရန့်စ်ဟာ ဘဲလေးအကမယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး ယင်းဇာတ်ကောင်ဟာ ဒဏ်ရာအကြီးအကျယ်ရခဲ့တဲ့အတွက် သူ့ရဲ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ဘဲလေးအကမယ်တစ်ဦးရဲ့ဘဝကို စွန့်လွှတ်ခဲ့ရပြီးတဲ့နောက် စုံထောက်တစ်ဦးအဖြစ် ရပ်တည်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် သူ့ရဲ့ စိတ်နဲ့ခန္ဓာအားလုံးကို စီမံကိန်းတစ်ခုဖော်ဆောင်ရာမှာ လက်နက်အဖြစ် အသုံးချသွားဖို့ လေ့ကျင့်ပေးခြင်းလည်း ခံခဲ့ရတာဖြစ်ပါတယ်။

ဂျနီဖာလောရန့်စ်ရဲ့ ယခုသီတင်းပတ်အတွင်း စတင်ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်သစ် "Mother"မှာတော့ သူ့ကို တကယ့်ကို ရင့်ကျက်တဲ့မိခင်တစ်ဦးအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါရိုက်တာ ဒါရန်အရွန်နော့ဖ်စကီးရိုက်ကူးပေးထားတဲ့ ယင်းရုပ်ရှင်မှာတော့ ဂျနီဖာရဲ့ ဇာတ်ကောင်ဟာ ထိတ်လန့်စရာတွေကို ကြုံတွေ့ခဲ့ရပြီးနောက် တည်ငြိမ်ရင့်ကျက်တဲ့ အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးလည်းဖြစ်ပါတယ်။ လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ "Red Sparrow"မှာပါဝင်နေတဲ့ ဂျနီဖာရဲ့ ဇာတ်ကောင်ကတော့ "Mother"ရုပ်ရှင်ကဇာတ်ကောင်နဲ့ လုံးလုံးခြားနားနေတာဖြစ်ပါတယ်။

ရုပ်ရှင်သစ် "Red Sparrow"ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်မှာ စတင်ပြသသွားဖို့ စီစဉ်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်ကိုတော့ ဒါရိုက်တာ ဖရန်စစ်လောရန့်စ်က တာဝန်ယူဖန်တီးပေးထားကာ ဟောလိဝုဒ်သရုပ်ဆောင်များစွာပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့နှင့် လူထုတွေ့ဆုံပွဲ လွိုင်ကော်မြို့၌ကျင်းပ

လွိုင်ကော် စက်တင်ဘာ ၁၆
ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ပြည်သူလူထုနှင့်တွေ့ဆုံရာတွင် လိုအပ်ချက်များကို ညီအစ်ကိုမောင်နှမ မိသားစုသဖွယ် ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး ပြောဆိုဆွေးနွေးနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်တည်ဆောက်ရာတွင် အခက်အခဲများ၊ အားနည်းချက်များရှိသော်လည်း ဌာနဆိုင်ရာများနှင့် ပြည်သူများလက်တွဲပူးပေါင်းပြီးဟန်ချက်ညီညီဆောင်ရွက်လျှင် မိမိတို့ကျေးရွာ၊ ရပ်ကွက်၊ ဒေသများဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုထိရောက်အောင်မြင်လာမှာဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမယ်ဟောင်ဆောင်ခရိုင်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့ကို ညီအစ်မမြို့တော်ဖြင့် နားလည်မှု(MOU) လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ မယ်စဲ့မြို့နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း၊ မြေငှားဂရန်များကိုလည်း မြို့ရွာအလိုက် အခမ်းအနားဖြင့် ပေးအပ်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်၊ ပညာရေး၊ ကျန်းမာရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများလိုလားသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ပြည်နယ်ခန်းမ၌ ပြုလုပ်သည့် လွိုင်ကော်မြို့ပေါ် ရပ်ကွက် ၁၉ ခုမှ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ရပ်ကွက် ၁၉ ခုမှ ပြည်သူများက မြို့တွင်းလမ်းမီး၊ ဓာတ်တိုင်များနှင့် ထရန်စဖော်မာလိုအပ်ချက်များ ဖြည့်တင်းပေးနိုင်ရေး၊ လမ်းမကြီးနှင့် လမ်းသွယ်များကတ္တရာခင်းပေးနိုင်ရေး၊ တံတားတည်ဆောက်ပေးနိုင်ရေး၊ ရေမြောင်းများ တူးဖော်ပေးနိုင်ရေး၊ မြို့တွင်းရေပေးဝေမှုလိုအပ်ချက်များဆောင်ရွက်ပေးနိုင်ရေး၊ ရေအရင်းအမြစ်ရေရှည်ရရှိနိုင်ရေး၊ စာသင်ကျောင်းသစ်တည်ဆောက်ပေးနိုင်ရေး၊ ကျောင်းခြံစည်းရိုးကာရံပေးနိုင်ရေး၊ မြေငှားဂရန်များဆောင်ရွက်ပေးနိုင်ရေး၊ ရပ်ကွက်ဘောလုံးကွင်းပြုလုပ်ဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများအခန်းကဏ္ဍ ပိုမိုပါဝင်လာနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူတို့က လက်ရှိဆောင်ရွက်ပေးနေမှု လုပ်ငန်းအခြေအနေများနှင့် ယခုနှစ်အတွင်း ဖြေရှင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ ဆက်လက်လျာထားဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ဖြည့်ဆည်း ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ လူထုတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) တစ်အိမ်သုံး ဆိုလာစနစ် မီးလင်းရေးဖွင့်ပွဲ ကျင်းပ

မြိတ် စက်တင်ဘာ ၁၆
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) တစ်အိမ်သုံးဆိုလာစနစ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာအုပ်စု ဖော့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပုလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်က NEP စီမံကိန်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ယင်းနောက် ဖော့ကျေးရွာ ဒေသခံပြည်သူများကိုယ်စား ကျေးရွာမီးလင်းရေးကော်မတီမှ အတွင်းရေးမှူးဦးနေလင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာအုပ်စု ဖော့ကျေးရွာတွင် တစ်အိမ်သုံးဆိုလာ ၆၇ စုံ၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘာသာရေးကျောင်း နှစ်ကျောင်းနှင့် လမ်းမီးတိုင် ငါးတိုင်တို့အား တပ်ဆင်ပြီးစီး၍ မီးလင်းနေမှုအခြေအနေများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန်၊ မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်၊ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန်၊ မြိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်၊ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြင့်ဦး(မြိတ်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အမှတ်(၇)ယာဉ်ထိန်း ရဲဒုတပ်ဖွဲ့ခွဲ (ရန်ကုန် - အနောက်) အတွင်းရှိ ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်များမှ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ဒဂုံမြို့နယ် မဟာဓမ္မရံသီသိမ်တော်ရာစေတီတော်ကြီးဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
ကြေးမုံ

အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် လွှဲပြောင်းပေးအပ်

ဝါးခယ်မ စက်တင်ဘာ ၁၆
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒုတိယအကြိမ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် လူမှုရေးပင်စင်ပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကာ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရွှေခယ်သီရိ အားကစားခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြောင်းမြခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒု-ဦးစီးမှူး ဒေါ်သီတာလွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်မော်တို့က သက်ကြီး ဘိုးဘွားများအတွက် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် လူမှုရေးပင်စင်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပေးကာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လူမှုရေးပင်စင်များအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဝါးခယ်မမြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် ဘိုးဘွား ၁၂၆ ဦးအား လူမှုရေးပင်စင်အဖြစ် တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ သုံးလအတွက် ငွေကျပ် သုံးသောင်းကို လက်ဝယ်အရောက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ (ဝါးခယ်မ)

ညောင်ဦးတွင် မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေး နည်းပညာပေးသင်တန်းဖွင့်

ညောင်ဦး စက်တင်ဘာ ၁၆
ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ ပြည်သူများမီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် အရေးပေါ် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေး နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက ညောင်ဦးမြို့ Golden Express ခရီးသွားလုပ်ငန်းကုမ္ပဏီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး)က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာများက Golden Express ခရီးသွားလုပ်ငန်းကုမ္ပဏီမှ ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူများကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအား အဆင်ချောမွေ့စွာ ဝန်ဆောင်မှုပြုပေးနိုင်ရန်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စနစ်တကျ မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြသည်။

အဆိုပါ မီးငြိမ်းသတ်နည်းနှင့် ရှာဖွေကယ်ဆယ်ရေး နည်းပညာပေးသင်တန်းအား စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရပြီး သင်တန်းသို့ Golden Express ခရီးသွားလုပ်ငန်းကုမ္ပဏီ(ဝန်ထမ်း) သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ကွန်ကရစ်တိုင်နှင့် မီးကြိုးများ အစားထိုးလဲလှယ်

ကျောက်တန်း စက်တင်ဘာ ၁၆
ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်နှင့် လျှပ်စစ်အန္တရာယ် မဖြစ်စေရန်အတွက် ကျောက်တန်းမြို့နယ် လျှပ်စစ်ရုံးမှ မန်နေဂျာ ဦးကြည်သာစိုး၊ လက်ထောက်မန်နေဂျာ ဦးမြတ်ကိုကိုဦးတို့ဦးဆောင်သော ဝန်ထမ်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်က သီလဝါလမ်းမကြီး ပါဒကြီးကျေးရွာလမ်းဆုံထိပ်မှ အမှတ် (၇) လုံခြုံရေးရဲတပ်ရင်းလမ်းဆုံထိ ပေ ၉၈၀၀ အား SAC 120^mm2 ဖြင့် အစားထိုးလဲလှယ်ခြင်း၊ ၁၀ မီတာကွန်ကရစ်တိုင် ၆၇ တိုင်ကို အစားထိုးလဲလှယ်ခဲ့ကြကြောင်း သိရသည်။

(၆၈၉)

■

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်

နေပြည်တော် စက်တင်ဘာ ၁၆
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ်ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားအများစုပါဝင်သော တတိယနိုင်ငံသား ခရီးသွားဧည့်သည် ၁၃၇ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၇၄ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၃၃ ဦး ရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ်လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက် လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရား ခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီစသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ်နယ်စပ် ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွား ဧည့်သည်အရေအတွက်မှာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၃၅၄၉ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၃၈၅၅ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့်လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၃၁၄၆ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ဟိုတယ်ခရီး

သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ပဲခူး စက်တင်ဘာ ၁၆
ပဲခူးတိုင်းဒေသကြီး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲအား စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ရှင်စောပုခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဌေးမြင့်အောင်တို့က သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမပညာပြန့်ပွားရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတို့က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် သမဝါယမဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၈ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများက မြို့နယ်အလိုက်သမဝါယမအသင်းများရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြခဲ့ကြသည်။

သမဝါယမအသင်းများက လယ်ယာမြေဝန်ဆောင်မှုလုပ်ငန်း၊ သွင်းအားစုရောင်းချရေးလုပ်ငန်း၊ ဒေသအခြေအနေနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် သမဝါယမပညာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။ **သူရအောင်(ပြည်)**

ပဲခူးမြို့နယ်အတွင်း အသက်(၉၀)နှင့်အထက် ဘိုးဘွားများအား ဒုတိယအကြိမ်လူမှုရေးပင်စင်ငွေထောက်ပံ့

ပဲခူး စက်တင်ဘာ ၁၆
ပဲခူးမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သော ပဲခူးမြို့နယ်အတွင်းရှိအသက်(၉၀)နှင့်အထက် အဘိုး အဘွားများ ဒုတိယအကြိမ်လူမှုရေး ပင်စင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်ကအဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝါဝါဝင်းကျော်က လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၇ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွက် အဘိုး အဘွားများအား ထောက်ပံ့ငွေတို့ကိုရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြသည်။

ပဲခူးမြို့နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယအကြိမ် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ရာတွင် အသက်(၉၀)နှင့် အထက် အဘိုး ၁၂၇ ဦး၊ အဘွား ၂၇၇ ဦး စုစုပေါင်း ၄၀၄ ဦးရှိပြီး တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလစာ သုံးသောင်းကျပ်စီပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ယခင်နှစ်များက တစ်နှစ်လျှင် တစ်ကြိမ်သာထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြပြီး ၂၀၁၇ ခုနှစ်မှစတင်၍အသက်(၉၀)နှင့်အထက် အဘိုးအဘွားများကို တစ်လလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ပဲခူးနှင့်တောင်ငူခရိုင်မှ ၂၀၅၀၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ၂၇၅၇ ဦး စုစုပေါင်း ၄၈၀၇ ဦးထောက်ပံ့ပေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထောက်ပံ့ငွေပေးအပ်ရာတွင်လည်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှဘိုးဘွားများထံလူမှုရေးပင်စင်စာအုပ်ဖြင့်ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်းတိုင်းဒေသကြီးလူမှုရေးဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝါဝါဝင်းကျော်ကပြောကြားခဲ့ကြောင်းသိရသည်။

(၅၈၇)

ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံဝင်း အတွင်း အပြင် သန့်ရှင်းရေးဆောင်ရွက်

ဗဟန်း စက်တင်ဘာ ၁၆
ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံဝင်းအတွင်း/အပြင်၌ စက်တင်ဘာ ၁၅ ရက် နံနက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်မြတ်ကျော်နှင့် ဦးသောင်းထွဋ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့ကြီးကြပ်လျက် ရေစီးရေလာကောင်းမွန်စေရေး၊အမှိုက်များသိမ်းဆည်းပေးခြင်း၊ မြက်ချုံများခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြသည်။

“ဆေးရုံဝင်းကကျယ်ပြီးသစ်ပင်ကြီးတွေအုပ်ဆိုင်းကာ မြက်ချုံတွေများနေတဲ့အတွက်ရှင်းလင်း ဆောင်ရွက်ပေးတာပါ”ဟု စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ပြောသည်။ အထူးသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဗဟန်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ ပါတီဝင် ၃၀နှင့် သန့်ရှင်းရေးလုပ်သား၂၅ ဦး၊ ကြီးကြပ် ၁၅ ဦး စုစုပေါင်း ၇၀ ဖြင့် ပြည်သူ့အကျိုးပြုသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြသည်။ **မောင်မောင်**

လျှပ်စစ်မီးလိုင်းကြိုးများ လဲလှယ်

လှိုင်သာယာ စက်တင်ဘာ ၁၆
လှိုင်သာယာမြို့နယ်အတွင်းရှိရပ်ကွက်ကျေးရွာအသီးသီးမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် လှိုင်သာယာမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးလှမြင့်က ဦးဆောင်၍ စက်တင်ဘာ ၁၄ ရက်က ရပ်ကွက်/ကျေးရွာ အသီးသီးရှိ ပြည်သူများအတွက် အန္တရာယ်ရှိနိုင်သော နေရာများရှိ လျှပ်စစ်မီးလိုင်းကြိုးများကို ယခင်ကတစ်သွင်နှစ်ကြိုး၊ တပ်ဆင်ထားသော နေရာများအား ယခုကာဗာပါသုံးသွင် လေးကြိုးဖြင့် အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။ **(၃၂၉)**

စာမျက်နှာ ၁၅ မှ

ကမ္ဘာ့လေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်မှုပမာဏသည် ၂၀၁၆ ခုနှစ်ကုန်က ၄၈၆ ဂီဂါဝပ်ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်းက ၅၄ ဒသမ ၈ မဂ္ဂါဝပ်တိုးမြင့်ခဲ့ပြီး တစ်နှစ်လျှင် အတိုးနှုန်း ၁၁ ဒသမ ၈ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း၊ လေအားလျှပ်စစ်အနေဖြင့် ကမ္ဘာ့လျှပ်စစ်ဓာတ်အားလိုအပ်ချက် စုစုပေါင်း၏ ငါးရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ကြောင်း “ကမ္ဘာ့လေစွမ်းအင်အသင်း (World Wind Energy Association)”၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ဤသို့ ထုတ်လုပ်ရာတွင် တရုတ်နိုင်ငံက ၁၆၈ ဂီဂါဝပ်ဖြင့် အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး အမေရိကန်၊ ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့က ထုတ်လုပ်မှု ၇၄ ဂီဂါဝပ်၊ ၄၄ မီဂါဝပ်နှင့် ၂၇ ဂီဂါဝပ် အသီးသီးဖြင့် ဒုတိယ၊ တတိယနှင့် စတုတ္ထနေရာများတွင် ရပ်တည်ခဲ့ကြောင်း မှတ်သားရသည်။

ဘူမိအပူစွမ်းအင်

ဤစွမ်းအင်သည် မြေကြီးအောက်ထဲတွင် ရှိသည့် အပူစွမ်းအင်(Thermal Energy)များကို တစ်နည်းနည်းဖြင့် မြေပြင်ပေါ်သို့ ရောက်အောင်ထုတ်ယူပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးချခြင်းဖြစ်သည်။

ဘူမိအပူစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သကဲ့သို့ အချိန်ပိုင်းနှင့်သာ ထုတ်လုပ်နိုင်ခြင်းမဟုတ်ပါ။ တစ်နှစ်လျှင် ၃၆၅ ရက်၊ တစ်ရက်လျှင် ၂၄ နာရီ ချိန်ခါမရွေး ထုတ်လုပ်နိုင်သည်။ ယင်းစွမ်းအင်သည် မြေကြီးအောက်ထဲတွင် ထာဝစဉ်ရှိနေခြင်းကြောင့် ဖြစ်သည်။

ဘူမိအပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေသည့်နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ အီတလီ၊ မက္ကဆီကို၊ အိုက်စလန်၊ အယ်လ်ဆာဗေးဒိုး၊ ကင်ညာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစသည်တို့ ဖြစ်ကြသည်။ ယခုစွမ်းအင်မှ ၂၀၀၅ ခုနှစ်က တစ်ကမ္ဘာလုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စုစုပေါင်းသည် ၁၂၈၀၀ မဂ္ဂါဝပ်ရှိခဲ့ပြီး အမေရိကန်က ၃၅၈၄ မဂ္ဂါဝပ်ဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ နိုင်ငံတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကျော်ကို ဘူမိအပူစွမ်းအင်မှ ထုတ်လုပ်နိုင်သည့် နိုင်ငံများမှာ ဖိလစ်ပိုင်၊ ကင်ညာ၊ အယ်လ်ဆာဗေးဒိုး၊ အိုက်စလန်နှင့် ကော်စတာရီကာတို့ဖြစ်ကြသည်။

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " SIM SIM " နှင့် " KYAN KYAUNG " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကိုအသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ SIM SIM CO., LTD. သည် " **စိုက်ပျိုးရေးသီးနှံသုံးပိုးသတ်ဆေး မှိုသတ်ဆေး ပေါင်းသတ်ဆေး ဖျက်ပိုးသတ်ဆေးအမျိုးမျိုး စိုက်ပျိုးရေးသီးနှံမျိုးစုံသုံးပိုးသတ်ဆေးအမျိုးမျိုး သီးနှံသုံးအပင်အားဆေး အသီးအားဆေးနှင့် အခြားဟော်မုန်းအားဆေးအမျိုးမျိုး စိုက်ပျိုးသီးနှံမျိုးစုံအတွက်ဓာတ်မြေဩဇာ ရွက်ဖျန်းမြေဩဇာအမျိုးမျိုး သီးနှံမျိုးစုံအပင်အားဆေး သီးနှံမျိုးစုံအသီးအားဆေး ကွန်ပေါင်းဓာတ်မြေဩဇာနှင့် အခြားဓာတ်မြေဩဇာအမျိုးမျိုး** " တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားတုပပြုလုပ်၍သော်လည်းကောင်း ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း အတုအယောင်ပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသွင်ဇာနည်ဦး(အထက်တန်းရှေ့နေ) (စဉ်-၄၈၅၇၄) ဦးအီနစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၇၁)

အမှတ်-(၁၇၆/၁၇၈)၊ ပထမထပ်၊ မီဘနိုင်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၇၉၃၂၈၄၊ ၇၉၃၂၈၅ ၊ ၂၉၆၁၃၂။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျုံးကျုံး(ခ)ဦးကောက်စိန်

(ရွှင်ပျော်ပျော်စားသောက်ဆိုင်၊ ကျောက်တန်း)

အသက် (၉၂) နှစ်

သူငယ်ချင်း စိုးမြင့်အောင်၏ဖခင် ဦးကျုံးကျုံး (ခ) ဦးကောက်စိန်သည် ၁၅-၉-၂၀၁၇ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တက္ကသိုလ်(၁၉၈၅)မှ သူငယ်ချင်းများ
သန်းဝင်း၊ အောင်ဇော်ထိုက်၊ ရောင်လင်းဦး၊
ကျော်မြင့်လွင်၊ မြင့်ဆောင်၊ ထွန်းလှဦး၊ စန်းလှိုင်၊
ရဲညွန့်ဝင်း၊ ပြုံးလေး၊ နန်းဆီနွမ်း၊ အဲလက်(စ်)၊
လဲ့လဲ့ဝင်း၊ အေးမြင့်လင်း၊ သက်သက်ဦး၊ ယုယုမော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်အေး

သံအမတ်ကြီး(ငြိမ်း)၊ ကြည်း-၆၀၄၉

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုဌာနမှ Prof; လွင်တင်အေး၏ ချစ်လှစွာသောဖခင် ဦးတင်အေးသည် ၁၅-၉-၂၀၁၇ (သောကြာနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးနေလင်းဦး
ဂမုန်းပွင့်ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်အေး

သံအမတ်ကြီး(ငြိမ်း)၊ ကြည်း-၆၀၄၉

အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး နှလုံးဆေးကုဌာနမှ Prof;လွင်တင်အေး၏ ချစ်လှစွာသောဖခင် ဦးတင်အေးသည် ၁၅-၉-၂၀၁၇ (သောကြာနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

National အထူးကုဆေးခန်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှစိန် အသက်(၈၀)

(ထားဝယ်၊ သင်းကျွန်းရွာ)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ (၃)လမ်း၊ အမှတ်(၄၀၅)နေ (ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သင်းကျွန်းကျေးရွာ၊ ဦးလှဖေ-ဒေါ်အေးဆွေ)တို့၏သမီးကြီး၊ ဦးကြည်ထွန်း (စောင်စက်ရုံ-၁၊ စက်မှု-၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်မိုး (E.E ပန်းဘဲတန်းမြို့နယ်၊ Y.E.S.C)-ဒေါ်အေးအေးပန် (မူ/ပြငြိမ်း)၊ ဦးမိုးကျော်(ရုံးချုပ် Y.E.S.C)-ဒေါ်သီသီဦး၊ ကိုထွန်းဇော်မိုး-မသီတာ (Uni Asia Co., Ltd)၊ ကိုမင်းဇေယျ (Sec. Mate LizStar Co., Ltd)-ဒေါ်သီတာထွန်း(KBZ သင်္ဃန်းကျွန်း)တို့၏ ချစ်လှစွာသောမိခင်၊ မဝင်းဒါလီမိုး (ဦး/ရှိ C.S.O ကွမ်းခြံကုန်းမြို့နယ်)၊ ကိုမိုးမြင့်သူ (M.O.G.Eအလုံ)၊ မဝင်းနန္ဒာသိန်း (Y.C.D.C)၊ မစုသိင်္ဂီဝင်း(Final Law ဒဂုံတက္ကသိုလ်)၊ မသီရိသူ(B.E)၊ မဝင်းပပမိုး(မူ/ပြ ရွှေပြည်သာ)၊ မောင်ကောင်းမြတ်သူ၊ မေပြည့်စုံတို့၏အဘွားသည် ၁၅-၉-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန္ဒာဦး(မေတ္တာပန်းဥယျာဉ်အဖွဲ့) (၅၇)နှစ်

အထက(၂)၊ လသာကျောင်းသူဟောင်း

ရန်ကုန်မြို့၊ အမှတ်(၄၈၁/၄၁)၊ ဦးထွန်းမြင့်လမ်း၊ (၂၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးတင်အေး-(ဒေါ်ခင်တင့်လွင်)တို့၏သမီးကြီး၊ (ဦးစံဝေ-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊ ဦးစံမိုဝေ၏ဇနီး၊ ဒေါက်တာထူးတင့်ဝေ(ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ရှမ်း/တောင်)၊ ကိုသန့်သုဝေ (JR.Eng, MIRACO Shipping Company)တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ ဒေါ်နီလာအေး (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်သူဇာအေး (Summit Parkview Hotel)-ဦးလှမျိုး၊ (ဦးအာကာအေး)တို့၏ချစ်လှစွာသောအစ်မကြီး ဒေါ်စန္ဒာဦးသည် ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးနေစိုးအောင် (၅၄)နှစ်

MON-GTI ကျောင်းသားဟောင်း

သဘင်အစည်းအရုံးဝင် (မ/ဒဂုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၄) ရပ်ကွက်၊ အမှတ်(၂၉၉)၊ သရဖီ (၄)လမ်းနေ (ဦးမျိုးမြင့်-ဒေါ်စိုးစိုး)တို့၏သားကြီး၊ (ဦးဇော်တင်)-ဒေါ်ငွေငွေတို့၏ သားသမက်၊ မောင်လှစိုးအောင်၊ မောင်ကျော်စိုးအောင်၊ ကိုအောင်ဇော်ဦး-မယဉ်မျိုးထက်၊ မောင်ဇော်မျိုးထက်-မသိင်္ဂီချိုတို့၏ အစ်ကို၊ ဒေါ်မာလာဇော်တင် (သဘင်အစည်းအရုံးဝင်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းချစ်အောင်-မခင်မိုးစန်း၊ မသဲစုဖြိုး၊ မောင်ကောင်းခန့်အောင်၊ မောင်ရဲရင့်အောင်တို့၏ မွေးသဖခင်သည် ၁၅-၉-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

မယ်တော်ကြီး ဒေါ်ဒေါင်းဥ(တန့်ဆည်) (၉၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တနေမိန္ဒ၏ မယ်တော်ကြီး၊ (ဦးစံရွှန်း)၏ဇနီး၊ ဦးထွန်းရေး-(ဒေါ်ငွေရင်)၊ (ဦးပွဲအောင်-ဒေါ်ဂျမ်းဒေါ)၊ ဦးထွန်းဝေ၊ ဒေါ်ဂျမ်းပေါ၊ ဒေါ်ညွန့်တင်၊ ဦးဖိုးလုံး-ဒေါ်ညွန့်ရွှင်၊ ဦးဖိုးငွေ-ဒေါ်သူဇာမော်တို့၏ မိခင်ကြီး၊ မြေး ၂၅ ယောက်၊ မြစ် ၃၀ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ဒေါင်းဥသည် ၁၆-၉-၂၀၁၇ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမောင်မောင်(မအူပင်) (၉၅)နှစ်

တိုင်းအားကစားမှူး(ငြိမ်း)

လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

ဂျပန်ခေတ်ဗိုလ်သင်တန်း (စတုတ္ထပတ်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီးနှင့် ကန်တော့ခံပုဂ္ဂိုလ်ကြီး

မအူပင်မြို့နေ (ဦးလက္ခဏ-ဒေါ်ငယ်မ)တို့၏သား၊ (ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ (ဦးသိန်းဖေ-ဒေါ်လှရှင်)၊ (ဦးစံမြင့်-ဒေါ်ခင်ကြည်)တို့၏မောင်၊ (ဦးထွန်းအောင်-ဒေါ်နီနီ)တို့၏အစ်ကို၊ ဦးရဲခေါင်(ဒုတိယညွှန်ကြားရေးမှူး-MOGE၊ ငြိမ်း)-ဒေါ်ရီရီဝင်း(အထပြ-ငြိမ်း)၊ ဦးပြေလည်-ဒေါ်တင်ရီ (အထပြ-ငြိမ်း)၊ (ဦးအောင်ကျော်ဦး-ဒေါ်နုရီ)၊ ဦးမိုးအောင်၊ ဦးမိုးခိုင်(ဒုတိယရဲမှူး၊ လားရှိုး)-ဒေါ်ခင်သက်အောင်၊ ဦးကျော်ငွေအောင်(နည်းစနစ်မှူး-အား/ကာ)-ဒေါ်မိမိခိုင်၊ ဒေါ်မိုးမိုးအေး(အထက-၂)တို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၅-၉-၂၀၁၇(သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်မြို့ (၂)လမ်းနေအိမ်မှ မအူပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘစော(ဘိုကလေး) (၉၂)နှစ်

တိုင်းငွေစာရင်းအရာရှိ(အငြိမ်းစား)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဘိုကလေးမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးနိုင်-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ အခန်း(၁၀၁)၊ စိန်တိုက်နေ(ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးဝင်းဗိုလ် (Freelance Business Consultant)၊ ဒေါ်နွယ်နီထွန်း(English Teacher,NNT English Classes)တို့၏ဖခင်၊ Dr.ထားပြည့်ဗိုလ်(Yee Shin Co., Ltd)၊ မောင်သူရထွန်းဗိုလ် (Apple Fashion)၊ မောင်မြတ်ထွန်းဗိုလ်(ခ)မျိုးဝင်းထွန်း(DSA-59)တို့၏ ချစ်လှစွာသောအဘိုး ဦးဘစောသည် ၁၆-၉-၂၀၁၇ရက် မွန်းလွဲ ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘစော(ဘိုကလေး) (၉၂)နှစ်

တိုင်းငွေစာရင်းအရာရှိ(အငြိမ်းစား)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဘိုကလေးမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးနိုင်-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ အခန်း(၁၀၁)၊ စိန်တိုက်နေ(ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ (ဦးသက်ဝင်း)-ဒေါ်ခင်စောမြင့်တို့၏ဖခင်၊ ဦးကျော်တေဇ(ရတနာပုံဆောက်လုပ်ရေး)-ဒေါ်ရတနာ၊ ဦးအောင်မြတ်ကျော် (First Design and Decoration)-ဒေါ်ပြည့်ဖြိုးဟန်၊ ဦးနေဇော်သူ(Creation Media)-ဒေါ်အေးစုဝင်းတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးသည် ၁၆-၉-၂၀၁၇ရက် မွန်းလွဲ ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘစော(ဘိုကလေး) (၉၂)နှစ်

တိုင်းငွေစာရင်းအရာရှိ(အငြိမ်းစား)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဘိုကလေးမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးနိုင်-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ အခန်း(၁၀၁)၊ စိန်တိုက်နေ(ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးဝင်းနိုင်၊ (ဦးသက်ဝင်း)၊ ဒေါ်သက်နှင်းဆီ(ခ)ဒေါ်မာမာ၊ ဒေါ်သီတာအေး၊ ဦးအောင်ကျော်ဦး၊ ဦးဝင်းဗိုလ်တို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘိုး ဦးဘစောသည် ၁၆-၉-၂၀၁၇ရက် မွန်းလွဲ ၁း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

မိုးကုတ်ယောဂီဟောင်း

ဒေါ်နု (၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ဒေါနလမ်း၊ အမှတ် (၁/က)နေ (ဦးအောင်ထွန်း-ဒေါ်နှင်းနွယ်)တို့၏ သမီး၊ (ဦးဘိုးဘ-ဒေါ်ဖွားသင်)တို့၏ သမီးချွေးမ၊ ဒေါ်ညွန့်ညွန့်သန်း၊ ဦးအောင်ကျော်မြင့်၊ ဒေါ်ခင်မြရည်၊ ဒေါ်တင့်တင့်စမ်း၊ ဒေါ်လှထွေးရည်၊ ဒေါ်တင်ရည်မာတို့၏ မွေးသမိခင်၊ (ဦးလှသန်း)၏ ချစ်လှစွာသောဇနီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်နုသည် ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၇ ရက် နံနက် ၇ နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်နီနီမြင့်(ခ)ဒေါ်နီ(ပြည်မြို့)

အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်နေ ဦးမောင်လှ-ဒေါ်ခင်တို့၏သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာအိမ်ရာနေ ဒေါ်ခင်ကြည်၏ညီမ၊ ဒေါ်နီလာ၊ (ဦးအေးညွန့်)၊ ဦးအောင်ကျော်ဦးတို့၏အဒေါ်၊ မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း ဗဟိုဥက္ကဋ္ဌ ဦးသက်နိုင်ဦး-ဗဟိုစည်းရုံးရေးမှူးချုပ် ဒေါ်သူသူဇင်၊ ဒေါ်ဇွန်ပွင့်ဖြူတို့၏အဘွား ဒေါ်နီနီမြင့်(ခ)ဒေါ်နီသည် ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အနိစ္စ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်တင်မြင့်စိုး(မလုံးကြီး)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အမှတ် (၅၄၉)၊ (၆)လမ်း(မြောက်)၊ အရှေ့ကြို့ကုန်းနေ (ဦးစိုးမြင့်-ဒေါ်ခင်စန်းရီ)တို့၏သမီး၊ ဦးတင်မောင်ဦး၊ ဒေါက်တာဒေါ်ခင်ငြိမ်းမြင့်တို့၏ ညီမ၊ ဒေါက်တာတင်အောင်စိုး၊ (ဦးမြင့်စိုး)-ဒေါ်မူမူစိုး (ဘဏငြိမ်း)၊ ဦးကျော်စွာစိုး (ပါမောက္ခချုပ်၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)-ဒေါ်ခင်ပိုပိုအောင်တို့၏အစ်မ၊ ကိုဆွေအောင်စိုး-မဇင်ဝေသင်း၊ ကိုအောင်ကျော်ကျော်-မဝါဝါထက် (FMI Air)၊ မခိုင်မာတိုး (WIN PILING GROUP Co., Ltd)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဗိုလ်မှူးတိုးမောင်အေး (ငြိမ်း)၏ဇနီး ဒေါ်တင်မြင့်စိုးသည် ၁၅-၉-၂၀၁၇(သောကြာနေ့) ည ၉း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

အသက် (၅၇)နှစ်

ကျောက်တံခါးမြို့

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးချင်ကန်း-ဒေါ်ရှုခင်)တို့၏ စတုတ္ထသား၊ ဦးစိန်လှ၊ ဦးလှထွန်း၊ ဦးသိန်းမြင့်-ဒေါ်နီနီခင်တို့၏ညီ၊ ဦးသန်းအောင်-ဒေါ်ခင်ငွေမြင့်တို့၏အစ်ကို၊ တူ ငါးယောက်တို့၏ဦးလေး ဦးစိန်ဝင်းသည် ၁၆-၉-၂၀၁၇ရက် နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကျောက်တံခါးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

အသက် (၅၇)နှစ်

ကျောက်တံခါးမြို့

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ စာတိုက်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးချင်ကန်း-ဒေါ်ရှုခင်)တို့၏ စတုတ္ထသား၊ ဦးစိန်လှ၊ ဦးလှထွန်း၊ ဦးသိန်းမြင့်-ဒေါ်နီနီခင်တို့၏ညီ၊ ဦးသန်းအောင်-ဒေါ်ခင်ငွေမြင့်တို့၏အစ်ကို၊ တူ ငါးယောက်တို့၏ဦးလေး ဦးစိန်ဝင်းသည် ၁၆-၉-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ကျောက်တံခါးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်သီတာ(ခ)ဒေါ်တူးတူးမာ

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ်-(၂၂/B)၊ ဒုတိယထပ်နေ (ဦးမောင်ကို-ဒေါ်စိန်စိန်)တို့၏သမီးထွေး၊ (ဦးငွေလွင်)-ဒေါ်မြမြ၊ (ဦးညဏ်ဝင်း)-ဒေါ်ခင်ဝင်းမူ၊ ဒေါ်ရှယ်လီကို (အထက-၂ ဗဟန်း၊ ငြိမ်း)၊ (ဦးစူဝံကို)-ဒေါ်သန်းသန်း(ခ)ဒေါ်ဘေဘီကို (လက်ထောက်ကထိက၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးနိုင်ဝင်း-ဒေါ်ဝါဝါ၊ [ဒေါ်တာတာ(ခ)ကောက်ကောက်]၊ ဦးမြင့်ဆွေ-ဒေါ်စန္ဒာ (ဒေးဇပ်၊ တိုက်နယ်ဆေးရုံ)တို့၏ညီမ၊ တူ/တူမ ၁၁ ယောက်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောဘွားငယ်သည် ၁၆-၉-၂၀၁၇ရက် နံနက် ၇း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးကျော်မင်း (၉၄)နှစ်

တပ်မတော်(ရေ) ငြိမ်း၊ ရေယာဉ်မှူး-ငြိမ်း၊ ရ. ပ. က. ရ

ရန်ကုန်မြို့နေ (ဦးခ-ဒေါ်သိုက်) တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာ ညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်(၃)၊ အခန်း(၁၀၁)နေ ဒေါ်ရင်ရင်ရွှေ၏ခင်ပွန်း၊ ရှင်ဇဝန(တောင်တန်းသာသနာပြု)၏ ရဟန်းဒါယကာကြီး၊ ဦးစိုင်းမျိုးမြင့်ဦး (မြို့နယ်ဦးစီးမှူး၊ လ. ဝ. က၊ ဟိုပန်မြို့)၊ ဒေါ်အေးအေးမင်း (အထက-၁၊ ပြင်ဦးလွင်၊ ငြိမ်း)၊ ဦးအောင်သန်း (St Jones Shipping)-ဒေါ်သင်းသင်းမင်း၊ (ဦးယဉ်မင်း)၊ ဦးအောင်ညွန့် (Transport Department G.M SKYNET DTH)- ဒေါ်ခင်ဥမ္မာမင်းတို့၏မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၅-၉-၂၀၁၇(သောကြာနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၉-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဘစော(ဘိုကလေး) (၉၂)နှစ်

တိုင်းငွေစာရင်းအရာရှိ(အငြိမ်းစား)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ဘိုကလေးမြို့နယ်နေ (ဦးမောင်ကြီး-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးနိုင်-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ အခန်း(၁၀၁)၊ စိန်တိုက်နေ(ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးစောဝဏ္ဏ (Royal Famous Co., Ltd)၊ ဦးကျော်တေဇ(ရတနာပုံဆောက်လုပ်ရေး)၊ ဒေါ်စောမြစန္ဒာ (ပိုး Fashion)၊ ဦးစောမင်းအောင်(အထည်ချုပ်)၊ ဦးအောင်မြတ်ကျော်(First Design & Decor)၊ ဒေါ်အေးစုဝင်း(Creation Media)၊ ဒေါ်စောမြသန္တာ(Apple Fashion)၊ ဒေါ်ထားပြည့်ဗိုလ်(Yee Shin Co., Ltd)၊ ဒေါ်စောမြသဥ္ဇာ(Mange Marketing Service Co., Ltd)၊ မောင်သူရထွန်းဗိုလ် (Apple Fashion)၊ မောင်မြတ်ထွန်းဗိုလ်(ခ)မျိုးဝင်းထွန်း(DSA-59)တို့၏ ချစ်လှစွာသောအဘိုး ဦးဘစောသည်၁၆-၉-၂၀၁၇ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှညွန့် (၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၄၆)၊ မြေညီ (A)နေ (ဦးဘစိန်-ဒေါ်ရင်မေ)တို့၏ သမီး၊ (ဦးအေးဖေ-ဒေါ်ကျင်မြ)တို့၏ သမီးချွေးမ၊ (ဦးစိန်လှိုင်)-ဒေါ်စိန်မေတို့၏ညီမ၊ (ဦးဘငွေ)-ဒေါ်လှစိန်၊ ဦးကျင်သိန်း-ဒေါ်ချိုချိုတို့၏အစ်မ၊ (ဦးကျော်ညွန့်)၏ဇနီး၊ ဦးသက်ဦး-ဒေါ်မိမိသက်၊ ဒေါ်မူမူသက်(MITV)၊ ဦးရဲထွဋ်ဦး၊ ဒေါ်မေသန့်ဇင်ဦး (MRTV)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်လှညွန့်သည် ၁၆-၉-၂၀၁၇ (စနေနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်ဆန်းမြင့် (၃၈)နှစ်

(B.Sc-Geology)

အတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သိမ်ဖြူမီးရထားရပ်ကွက်

အတွင်းရေးမှူး၊ နာရေးကူညီမှုအသင်း၊ သိမ်ဖြူမီးရထားရပ်ကွက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ အမှတ် (၃၃/G)၊ ဦးဖိုးကျားလမ်းနေ (ဦးလှမြင့်)-ဒေါ်သောင်းသောင်းတို့၏ သား၊ (ကိုတင့်နိုင်ဦး)-မသီတာဦး(မြန်မာ့မီးရထား-တိုင်း-၁၊ သွားလာဌာန)၊ ကိုသန်းစိုးအေး(ဒုတိယအထွေထွေမန်နေဂျာ၊ တိရစ္ဆာန်ဥယျာဉ်နေပြည်တော်)-မဥမ္မာမြင့် (မြန်မာ့မီးရထားတိုင်း-၇၊ သွားလာဌာန)၊ ကိုကျော်နိုင် (ဦးစီးအရာရှိ၊ စစစ)၊ ဒုရဲမှူးနီလာမြင့် (အမှတ်-၇ ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲမှူးရုံး)၊ ကိုတင်ထွန်းအောင် (မြန်မာ့မီးရထားတိုင်း-၇ စီးပွားရေးဌာန)-မသူဇာမြင့် (မြန်မာ့မီးရထား-ထောက်ပံ့ဌာန)တို့၏ ညီ/မောင်သည် ၁၆-၉-၂၀၁၇(စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မအူပင်မြို့နယ်အသင်း(ရန်ကုန်)

ဦးမောင်မောင်(မအူပင်)

အသက် (၉၅)နှစ်

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီးနှင့်ကန်တော့ခံပုဂ္ဂိုလ်ကြီး

(ဒေါ်ခင်ရွှေ)၏ခင်ပွန်း ဦးမောင်မောင်သည် ၁၅-၉-၂၀၁၇ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မအူပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့
မအူပင်မြို့နယ်အသင်း(ရန်ကုန်)

ဦးကျင်စိန်(ပုသိမ်)

အသက်(၈၇)နှစ်

ပုသိမ်မြို့၊ အမှတ်(၂)၊ ငှက်ပျောတန်းလမ်းနေ (ဦးစွန်းနား-ဒေါ်ကွာယုံ)တို့၏သား၊ (ဒေါ်ကျင်မြိုင်)၏ခင်ပွန်း၊ (ကိုအောင်တိုး)-မစိန်စိန်အေး၊ ကိုမျိုးထွန်း-မနီနီဦး၊ ကိုရွှေမင်း-မနီနီမာ၊ ကိုလင်းထွန်း-မခင်ငွေးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၆-၉-၂၀၁၇(စနေနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၉-၂၀၁၇ (တနင်္လာနေ့) ညနေ ၃နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမ ဒေါ်ခင်မြဆွေ(ခ)

ဟာဂျီမဇိုင်နက်ဘီ (၈၈)နှစ်

(စာရေးဆရာမ-တင်တင်လတ်)

B.A, B.L (LONDON.UK)

ညွှန်ကြားရေးမှူး(ငြိမ်း)၊

သာသနာရေးဦးစီးဌာန

ရန်ကုန်မြို့၊ အမှတ်(၄/၆)၊ ကျိုက္ကဆံလမ်း (ကန်တော်ကြီးတာဝါ)နေ (အရေးပိုင်မင်းဦးဘရှင်-ဒေါ်တင်တင်)တို့၏ သမီး၊ [ဒေါ်ခင်ခင်ဦး (ဌာနမှူး-ငြိမ်း၊ မနုဿဗေဒဌာန၊ Y.U)-ဝဏ္ဏကျော်ထင် ဦးသန်းတင် (ဒုတိယညွှန်ကြားရေးဝန်-ငြိမ်း၊ မီးသတ်ဦးစီးဌာန)]၊ [ဒေါ်ခင်ခင်စု (ကထိက-ငြိမ်း၊ မနုဿဗေဒဌာန Y.U) - ဦးခင်မောင်ကို]၊ [BCS ဦးမောင်မောင်ကြီး (နိုင်ငံတော်ကောင်စီအကြံပေး-ငြိမ်း)]-ဒေါ်တင်တင် (ကျောင်းဆရာမ-ငြိမ်း)၊ [ဒေါ်ခင်ခင်စု (ကထိက-ငြိမ်း၊ ဆရာအတတ်သင်သိပ္ပံ ရန်ကင်း) - ဝဏ္ဏကျော်ထင်ဦးဘမြင့် (လ/ထ ပညာညွှန်ကြားရေးဝန်-ငြိမ်း)]၊ [ဦးသန်းထွန်း (အမှုဆောင်အင်/ယာ-ငြိမ်း MEPE)]-ဒေါ်မြသင်(အထက-၁၊ ပုဇွန်တောင်-ငြိမ်း)တို့၏ညီမ၊ ဒေါ်ခင်မြမြ၏အစ်မသည် ၁၄-၉-၂၀၁၇ရက် နံနက်၄း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမေရိကန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၆
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပမည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် နယူးယောက်မြို့သို့ထွက်ခွာမည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရှမ်းယူနိုက်တက်၊ Southern နှင့် မကွေးအသင်းအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၆
၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ပထမနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပသည်။

(YUSC ကွင်း)

ရှမ်းယူနိုက်တက် - သုံးဂိုး
ရခိုင် - ဂိုးမရှိ

ထိပ်ဆုံးမှရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလတွင် အမှားအယွင်းမရှိ နိုင်ပွဲဆက်နေပြီး ပထမဆုံး အမှတ်ပေးချန်ပီယံဆုအတွက် အလားအလာကောင်းများ ဆက်လက်ရယူနိုင်ခဲ့သည်။ ရခိုင်အသင်းသည် ယခုပွဲတွင် ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒဏ်ရာရနေသည့် ပက်ထရစ်နှင့် ဟိန်းသီဟဇော်တို့မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး နိုင်ပွဲဆက်ရေးကြိုးပမ်းခဲ့သည်။ ရခိုင်အသင်းမှာလည်း နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့ပြီး ရှမ်းအသင်းကို ရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အသင်းကြီးပီပီ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ၂၄ မိနစ်တွင် ဂိုးစတင်ရရှိခဲ့သည်။ ပြစ်ဒဏ်ဘောကို ထိုက်ထိုက်အောင်ကန်သွင်းရာ ဂိုးဘားတန်းထိထွက်လာသည်ကို ခရစ္စတိုဖာက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရသွား၍ ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းလာပြီး ၃၈ မိနစ်တွင် ခရစ္စတိုဖာ၏ ဘောလုံးပေးပို့မှုကို ရခိုင်နောက်ခံလူ ဝက်စ် ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍

ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

ဒေါ့ဆူရီတိုင်ဖွန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်နိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အသိပေးထုတ်ပြန်

မုံရွာ စက်တင်ဘာ ၁၆
တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသည့် ဒေါ့ဆူရီ တိုင်ဖွန်းမုန်တိုင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထူးခြားစွာမိုးရွာသွန်းမှုများ၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာဒေသအာဏာပိုင်များထံ ဆက်သွယ်အကြောင်းကြား အကူအညီတောင်းခံကြရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ထားသည်။

"မီးသတ်တပ်ဖွဲ့အနေနဲ့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဖြစ်တဲ့အတွက် အမြဲတမ်းလေ့ကျင့်ထားပြီးသားဖြစ်ပါတယ်။ ဒေါ့ဆူရီတိုင်ဖွန်းမုန်တိုင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မီးသတ်တပ်ဖွဲ့ဝင်တိုင်းကို အသင့်ဖြစ်နေအောင် ညွှန်ကြားချက်တွေ ကြိုတင်ထုတ်ထားပါတယ်။ သာမန်အချိန်မဟုတ်တဲ့အတွက် ဖြစ်လာရင်ချက်ချင်းထွက်ခွာပြီး ကူညီနိုင်အောင် ကြိုတင်ဆောင်ရွက်မှုတွေ လုပ်ထားပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစန်းအေးက ပြောသည်။

မုံရွာအခြေပြုပြေးဆွဲနေသော ကားအသင်းများအနေဖြင့် မိုးသည်းပြီး လေတိုက်လျှင် အထူးဂရုပြု

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❑

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

စက်တင်ဘာ ၁၇၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

■ မေဂျူးငယ်
B.A(International Relations)

မေတ္တာနံ့

အခန်း (၁)

စိမ်းညို့ညို့တောင်တန်းကြီးတွေ ဝန်းရံထားတဲ့ ရွာလေးတစ်ရွာကို ကျွန်မတာဝန်အရ လာခဲ့ရပါတယ်။ ရွာအဝင်လမ်းလေးကို စဝင်တော့ မြူလေးတွေဆိုင်းနေတာ ကျွန်မ တွေ့လိုက်ရတယ်။ မြူလေးတွေထဲ ကျွန်မ တိုးဝင်လျှောက်လှမ်းမိတော့ တစ်စတစ်စ ပိုထူထပ်လာတယ်။ ကျွန်မ ရှေ့မြင်ကွင်းကိုပင် မမြင်ရတော့။

"ဆရာမ အဆင်ပြေရဲ့လား။ ရှေ့နားက ခရေပင်ကြီးအောက်မှာ လှည်းကြိုစောင့်ရမယ်"

"ရပါတယ် ဆရာမရယ်။ ဒီလိုပဲ ဖြည်းဖြည်းချင်း လျှောက်သွားရအောင်နော်။ လှည်းကြိုက ကြာဦးမယ်ထင်တယ်။ ကျွန်မလည်း ရှုခင်းလေးတွေ ကြည့်ချင်လို့ပါ။

ကျွန်မကိုအားနာနေတဲ့ ဆရာမလေးကို စိတ်သက်သာအောင်စကားဆိုရင်း ရှေ့သို့သာလျှောက်လှမ်းနေမိတယ်။ ရွာကို လာကြိုဖို့ ပြောထားတဲ့အချိန်ထက် စောရောက်နေမှတော့ ဘယ်တတ်နိုင်ပါ့မလဲ။ စောင့်ရတော့မှာပေါ့။ မြူလေးတွေပိတ်နေရုံကလွဲလို့ အေးစက်စက် လေညင်းလတ်လတ်ဆတ်ဆတ်လေးတွေက ကျွန်မကို ကြည်နူးစေတာအမှန်ပါ။ ဒါကြောင့် ရွာအဝင်လမ်းလေးအတိုင်း ကျွန်မ လျှောက်လှမ်းနေမိတယ်။

နေရောင်ဝင်လာတာနဲ့အမျှ မြူလေးတွေ တဖြည်းဖြည်းကင်းစင်လာတယ်။ မြူလေးတွေ ပြယ်ချိန်မှာတော့ မြင်လိုက်ရတဲ့မြင်ကွင်းက ကျွန်မကို ထိတ်လန့်သွားစေတယ်။

"အို. . ."

ရုတ်တရက်ပွင့်အန်ကျလာတဲ့ အသံလေးကြောင့် အဖော်သူနာပြုဆရာမလေး ကျွန်မနား စိုးရိမ်တကြီးတိုးကပ်လာတယ်။

"ဆရာမ ဘာဖြစ်လို့လဲဟင်"

ကျွန်မ ဆရာမလေးအမေးကို ဘာအဖြေမှ မပေးမိ။ ကျွန်မမြင်ကွင်းရှေ့က မြင်နေရတဲ့ အရာကိုသာ စူးစိုက်ကြည့်နေမိတယ်။ကျွန်မ မြင်နေရတာက အုတ်ဂူဖွေးဖွေးတစ်ခု။ ကျွန်မ အုတ်ဂူလေးနားတိုးကပ်သွားရင်း အုတ်ဂူပေါ်က ပျက်ယွင်းစပြုနေတဲ့စာသားလေးတွေ ဖတ်လိုက်မိတယ်။

"အသိဉာဏ်ပညာထွန်းလင်းပြီး လူ့အသက်တစ်ချောင်း မတရားသဖြင့် သေဆုံးခြင်းမှ ဘဝအဆက်ဆက်ကင်းဝေးပါစေ။ မိမိကချစ်တဲ့သူ၊ မိမိကိုချစ်တဲ့သူနဲ့ ဘဝသစ်မှာ ပျော်ရွှင်ပါစေ ခိုင်လေးရေ"

စာသားလေးဆုံးတော့ အောက်ခြေမှာ နာမည်လေးတစ်ခု ရေးထိုးထားတာ ကျွန်မ တွေ့လိုက်ရတယ်။

ခိုင်လေး
အသက်(၂၀)နှစ်

"ချွင် ချွင် ချွင်"

ရုတ်တရက်မြည်လာတဲ့ နွားခြူသံလေးက ကျွန်မရဲ့အသိစိတ်တွေကို သတိပြန်ဝင်လာစေတယ်။ လှည်းလေးပေါ် လှမ်းကြည့်လိုက်တော့ ကျောင်းဆရာဝတ်စုံနဲ့ ဆရာလေးတစ်ယောက်ကို လှည်းမောင်းသူ ဦးကြီးဘေးက ဆင်းလာတာတွေ့လိုက်ရတယ်။

"ဆရာမ စောင့်နေရတာကြာသွားပြီလား။ ကျွန်တော်တို့ လွမ်းပင်ရွာလေးက ကြိုဆိုပါတယ်။ မိုးတွင်းဆိုတော့ လမ်းတော့ နည်းနည်းကြမ်းတယ်ဆရာမရဲ့"

"ရပါတယ် ဆရာလေးရယ်။ ဒါနဲ့ စကားမစပ် ဒီအုတ်ဂူလေးရဲ့ပိုင်ရှင်က ဒီရွာသူလား ဆရာ"

"သြော် ဆရာမက ခိုင်လေးအုတ်ဂူလေးကို စိတ်ဝင်စားနေတာကိုး။ ဆရာမ စိတ်ဝင်စားရင် ကျွန်တော်ပြောပြပေါ့မယ်။ ရွာရောက်ဖို့က တော်တော်မောင်းယူရဦးမယ် ဆရာမရဲ့။ ခိုင်လေးအကြောင်း နားထောင်ချင်ရင်တော့ ဆရာမ မျက်ရည်ခိုင်မှဖြစ်မယ်။ တော်ယုံလူဆို ငိုတော့တာပဲ ဆရာမရေ"

"ရပါတယ်ဆရာ ပြောသာပြောပါ ကျွန်မ နားထောင်နိုင်ပါတယ်"

အခန်း (၂)

ကျွန်မအဖြေလေးဆုံးတော့ လှည်းသံလေး တကျိကျိကြား ဆရာလေးရဲ့စကားသံတွေ မြိုင်ဆိုင်စွာထွက်ပေါ်လာတယ်။ ကျွန်မလည်း စိတ်ဝင်တစားငြိမ်သက်စွာနားထောင်နေမိတယ်။

"ဒီလိုဆရာမရေ ခိုင်လေးကိုမွေးပြီး မကြာခင် သူမိဘတွေဆုံးတယ်။ ဒါကြောင့် ခိုင်လေးကို အဘွားဖြစ်သူကပဲ စောင့်ရှောက်ထားခဲ့တာပေါ့။ ဒီလိုနဲ့ ခိုင်လေး အရွယ်ရောက်လာတော့ ကျွန်တော်တို့ရွာထုံးစံအတိုင်း ကောက်စိုက်၊ ပျိုးနုတ် အကုန်လုပ်ရတာပေါ့ ဆရာမရယ်။ ဒါပေမယ့် ခိုင်လေးက သူများထက် အလုပ်လောဘကြီးတယ်။ ခိုင်လေး နေပူမရှောင်မိုးရွာမရှောင် ဘာလို့ အလုပ်ကြိုးစားနေရတာလဲဆိုရင် အရာရှိသင်တန်းတက်နေတဲ့ သူ့ချစ်သူကို ထောက်ပံ့ပေးနေရလို့ပါ ဆရာမလေးရယ်"

"ဟင် ကောက်စိုက်ပျိုးနုတ်တဲ့ မိန်းကလေးတစ်ယောက်က အရာရှိသင်တန်းတက်နေတဲ့ သူကို ထောက်ပံ့ပေးရတယ်။ ဟုတ်လား ဆရာ"

"ပြောမယုံ ကြုံဖူးမှသိသလိုပေါ့ ဆရာမရယ်။ ကျွန်တော်တို့တစ်ရွာလုံး ရင်ထဲမှာ ဘယ်တော့မှပျောက်ဆုံးမသွားမယ့် အမှန်တရားလေးတစ်ခုပါ"

"အို. . . ကျွန်မ မယုံလို့မဟုတ်ပါဘူး ဆရာရယ်။ အံ့သြလွန်းလို့ပါ။ ခိုင်လေး ချစ်သူနာမည်က ဘယ်လိုခေါ်လဲဆရာ"

ကျွန်မလည်း ခိုင်လေး ဇာတ်လမ်းလေး စိတ်ဝင်စားနေပြီမို့ ကျောင်းဆရာလေးကို ထပ်မေးလိုက်မိတယ်။ တစ်ချက်တစ်ချက် ကျွံ့ဝင်သွားတဲ့ လှည်းဘီးလေးကို အားယူမောင်းနေရသလို ဆရာလေးရဲ့ စကားသံတွေကလည်း ပြတ်တောက်ပြတ်တောက်ပြန်ပေါ်ထွက်လာတယ်။

"ခိုင်လေးချစ်သူနာမည်က မောင်မောင်သန်းတဲ့ ဆရာမ။ ရုပ်ရည်လေးသနားကမားနဲ့ လူရိုးလေးတစ်ယောက်ပါ။ အဲဒီအချိန်က ကျွန်တော်တို့ရွာလေးမှာ ၁၀ တန်းအောင် ပညာတတ်ဆိုတာ လက်ချိုးရေလို့ရတယ်။ ဒီကြားထဲ မောင်မောင်သန်းက ပထမဆုံး အရာရှိသင်တန်း တက်ရတဲ့သူဆိုတော့ တစ်ရွာလုံးနီးပါးသိကြတယ်။ မောင်မောင်သန်းအတွက် အခွင့်အလမ်းဆိုပေမယ့် ခိုင်လေးအတွက်ကတော့ ကံဆိုးမှုရဲ့အစလို့ပြောရမှာပေါ့ဆရာမ"

"မောင်မောင်သန်း အရာရှိသင်တန်းတက်တော့ သူ့မိသားစုနဲ့ ခိုင်လေးက ထောက်ပံ့ကြတယ်။ မောင်မောင်သန်းမိသားစုကလည်း စီးပွားရေးသိပ်မပြေလည်ရှာတော့ ခိုင်လေးက အဓိကထောက်ပံ့ရတာပေါ့ ဆရာမရယ်။ သူ့ချစ်သူက ဘာလိုတယ်ပြောလိုက်တာနဲ့ ချက်ချင်းရအောင်ပို့ပေးတတ်တာ။ သူ့ဝမ်းသူတောင် ဖြည့်ဖို့မေ့နေတတ်ပေမယ့် မောင်မောင်သန်းကို မျက်နှာတစ်ချက် အညှိုးမခံဘူး။ နေမကောင်းဖြစ်လည်း ဆေးသောက်ပြီး လယ်ထဲဆင်းတာပဲ။ ဘယ်သူမှ တားမရဘူး ဆရာမ"

"ခိုင်လေးအဘွားကရော ဘာမှမပြောဘူးလား ဆရာ"

"ဘယ်ပြောမလဲ ဆရာမ။ မပြောဆို မောင်မောင်သန်းကလည်း သင်တန်းဆင်းတာနဲ့ ခိုင်လေးနဲ့လက်ထပ်မယ်လို့ ကြွေးကြော်ထားတာကိုး။

ဒါပေမယ့် ဆရာမရယ် ကံကြမ္မာကိုပဲ အပြစ်ဖို့ရမလား။ ကျန်းမာရေးအသိမရှိတဲ့ ခိုင်လေးတို့ ဆွေမျိုးတစ်စုကိုပဲ အပြစ်ဆိုရမလား။ အချစ်ကြီးတဲ့ ခိုင်လေးအပြစ်ပဲ ပြောရမလားပဲ။ ရုတ်တရက်ဆိုသလို ခိုင်လေး တစ်ယောက် စိတ်ဖောက်ပြန်လာတယ်။

အခန်း (၃)

နေပူမိုးရွာမရှောင် အလုပ်လုပ်တဲ့ဒဏ်တွေ့ပေါ့ ဆရာမ။ ဒီလိုနဲ့ ခိုင်လေး တစ်ယောက် စိတ်ဖောက်ပြန်တယ်လည်း ကြားရော မောင်မောင်သန်းဆီက စာမလာ သတင်းမကြားရတော့ဘူး။ ဘယ်ပြောကောင်းမလဲ ဆရာမရယ်။ ခိုင်လေးက မောင်မောင်သန်း စိတ်နဲ့ အသက်ရှင်နေတာလေ။ တစ်နေ့ထက်တစ်နေ့ ခိုင်လေးရောဂါအခြေအနေက ပိုဆိုးလာတယ်။ ဒါနဲ့ မောင်မောင်သန်းဆီ လူလွှတ်ပြီး ဟန်ဆောင်ပြီးပဲဖြစ်ဖြစ် စာကြုံထည့်ပေးဖို့ သွားပြောပေမယ့် လာပြောတဲ့သူကိုတောင် မောင်မောင်သန်းက ပြောလွှတ်တာ"

"ရွာမှာနေတုန်းက ရိုးသားတဲ့ မောင်မောင်သန်း ရာထူးရာခံလေးရှိလာတော့ ဘယ်သူ့မှ လူမထင်တော့ဘူးဆရာမ။ မာနကြီးတစ်ခွဲသားနဲ့"

"သူဘာသာ ရူးချင်လို့ရူးတာ။ ကျုပ်နဲ့ ဘာဆိုင်လို့လဲ။ နောက်ဆို ဘယ်တော့မှ ကျုပ်ဆီမလာနဲ့။ မကူညီပေးနိုင်ဘူးဆိုပြီး ပြောလွှတ်တာ"

"ဒီကြားထဲ ခိုင်လေး အဘွားနဲ့ ဆွေမျိုးသားချင်းတွေက သူတို့က သိုက်ကလာတာ။ သိုက်ကပြန်ခေါ်တာမို့ လိပ်ပြာကြွတ်ခဲ့ရမယ်ဆိုပြီး ရှိတဲ့ရွှေတွေငွေတွေ ရောင်းချပြီး နတ်ပွဲကြီး ကျင်းပပါလေရော"

"ကျွန်မ မရှင်းလို့ပါ ဆရာ။ လိပ်ပြာကြွတ်ခဲ့တယ်ဆိုတာ ဘာကိုပြောတာလဲဟင်"

လိပ်ပြာကြွတ်ခဲ့တယ်ဆိုတာ ခိုင်လေး အသက်ဘူးလို့သတ်မှတ်ထားတဲ့ ကြွတ်လေးထဲ အသက်ရှစ်ဆယ်၊ တစ်ရာ ပေးနေပါဆိုပြီး လိပ်ပြာပြန်တောင်းရတာတဲ့။ နတ်ကတော် လက်ထဲက ကြွတ်လေးကို ခိုင်လေးဘက်က ဝိုင်းလုရတာ။ နောက်ဆုံး နတ်ကတော် လက်ထဲက ကြွတ်လေးလုလို့ရရင်တော့ ခိုင်လေး အသက်ရှည်ပြီပေါ့။ အဲဒါကို ပြောတာပါ ဆရာမ"

"ဒါနဲ့ ခိုင်လေးကို ဆေးရုံဆေးခန်းတွေ မပို့ကြဘူးလား"

"အဲဒါပြောတာပေါ့ ဆရာမ။ ဆေးရုံဆေးခန်းဝေးတဲ့နေရာဖြစ်နေတော့ မြို့တက်ကုမှရမှာ။ အားလုံးက မြို့ကို ဆေးတက်ကုဖို့ ပြောကြတာ။ ခိုင်လေးဆွေမျိုးတွေက လက်မခံကြဘူး။ ဟိုဆရာကု၊ ဒီဆရာကုနဲ့ ဆေးရုံတော့ ဘယ်သူမှ မသွားကြဘူး။ ဒီလိုနဲ့ ခိုင်လေး စိတ်ဖောက်ပြန်နေတယ်ဆိုတာကလွဲလို့ ဘာအဖြေမှ မရခဲ့ဘူး။ ဒီလိုနဲ့ ခိုင်လေးရောဂါလည်း မသက်သာတဲ့အပြင် တစ်နေ့ထက်တစ်နေ့ ပိုပိုဆိုးလာတယ်"

"အဲဒီနေ့က ကျွန်တော်မှတ်မိသေးတယ် ဆရာမ။ ခိုင်လေးတို့အိမ်ကို အရူးဆေးထိုးတဲ့ ဆရာတစ်ယောက် ရောက်လာတယ်။ အရင်က ရွာနီးချုပ်စပ်မှာ သူဆေးထိုးလိုက်ရင် ပျောက်နေကျဆိုတော့ အားကိုးတစ်ကြီးနဲ့ပေါ့ ဆရာမရယ်။ ခိုင်လေးက ဆေးမထိုးချင်လို့ အော်တာပေါ့။ ဟိုလူကယ်ပါ။ ဒီလူကယ်ပါ ဆိုပြီး အော်ဟစ်နေတာ။ ကျွန်တော့် အမေဆို ခိုင်လေးအဖြစ်ကို မကြည့်ရက်လို့ မျက်ရည်စက်လက်နဲ့ အိမ်ထပြန်လာတာ။ ဒါပေမယ့် နောက်ဆုံးတော့ အားလုံးဝိုင်းချုပ်ပြီး ဆေးရအောင်ထိုးလိုက်ကြတယ်။ ဒီလိုနဲ့ ဆေးထိုးပြီး မကြာပါဘူး။ နှစ်ရက်လောက်ကြာတော့ ခိုင်လေးဆုံးပြီဆိုတဲ့သတင်းက တစ်ရွာလုံး ဟိုးလေးတစ်ကြော်ကြော် ဖြစ်ခဲ့ရတယ်။ အရူးဆေးထိုးတဲ့ဆရာဆိုတာ ဘာဆေးလက်မှတ်မှ ရှိတာမဟုတ်ဘူး။ ခုခေတ်လိုဆို တရားစွဲလို့ရတာပေါ့ဆရာမ။ သူကုလို့ပျောက်တဲ့ လူတွေလည်းရှိနေတော့ ဘယ်သူမှ ဘာမှမလုပ်ကြဘူး"

"နောက်ဆုံး ခိုင်လေးဆုံးတော့ ဆရာမရယ်။ အဖြေက ရှင်းရှင်းလင်းလင်းပေါ်လာတယ်။ ခိုင်လေးလေ အမျိုးသမီးသဘာဝရာသီမလာတော့ သွေးချုပ်လေချုပ်ဖြစ်ပြီး စိတ်ကစဉ့်ကလျားဖြစ်တာတဲ့လေ။ အရင်ကတည်းက ဆေးရုံပြလိုက်ရင် ခိုင်လေး ခုလိုအဖြစ်ဆိုးမျိုးတွေ ကြုံရမှာမဟုတ်ဘူး။ ဒါကြောင့် အသိနည်းပါးမှုတွေကြောင့် မသေဆုံးသင့်ဘဲ မသေရအောင် နောင်လာနောက်သားတွေ ဆင်ခြင်နိုင်ဖို့ ခိုင်လေး အုတ်ဂူလေးကို ရွာအဝင် ခရေပင်ကြီးအောက်မှာ ထားထားရတာပါပဲဆရာမရယ်"

ဆရာလေးစကားဆုံးတော့ ကျွန်မရင်ထဲ မွန်းကျပ်မိတာအမှန်ပါ။ ချစ်သူကောင်းစားဖို့ ကိုယ်ကိုယ့်ကိုယ် ဒုက္ခဖြစ်စေတဲ့အထိ ပေးဆပ်ခဲ့တဲ့ ခိုင်လေး။ နာကျင်မှုတွေ အရွယ်နဲ့မမျှခံစားခဲ့ရတဲ့ ခိုင်လေး။ ကောင်းရာဘုံဘဝရောက်ရှိပါစေလို့ ဆုတောင်းရုံမှတစ်ပါး ကျွန်မ မတတ်နိုင်ခဲ့ပါဘူး။

အခန်း (၄)

ကျွန်မ အရင်က ရာထူးတိုးလျှောက်ဖို့ ဒီဝေးလံတဲ့ရွာလေးမှာ နေနိုင်သရွေ့ပဲ နေမယ်လို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမယ့် ခိုင်လေးလို မိန်းကလေးတွေ ထပ်မဖြစ်အောင် ကျွန်မ တတ်စွမ်းသရွေ့ကုသပေးဖို့၊ အသိပညာတွေ ဖြန့်ဝေပေးဖို့ ဒီရွာလေးမှာအခြေချမယ်လို့ ကျွန်မ ခိုင်မာစွာဆုံးဖြတ်လိုက်မိတယ်။

"ဆရာမလေးရေ ရောက်ပြီ။ လှည်းပေါ်က ဆင်းရအောင်လေ"

ကျွန်မ ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သက်နေမိရမှ အဖော်ဆရာမလေးသတိပေး စကားသံကြောင့် အသိပြန်ဝင်လာတယ်။

"ဘယ်လိုလဲ ဆရာမလေး။ စိတ်မကောင်းဖြစ်သွားပြီမလား"

"ရပါတယ် ဆရာလေးရယ်။ ကျွန်မက သိချင်မိတာကိုး။ သြော် ဒါနဲ့ ဆရာလေး ခိုင်လေး ချစ်သူက အခုရှိသေးလားဟင်"

"သစ္စာ၊ မေတ္တာမရှိတဲ့ယောကျ်ား ဘယ်အသက်ရှည်ပါ့မလဲ ဆရာမရယ်။ ခိုင်လေး ဆုံးပြီး မကြာဘူး။ မောင်မောင်သန်း အိမ်ထောင်ပြုတယ်။ သမီးလေးတစ်ယောက်ရတဲ့အချိန်မှာပဲ သူများရိုက်လို့ သေသလိုလို၊ ဆိုင်ကယ်မှောက်လို့ ဆုံးတာလိုလို သတင်းကြားရတာပဲ ဆရာမလေးရယ်။ အဖြစ်အပျက်တွေကတော့ ဒါပါပဲ ဆရာမလေးရယ်။ မေတ္တာနံ့တွေမှာ အသိတရားလေးတွေ ပျောက်ကွယ်နေတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတယ်လို့ ကျွန်တော်ကတော့ သတ်မှတ်လိုက်ချင်တယ်။ ဆရာမလည်း နားဦးနော်။ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်။ လိုအပ်တာရှိရင်ပြောပါ ဆရာမ။ ကျွန်တော်တို့လို ဝေးလံခေါင်သီတဲ့ ဒီရွာလေးကို ဆေးကုသဖို့ လာပေးတာနဲ့တင် ကျေးဇူးတင်မိပါတယ်ဆရာမရယ်"

လှည်းပေါ်မှ ဆရာလေးလှမ်းပေးတဲ့ ခရီးဆောင်အိတ်လေးကိုလှမ်းယူရင်း ကျွန်မ ထိုင်ရမယ့် ဆေးခန်းလေးရှိရာ လျှောက်လှမ်းလာမိပါတယ်။ ကျွန်မရဲ့ စေတနာမေတ္တာတွေက တစ်ပါးသူအတွက် နံ့တစ်ခုမဖြစ်ရအောင် ကြိုးစားဖို့ ဆုံးဖြတ်လိုက်ရင်းပေါ့။ ။

ဆောင်းပါး

လူငယ်နှင့် မခံချင်စိတ်

မောင်မြင့်ဝင်း

လူငယ်တစ်ယောက်ရဲ့တိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေတဲ့အရာတွေထဲမှာ အဆိုးဆုံးက မခံချင်စိတ်ရှိခြင်းလည်း ပါဝင်ပါတယ်။ မခံချင်စိတ်ကြောင့် ပင်ကိုအရည်အချင်းရှိပါလျက်နဲ့ တိုးတက်သင့်သလောက်မတိုးတက်။ အခွင့်အလမ်းရှိပါလျက် အခွင့်အလမ်းမရှိဖြစ်ရသူတွေ အများကြီးတွေ့နေရပါတယ်။ ဒါကြောင့် ဒီမခံချင်စိတ်ဟာ လူငယ်တွေမှာ မထားအပ်တဲ့အရာတွေသာဖြစ်ပါတယ်။

တကယ်စဉ်းစားကြည့်ရင် အခြားသူတွေကြောင့်ဖြစ်တဲ့ မခံချင်စိတ်ထက် ကိုယ့်စိတ်ကပြန်ပြီး ပူလောင်မှုတွေကနေ ဖြစ်ရတဲ့ စိတ်တွေသာ ဖြစ်ကြတာများပါတယ်။ သူလုပ်လိုက်လို့ ခဏလေး စိတ်ဆင်းရဲရပေမယ့် မခံချင်စိတ်ကြောင့် ဒေါသနဲ့တုံ့ပြန်လိုက်ရင် ရမယ့်ဆိုးကျိုးတွေက အများကြီးပါ။

အချို့လူငယ်တွေဆိုရင် ဆိုင်ကယ်မောင်းနေတုန်း နံဘေးက တစ်စီးက ဖြတ်ကျော်သွားရင်ကို ဘာမှမဆိုင်ဘဲ မခံချင်စိတ်ကြောင့် ဒေါသထွက်တတ်ကြပါသေးတယ်။ ဒါကြောင့် သူနဲ့အပြိုင်လိုက်မောင်းတော့ မဖြစ်သင့်ဘဲ ထိခိုက်မှုတွေ ဖြစ်ရတော့တယ်။ တကယ်ဆို သူတို့မှာလည်း သူတို့အကြောင်းနဲ့သူတို့ အရေးကြီးတဲ့ ကိစ္စရှိလို့ အမြန်မောင်းတာပါ။ သူမောင်းတာက ကိုယ့်ကို ဘာမှထိခိုက်တာလည်း မဟုတ်ပါဘူး။ အလိုလိုနေရင်း ကိုယ့်စိတ်က သူ့အပေါ် ပူလောင်နေတာပါ။

တကယ် မခံချင်စိတ်ထားရမှာက သူလည်း ဒီပညာတတ်သလို ငါလည်း ဟိုပညာမှာ ထူးချွန်အောင်လုပ်မယ်ဆိုတဲ့ ဘဝတိုးတက်ရေးအတွက် ထားရမှာပါ။ စက်ရုံတွေ၊ ကုမ္ပဏီတွေမှာ လုပ်တဲ့သူအချင်းချင်းဖြစ်စေ၊ ကျောင်းတက်နေတဲ့ ကျောင်းသားအချင်းချင်းဖြစ်စေ၊ သူ့အကျိုးကို မထိခိုက်ဘဲ ကိုယ့်အကျိုးလည်းဖြစ်စေမယ့် ယှဉ်ပြိုင်ချင်တဲ့ မခံချင်စိတ်သာ ထားရမှာဖြစ်ပါတယ်။ ကိုယ့်ထက်သာနေတဲ့ သူ့ရဲ့အရည်အချင်းကို မီအောင်လုပ်ရမယ့် မခံချင်စိတ် မာနမျိုးသာထားပြီး ကြိုးစားသွားရမှာပါ။

ဒါပေမယ့် ကိုယ့်ဘဝအနေအထားနိမ့်ကျလို့ဖြစ်စေ၊ တမင်တကာပြစ်တင်ချင်လို့ဖြစ်စေ ပြောတာမျိုးကြုံရတဲ့ အခြေအနေမျိုးတွေဖြစ်လာရင် အများစုက မခံချင်စိတ်ကြောင့် လက်တုံ့ပြန်တတ်ကြပါတယ်။ ပြစ်တင်ဝေဖန်လိုက်လို့ စိတ်ထဲကျေနပ်သွားတယ်ထင်ရပေမယ့် ကိုယ့်အတွက်လည်း ကောင်းကျိုးမဖြစ်စေသလို ဆက်ဆံရေးတွေ ပျက်သွားရုံပဲရှိပါတယ်။ တကယ်ဆို သူပြောလိုက်တဲ့ စကားကို အင်အားအဖြစ် အသုံးချပြီး ကိုယ့်ဘဝတိုးတက်အောင် မခံချင်စိတ်နဲ့ကြိုးစားသွားရမှာပါ။

သိတဲ့ညီငယ်လေးတစ်ယောက်ဆိုရင် သူတက္ကသိုလ်ဝင်တန်း တက်နေချိန်မှာ စာတော်တဲ့ ကျူရှင်ဝိုင်းတစ်ခုကို တက်ဖို့ပြောတဲ့အခါ စာညံ့တဲ့သူ့ကို ကျူရှင်ဝိုင်းကကျောင်းသားတွေက လက်မခံကြပါဘူး။ သူက စာညံ့တာကြောင့် မပါခိုင်းတာပါ။ ဒါပေမယ့် သူက ငြင်းပယ်ခံရတာကို စိတ်မကောင်းမဖြစ်သလို ဒေါသလည်းမဖြစ်ပါဘူး။ အဆင်ပြေတဲ့ ကျူရှင်ဝိုင်းတစ်ခုမှာတက်ပြီး ဘာသာစုံဂုဏ်ထူးထွက်အောင် လုပ်ရုံတင်မဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံး အဆင့်တစ်ဆယ်အတွင်းဝင်အောင် လုပ်ပြနိုင်ခဲ့ပါတယ်။

ဒါကြောင့် မခံချင်စိတ်ဆိုတာ အသုံးချတတ်သူတွေမှာ ဘဝအတွက် အင်အားတွေ ဖြစ်စေပါတယ်။ အသုံးမချတတ်ရင်တော့ ဆိုးကျိုးတွေသာ ဖြစ်လာစေတော့မှာပါ။

ရှေးအခါက ရာဇသင်္ကြန်အမတ်ကြီးဟာ နရသီဟပတေ့မင်းကို ထီးနန်းရအောင် ကူညီပေးခဲ့သူပါ။ ဒါပေမယ့် နရသီဟပတေ့မင်းဟာ ရှင်ဘုရင်ဖြစ်တော့ သူ့ကိုချီးမြှောက်ဖို့ မေ့နေတဲ့အတွက် မခံချင်စိတ်ဖြစ်ပြီး ရှင်ဘုရင် မြင်အောင် ကွမ်းကလပ်အပဲ့နဲ့ စားပြပါတယ်။ ဒါကို ရှင်ဘုရင်က မြင်တော့ ဘာကြောင့် ကွမ်းအစ်အပဲ့နဲ့ စားနေသလဲ မေးတော့ ကွမ်းအစ်လုပ်သူများ ကောင်းစားသွားတာကြောင့် ကွမ်းအစ်လုပ်သူမရှိလို့ အကောင်းနဲ့ မစားကြောင်း ပြန်လျှောက်လိုက်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်ကတော့ သူက မင်းဖြစ်အောင် တင်ပေးပေမယ့် ရှင်ဘုရင်က သူ့ကို မချီးမြှောက်လို့မခံချင်စိတ်နဲ့ ပြောလိုက်တာပါ။ ဒါပေမယ့် ရှင်ဘုရင်ရဲ့ အမေက ကွမ်းအစ်လုပ်သူဖြစ်တော့ သူ့စကားက ရှင်ဘုရင်ကို ဒေါသဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် သူ့ကို နယ်နှင်ဒဏ်ပေးလိုက်ပါတယ်။

ဒီဖြစ်ရပ်ကိုကြည့်ရင် မခံချင်စိတ်ကို ဒေါသနဲ့ပေါင်းဖက်ပြီး ပြောဆိုခဲ့လို့ ကောင်းကျိုးထက် ဆိုးကျိုးဖြစ်စေတယ်ဆိုတာ သင်ခန်းစာရစေခဲ့ရပါတယ်။ ဒါကြောင့် မခံချင်စိတ်ကို သတိနဲ့ထိန်းပြီး ကောင်းတဲ့ဘက် ဘဝတိုးတက်စေတဲ့ဘက်ကို ပြောင်းလဲပေးဖို့ အထူးလိုအပ်လှပါတယ်။ ဒီလိုအကောင်းဘက်ပြောင်းပြီး တွေးတတ်ရင် ပတ်ဝန်းကျင်က အပြစ်တင်စကားတွေပြောလေ ကိုယ့်ဘဝတိုးတက်လေဖြစ်စေမှာပါ။

ပြိုင်ဆိုင်မှုတွေများတဲ့ ဒီနေ့ခေတ်ကြီးထဲမှာ တစ်ဦးနဲ့တစ်ဦး တွန်းတိုက်တာတွေ၊ ခြေကန့်လန့်ထိုးတာတွေ စတဲ့ ညစ်ပတ်မှုပေါင်းစုံနဲ့ကြုံလာကြရမှာပါ။ ဒီအခြေအနေမျိုးမှာ ခံစားရတဲ့မခံချင်စိတ်ကို ကိုယ့်ဘဝရဲ့ အင်အားအဖြစ် အသုံးချပြီး အောင်မြင်တဲ့ဘဝ ဖြစ်အောင် ကြိုးစားသွားဖို့ အထူးလိုအပ်ကြောင်း ရေးသားလိုက်ရပါတယ်။

■

ဝတ္ထုတို

အခန္ဓမ်းပန်း

ကိုစိုး(လက်လှုပ်)

ဒီနှင်းဆီပင်လေးကို အခုလိုဖူးပွင့်လာဖို့အတွက် ပြုစုစောင့်ရှောက်ခဲ့ရတာ လတွေကြာခဲ့ပြီ။ ကိုဖိုးတေပြောတာကတော့ ပြင်ဦးလွင်ကနေ မျိုးယူလာတာတဲ့။ ဒီအနီးနားမှာ ဒီလိုနှင်းဆီမျိုးမရှိဘူးတဲ့။ ဒါကြောင့် ကိုဖိုးတေဆီကနေ ကိုင်းကူးပြီး တောင်းထားရတာ။ ကိုဖိုးတေက ပေးချင်တာမဟုတ်ပေမယ့် သူက နားပူနားဆာသွားသွားလုပ်နေတော့ ကူးပေးလိုက်တာ။ ကိုဖိုးတေက မျိုးကောင်းမျိုးသန့်လို့ ပြောပေမယ့် ဘာမျိုးလည်းဆိုတာ သူနားမလည်ပါဘူး။ ဂရုတစိုက်နဲ့ပြုစုပျိုးထောင်လာတော့ အခုဆို နီတွတ်တွတ်နှင်းဆီငုံလေးက အပင်ထက်မှာ လှသွေးကြွယ်နေပြီလေ။ လေညင်းနဲ့အတူ ယိမ်းနွဲ့နေတာကို ကြည့်ပြီး သူပီတိဖြစ်နေမိတယ်။ ရှေ့အပတ်ဆို ဆရာမကို ကျူရှင်လခပေးရင်းနဲ့ လက်ဆောင်ပေးရမယ်။

"အား. . . နာလိုက်တာ. . . ကျွတ်. . . ကျွတ်. . . သားကြီးရေ. . . လာပါဦး"

အမေ့ဆီကခေါ်သံကြားတော့ အိမ်ထဲကိုပြေးဝင်လိုက်တယ်။ အမေက တိုင်ကိုမှီပြီး ကြမ်းပြင်ပေါ်ထိုင်ရင်း ညည်းညူနေတယ်။ ဗိုက်က မပေါ့မပါးကြီးနဲ့။

"အမေ. . . အမေ. . . ဘာဖြစ်လို့လဲဟင်"

"အမေ မွေးတော့မယ်ထင်တယ်သားရဲ့၊ ဒေါ်ပုမကို သွားခေါ်စမ်း. . . နင့်အဖေကလည်း ဘယ်သွားမှန်းမသိဘူး. . . . အား. . ကျွတ်"

ဟိုဘက်အိမ်က ဒေါ်ပုမကို ပြေးပြီးခေါ်လိုက်တယ်။ တဖုန်းဖုန်းနဲ့ပြေးသွားတဲ့ သူ့နောက်မှာတော့ ဖုန်တွေက လုံးလို့။ လမ်းမှာ ကြီးတော်မြနဲ့တွေ့လို့ လိုက်လာခဲ့သေးတယ်။

ကြီးတော်မြနဲ့ ဒေါ်ပုမက အမေ့ကိုတွဲပြီး အိမ်ခန်းထဲကို ဝင်သွားကြပြီ။ သူက အိမ်ပေါက်ဝမှာ ထိုင်ပြီး ဘယ်သွားမှန်းမသိလိုက်တဲ့ အဖေ့ကို မျှော်နေရတယ်။ အိမ်ထဲမှာတော့ အော်သံ ညစ်သံတွေ ဆူညံလို့။ ညီလေးလား ညီမလေးလားမသိသေးပေမယ့် သူ့အတွက်အဖော်ရတော့မှာမို့ ပျော်နေမိတယ်။ သူအတင်းပူဆာလို့ မွေးပေးတာလို့လည်း အမေက ပြောတယ်။

ကျောင်းမုန့်ဖိုးမပြောနဲ့ စာအုပ်ဖိုး၊ ခဲတံဖိုးကို မရှိတာ။ ကျောင်းဝတ်စုံဆိုတာဝေလာဝေး။ ပြီးခဲ့တဲ့လေးတန်းတုန်းက အဖြူအစိမ်းတစ်စုံတည်းကို ကျပ်ကျပ်တည်းတည်းနဲ့ ဝတ်နေရတာ။ အခုလည်း စာအုပ်၊ ခဲတံကကုန်တော့မယ်။ အဖေ့ကိုကြိုပြောထားပေမယ့် "အေးပါကွာ"လို့သာပြောပြီး ဝယ်မပေးတာ တစ်ပတ်ရှိပြီ။

"သား. . . . . ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

အဖေပြန်လာပြီ။ မော့ကြည့်လိုက်တော့ အဖေ့မျက်နှာက ပြုံးလို့။

"အဖေ. . . ဘယ်သွားနေတာလဲ၊ အမေမွေးနေပြီ၊ အခန်းထဲမယ်"

"ဟုတ်သလား၊ အလုပ်သွားရှာရင်းနဲ့ နေ့စားအလုပ်တွေ့လို့ ဝင်လုပ်နေတာငါ့သားရဲ့၊ လုပ်အားခလည်း ကြိုထုတ်ခဲ့သေးတယ်"

အဖေကပြောပြီးတော့ အိမ်ထဲကိုဝင်သွားတယ်။ အလုပ်အဆင်ပြေလာတယ်ဆိုတော့ လိုအပ်တာလေးတွေ ဝယ်ဖို့အတွက်တွေးပြီး သူ ကျေကျေနပ်နပ်ပြုံးနေမိတယ်။ ဆရာမကိုလည်း ကျူရှင်လခပေးရဦးမယ်။

"သားရေ. . . ဆေးခန်းက ဆရာမကိုသွားခေါ်ပါဦးကွာ"

အဖေကလှမ်းပြောတော့ ဟုတ်ကဲ့ဆိုပြီး ထွက်လာခဲ့တယ်။ ဆေးခန်းက အိမ်နဲ့ နည်းနည်းလှမ်းတယ်။ ကျောင်းပိတ်ရက်မို့ အတန်းဖော်တွေ ဆော့နေကြတာကို လမ်းမှာတွေ့ရတယ်။ သူ့မှာတော့ မဆော့နိုင်ပါဘူး။ သူနဲ့လည်း ဘယ်သူမှ မဆော့ချင်ကြပါဘူး။ သူ့လိုဆင်းရဲသားကို အဖက်လုပ်ပြီး စကားပြောတဲ့သူ၊ ကစားတဲ့သူဆိုတာ ရှားပါတယ်။ ကျောင်းမှာတော့ နီမောင်တစ်ယောက်ပဲ သူနဲ့ဆော့လေ့ရှိတယ်။ ဒါကလည်း ဘဝတူတွေမို့ ဖြစ်ပါလိမ့်မယ်။ နီမောင့်အိမ်နဲ့ဝေးတာမို့ ကျောင်းပိတ်ရက်တော့ မတွေ့ဖြစ်ကြပါဘူး။

သားဖွား ဆရာမကိုခေါ်ပြီးပြန်လာတော့ လမ်းမှာ အတန်းပိုင်ဆရာမနဲ့ ဆုံခဲ့သေးတယ်။ ကိုယ့်အရေးနဲ့ကိုယ်မို့ နှုတ်မဆက်ဖြစ်လိုက်ပေမယ့် နှင်းဆီပန်းလေးပေးဖို့ သတိရလာမိသေးတယ်။ ကျောင်းဖွင့်ရင်တော့ ပေးရမယ်။

"အူဝဲ. . . . အူဝဲ. . . "

ဒီငိုသံကိုကြားရတော့ သူ ကခုန်နေမိတယ်။ သူ့အတွက် အဖော်ရပြီလေ။ အဖေကလှမ်းပြောတာတော့ မိန်းကလေးတဲ့။ ညီမလေးပေါ့။

သူ အရမ်းမျှော်လင့်ခဲ့ရတဲ့ မျှော်လင့်ချက် ဒီနေ့ပြည့်ပြီ။

မနက်တိုင်း ကျောင်းတက်ရတဲ့ခြေလှမ်းတွေက သွက်လက်ပြီးပေါ့ပါးနေတယ်။ ကျောင်းက ပြန်လာတိုင်း၊ ကျူရှင်က ပြန်လာတိုင်း ညီမလေးမျက်နှာကြည့်ရရင် အမောကို ပြေလို့။

ဒီနေ့လည်း နှင်းဆီပန်းလေးကို ခူးပြီး ကျောင်းကို ထွက်လာခဲ့တယ်။ သူကိုယ်တိုင် ပြုစုပျိုးထောင်ခဲ့တဲ့ ပန်းကလေး ဆရာမရဲ့ကေသာထက်မှာ ရဲရဲဝင့်နေတော့မယ်ဆိုတာတွေးပြီး သူပျော်နေမိတယ်။

"တောက်ထွန်း လာခဲ့စမ်း"

စာသင်ခန်းထဲကို ဝင်လာတဲ့ ဆရာမက လှမ်းခေါ်လိုက်လို့ နှင်းဆီပန်းလေးကိုကိုင်ရင်း လက်ကလေးပိုက်ပြီး ရှေ့ကိုသွားလိုက်တယ်။ သူ့အတွေးနဲ့သူ ကျေနပ်နေမိပေမယ့် ဆရာမမျက်နှာကတော့ ပြုံတော့မယ့်မိုးလို ညိုမည်းလို့။

"ကျူရှင်လခ ပါသလား"

သူ့နားကို မိုးကြိုးတစ်စင်းပစ်ခွင်းလိုက်သလိုပါ။ ခက်ထန်မာကြောတဲ့ ဆရာမလေသံက တစ်ခန်းလုံးဟိန်းလို့။ စားတော့ဝါးတော့ မလို သူ့ကို စူးစိုက်ကြည့်နေတယ်။

"မပါသေးဘူး. . ဆရာမ"

"နင့်ကိုပြောထားတာ ဘယ်နှရက်ရှိပြီလဲ. . . ဟင်၊ အခါခါမတောင်းရအောင် နောက်လအတွက်ပါ နှစ်သောင်းယူလာခဲ့။ ဒီအပတ်ထဲမှာ ကျူရှင်လခမပေးနိုင်ရင် ကျောင်းကိုလည်း မလာနဲ့၊ ကျူရှင်ကိုလည်း မလာနဲ့. . . ကြားလား"

"စာသင်ခန်းထဲကိုဝင်လာတဲ့ ဆရာမက လှမ်းခေါ်လိုက်လို့ နှင်းဆီပန်းလေးကို ကိုင်ရင်း လက်ကလေးပိုက်ပြီး ရှေ့ကို သွားလိုက်တယ်။ သူ့အတွေးနဲ့သူ ကျေနပ်နေမိပေမယ့် ဆရာမမျက်နှာကတော့ ပြုံတော့မယ့်မိုးလို ညိုမည်းလို့။"

"ဟုတ်ကဲ့ဆရာမ၊ ဒါက ဆရာမအတွက် လက်ဆောင်ပါ"

"တင်ထားခဲ့"

နှင်းဆီပွင့်လေးကိုတော့ ပေးဖြစ်အောင် ပေးခဲ့ပါသေးတယ်။ လစဉ်တိုင်းအမေးခံရပေမယ့် ဒီနေ့တော့ အတန်းဖော်တွေကြားမှာ ခေါင်းမဖော်ရဲပါ။

နောက်ရက် ကျောင်းကို မသွားရဲတော့ဘူး။ ကျူရှင်ဆိုတာလည်း သူနဲ့ သူစိမ်းတွေ ဖြစ်သွားခဲ့ပြီ။

ကျောင်းမသွားတော့ ဒီကိစ္စကို အဖေနဲ့အမေသိပြီလေ။ အဖေက အသားတွေ တဆတ်ဆတ်တုန်ပြီး မချိတင်ကဲခံစားနေရတယ်။ အဖေက ဆရာမအိမ်ကို သွားပြီး အကျိုးအကြောင်းပြောပေမယ့် ဈေးသည်မဟုတ်ဘူး။ အကြွေးမထားနိုင်ဘူးတဲ့။ မကျေနပ်ရင် ကျောင်းအုပ်ကြီးကို တိုင်ပြောနိုင်တယ်လို့ ပြောတယ်။ ဒီနေ့အချိန်ထိ အကျင့်ဆိုးတွေက မပျောက်ကြသေးဘူးလို့ အဖေကတော့ တတွတ်တွတ် ပြောနေတယ်။ ဘာကိုဆိုလိုမှန်း သူမသိပါ။

အဖေက မကျေနပ်ဘူး။ ကျောင်းအုပ်ကြီးကိုတိုင်မယ် ပြောမယ်တဲ့။ သူ့လက်ကိုဆွဲပြီး ကျောင်းအုပ်ကြီးရုံးခန်းထဲကို ဝင်လိုက်တယ်။ ကျောင်းအုပ်ကြီးမျက်နှာကလည်း မှုန်တေတေနဲ့။

"ကျွန်တော်က တောက်ထွန်းရဲ့ အဖေပါခင်ဗျာ၊ အတန်းပိုင်ဆရာမ ဒေါ်ရီရီကြွေ က ကျူရှင်လခမပေးနိုင်ရင် စာလာမသင်နဲ့လို့ သားကိုပြောလိုက်လို့ပါ၊ ကျွန်တော့်မှာကလည်း မိန်းမမီးဖွားတာနဲ့ ကြုံနေလို့မပေးနိုင်သေးတာပါခင်ဗျာ။ ဒါကို ဆရာမက လက်မခံပါဘူး။ ရင့်ရင့်သီးသီးပြန်ပြောပါတယ်"

အဖေကတော့ ရဲရဲဝံ့ဝံ့ပြောနေပေမယ့် သူကတော့ မျက်လွှာချပြီး အားငယ်နေမိတယ်။ ဆရာကြီးရဲ့ မျက်နှာကိုလည်း ကောင်းကောင်းမကြည့်ရဲပါ။

"ဒီသတင်းကို ကျွန်တော်ကြားပြီးပါပြီ၊ အဲဒီတော့ ဘယ်လိုဖြစ်ချင်ပါသလဲ ခင်ဗျာ"

"အဲဒီဆရာမကို အရေးယူပေးစေချင်ပါတယ်"

အဖေပြောတာကို သူနားမလည်ပေမယ့် ခေါင်းထောင်ပြီး ကြည့်မိတယ်။

"ဒီလိုလုပ်ဗျာ၊ ကျောင်းသားကိုလည်း အခန်းပြောင်းပေးမယ်။ သူတက်ချင်တဲ့ကျူရှင်ကိုလည်း တက်နိုင်ဖို့ စီစဉ်ပေးပါ့မယ်။ အဲဒီလိုဆိုဖြစ်မလား"

ဆရာကြီးကတော့ ကြိုသိနေတဲ့အလား အေးအေးဆေးဆေးပဲ။ အဖေက ကျေနပ်သေးဟန်မတူဘူး။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲလေ။ သူတို့လို လူတန်းစားအဖို့ ဒီလောက်ပြောရေးဆိုခွင့်ရတာကိုပဲ ကျေနပ်ရမှာပေါ့။

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ခွင့်ပြုပါဦး"

ရုံးခန်းကထွက်လာတော့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပါကွာလို့ အဖေက ပြောသေးတယ်။ သူနားမလည်ပြန်ပါဘူး။ အဖေ ဆွဲခေါ်ရာကိုသာ လိုက်ခဲ့မိတယ်။

စာသင်ခန်းထဲက ထွက်လာတဲ့ အတန်းပိုင်ဆရာမကို မြင်လိုက်တော့ သူတို့ခြေလှမ်းတွေ ရပ်တန့်သွားကြတယ်။ ဆရာမက အမှိုက်ခြင်းထဲကို တစ်ခုခုပစ်ထည့်လိုက်ပြီး ပြန်ဝင်သွားတာ လှမ်းမြင်လိုက်တယ်။

ပြည့်မောက်နေတဲ့ အမှိုက်ခြင်းနားကို ရောက်လို့ လှမ်းကြည့်လိုက်တော့ ညှိုးနွမ်းနေတဲ့ နှင်းဆီပွင့် နီညိုညိုလေးက သူ့ကို စိုက်ကြည့်နေပြီး ဘဝတူတွေပါကွာလို့ လှမ်းပြောနေသလိုလိုပါ။

ရုတ်တရက်ကျလာတဲ့ မျက်ရည်ကို လက်ခုံနဲ့ ခပ်ကြမ်းကြမ်းသုတ်ပြီး အဖေဆွဲခေါ်ရာကို လိုက်ခဲ့ရပါတော့တယ်။ ။

ဝတ္ထုတို

ထန်းသမား ထွန်းလူ

မြင့်ငွေ
(စစ်ကိုင်းပညာရေးကောလိပ်)

သူ့နာမည်က ကိုထွန်းလူ။ ရွာဦးကျောင်းဘုန်းကြီးက ပေးထားတာ။ ထွန်းတောက်မယ့်လူဖြစ်စေဖို့ အတိတ်နိမိတ်ဆောင်စေသတဲ့။ ဒါပေမယ့် ကိုထွန်းလူက ထွန်းလူဖြစ်မလာ။ အဘိုး ထန်းသမား၊ အဖေထန်းသမား၊ သူလည်းထန်းသမားပဲ။ ဒါကလည်း မထူးဆန်းပါဘူး။ ရွာတွေမှာက မိဘလက်ငုတ်ကိုဆက်ခံကြတာ ဟိုရှေးကတည်းကပါ။ ဒီတော့ ကိုထွန်းလူလည်း ရှေးထုံးမပယ်သူ အလိုလိုဖြစ်သွားတယ်။

"ဟဲ့ ညည်းတို့ကြားပြီးကြပလား။ ထွန်းလူထန်းလျှောလို့တဲ့"။ မကြားမိပါဘူး။ ဒွေးလေးညိုရယ်၊ ဘယ်တုန်းကတုန်း။ ခုတဲ့ဟဲ့ ခုတဲ့၊ ထိန်ပင်တောမှာတဲ့၊ ရွာတောင်ပိုင်းကလူတွေတော့ သွားနေကြပြီတဲ့ဟေ့။ အမေညိုကတော့ ကျုပ်တို့ရွာအတွက် မရှိမဖြစ်အမေညိုပါ။ အမေညိုမသိတာ မရှိ၊ အမေညိုသိရင် တစ်ရွာလုံးသိရော။ အရေးကြီးရင်ကြီးသလို နေပူမိုးရွာ ရှောင်မနေဘူး။ ခုလိုရွာတစ်ပတ်လှည့်ပြီး သတင်းပေးတော့တာ။ အင်တာနက်လိုင်း၊ ဖုန်းလိုင်းကမှ ကျချင်ကျနေဦးမယ်။ အမေညိုကတော့ 4G ထက် မြန်နှုန်းမြင့်ပါတယ်။ အိမ်ရှေ့လမ်းပေါ်က အမေညိုရဲ့စကားကို ရုတ်တရက်ကြားလိုက်ရတော့ ကိုထွန်းလူအတွက် စိုးရိမ်မိတယ်။ ဘယ်လိုဖြစ်တာပါလိမ့်။ ထိန်ပင်တောက သူတက်နေကျ ထန်းတောမဟုတ်။ သူနှစ်တိုင်းတက်နေကျထန်းတောက ပေါက်ပင်တောပါ။ နာရီကြည့်လိုက်တော့ မွန်းတည့်နေပြီ။ မနက်ခင်းထန်းတက်တာက ၉ နာရီ၊ ၁၀ နာရီဆို ပြီးလို့သိမ်းကြတာပါ။ ဘယ်လိုဖြစ်တယ်ဆိုတာ စဉ်းစားလို့ကို မရတော့ဘူး။ ကျွန်တော်လည်း စားလက်စထမင်းကို ဆက်မစားတော့ဘဲ ထိန်ပင်တောဘက်သို့ ပြေးရပါတော့တယ်။ မြို့နယ်ဆေးရုံ ပြင်ပလူနာခန်းရဲ့ အပြင်ဘက်မှာရော၊ အတွင်းထဲမှာပါ ကျုပ်တို့ရွာသားတွေ အပြည့်ပဲ။ ကိုထွန်းလူကို ဆေးရုံလိုက်ပို့ကြတာလေ။ ဒါက ကျုပ်တို့ရွာရဲ့ချစ်စရာ့ဓလေ့တစ်ခုပေါ့။ သာရေးဖြစ်ဖြစ်၊ နာရေးဖြစ်ဖြစ် အားလုံးဝိုင်းကူကြတာ။ ခုဟာက လူအင်အား အဲသလောက်အများကြီး မလိုပါဘူး။ လိုလိုမလိုလို အကုန်လိုက်လာကြတာ။ ကျုပ်အပါအဝင်ပေါ့။ ကျုပ်ကလည်း လေများမိပြန်ပြီ။ ကိုထွန်းလူအခြေအနေ သိချင်နေကြရော့မယ်။ ကိုထွန်းလူကတော့ ခုတင်ပေါ်မှာ ပက်လက်ကလေး၊ ညာဘက်ပေါင်ကွေးကွေးလေးအောက်မှာ စောင်ထုပ်လေးခုလျက်၊ လူကတော့ လှုပ်နိုင်ရှာဟန်မတူ။ တော်တော်လေးတော့နာရှာမှာပဲ။ ထန်းပင်အမြင့်ကကျမှတော့ ဒီလောက်တော့ရှိမှာပေါ့။ လက်မောင်းနှစ်ဖက်မှာလည်း ပြတ်ရှဒဏ်ရာတွေက သွေးစို့နေတယ်။

ရွာကလူတွေအများကြီးရှိနေတော့ အားငယ်စိတ်လျော့တဲ့ပုံတွေ့ရတယ်။ ကဲ ကိုယ့်လူတို့ နည်းနည်းဘေးဖယ်ပေးကြဦး။ လူနာကိုကြည့်မလို့။ မြို့နယ်ဆရာဝန်ကြီးကိုယ်တိုင်ရောက်လာပါတယ်။ လူတွေဝိုင်းနေလို့မငေါက်တဲ့အပြင် သူကတောင် တောင်းပန်နေသေးတယ်။ ဒီလိုနားလည်ပေးတတ်တဲ့ ဆရာဝန်တွေရှိနေပါသေးတယ်။ အင်းလေ သူလည်းဒီအရပ်မှာ ဒီဇာတ်ကလာတာကြာပြီဆိုတော့ သည်းခံနိုင်ပြီပေါ့။ ဆရာဝန်ကြီးက ကိုထွန်းလူကို စမ်းသပ်ကြည့်အပြီး ဒီမယ်ကိုထွန်းလူ ခင်ဗျားဝမ်းသာတော့။ ခင်ဗျားက တော်တော်ကံကောင်းတဲ့သူပဲဗျ။ ဟောဒီညာဘက်ပေါင်ရိုးလေးပဲ ကျိုးသွားတာဗျ။ ကျန်တာကြီးကြီးကျယ်ကျယ်ဘာမှမဖြစ်ဘူး။ မနက်ဖြန် ထန်းပြန်တက်နိုင်အောင်ကုပေးမယ်။ ဟုတ်ပလား။ ဒါပေမယ့် ခေတ်မှန်တော့ရိုက်ရဦးမယ်ဗျ။ ဆရာဝန်ကြီးစကားကြောင့် ကိုထွန်းလူပျော်သွားလို့ထင်ပါရဲ့။ ပြုံးရိပ်သန်းလာပါတယ်။ အထက်နှုတ်ခမ်း အနည်းငယ်ကွေးတက်လာပြီး ဟက်ခနဲ အသံထွက်လာတယ်။ ချက်ချင်းပဲပြန်မဲ့သွားတယ်။ သူ့ခမျာ ရယ်လိုက်တော့ ဒဏ်ရာတွေကနာသွားတယ်ထင်ပါရဲ့။ ဆရာဝန်ကြီးကလည်း ပြောတတ်လိုက်တာ။ ထန်းပင်ပေါ်ကကျတာတောင် ကံကောင်းသတဲ့။ ဒီလိုအပြောတွေက လူနာရဲ့ရောဂါအပေါ် ခံစားနေရတာတစ်ဝက်သက်သာရတယ်ဆိုတာ တကယ်ကြီးပါလား။

ဆရာဝန်ကြီးက ကိုထွန်းလူနဲ့စကားဆက်ပြောနေပါတယ်။ "ကိုထွန်းလူ ခင်ဗျားထန်းတက်တာ ဘယ်လောက်ကြာပြီလဲ"။ "အနှစ်နှစ်ဆယ်လောက်ရှိပြီဆရာ။ ကျွတ်. . " "အဲလောက်ကြာမှတော့ ချမ်းသာနေရောပေါ့"။

"ရရစားစားပါပဲဆရာရယ်"။ ခါတိုင်းဆိုသူ့အကြောင်းမေးရင် အူမချေးခါးမကျန်ပြောတတ်တဲ့သူ။ ခုတော့တိုတိုတုတ်တုတ်ပဲ ဖြေနေရှာတယ်။ စကားများများပြောရင် ဒဏ်ရာတွေက နာရှာပေမပေါ့။ ဆရာဝန်ကြီးကို ခင်ဗျားကိုယ်စားပြောပြလိုက်ချင်ပါရဲ့ဗျာ။ ရင်းထောင်ထောင်ပြောင်၊ ရင်းထောင်လှဲမွဲ ဆိုတဲ့စကားအတိုင်း ထန်းလုပ်ငန်းသိမ်းတာနဲ့ စားဖို့သောက်ဖို့အနိုင်နိုင်။ ထန်းအရင်းအနှီးကလည်း မသေးဘူး။ မြူအိုး၊ မြူအိုးကြိုး၊ ရင်းထောင်ဝါး၊ ရင်းဆွဲဝါး၊ ထင်းဒါတွေအကုန်ထောင်ရတာ။ နောက်ပြီးထန်းတောက ကိုယ်ပိုင်မဟုတ်ဘူး။ သူများထန်းတောတက်ရတာ။ ထွက်သမျှ ထန်းလျက်နှစ်ရက်တစ်ရက်ယူ၊ တစ်ရက်ရတာ ထန်းတက်သူယူ တစ်ရက်ရတာ ထန်းပိုင်ရှင်ပေးရတာ။ ထန်းပင်တစ်ပင်ကနေ တစ်နေ့နှစ်ပိဿာလောက်ပဲရတာ။ ဒါတောင်အထွက်ကောင်းမှ။ ဒီတော့ဘယ်မှာပိုလျှံနိုင်ပါမလဲ။ ရရစားစား ဟုတ်လား။ ဒါနဲ့များကိုထွန်းလူရာ တခြားအလုပ်ပြောင်းလုပ်တာမဟုတ်ဘူး။ ခုခင်ဗျားအဖြစ်က ထန်းပင်ပေါ်ကမကျမချင်း တက်နေသလို ဖြစ်မနေဘူးလား။ ဆရာဝန်ကြီးက ကိုထွန်းလူကို ကရုဏာဒေါသောနဲ့ ပြောပါတယ်။ ကိုထွန်းလူကတော့ ဘာမှပြန်မပြော၊ မျက်လွှာလေးချကာငြိမ်နေလေရဲ့။ တကယ်တော့ ကိုထွန်းလူလည်း အဲသလိုတွေးဖူးပါတယ်။ လှေကားထစ် ၁၈ ထစ်၊ ၂၀ ထစ်ရှိတဲ့ ရင်းထောင်နဲ့ တစ်နေ့ အပင် ၄၀။ (မနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် တက်ရတော့ ၈၀ ပေါ့) ဆင်းလိုက်တက်လိုက်၊ ခါးမှာမြူအိုးတွေချိတ်လျက်နဲ့။ ပင်ပန်းမှန်းလည်း သိပါတယ်။ ပင်ပန်းသလောက် စီးပွားတွက်ခြေမကိုက်တာလည်း သိပါတယ်။ ဒါပေမယ့် ကိုထွန်းလူခမျာ။ တခြားအလုပ်ပြောင်းလုပ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ အရင်းအနှီးကမရှိ။ သူ့ခဗျာ ကလေးလေးယောက်ရှိတဲ့ မိသားစုဝန်ကို ထမ်းထားရတာ။ အလုပ်ပြောင်းလုပ်ပါပြီတဲ့။ အဆင်မပြေရင်ဘယ်လိုလုပ်မလဲ။ အကြီးမတုန်းက ကျောင်းဆက်မထားနိုင်ခဲ့ဘူး။ ရင်နာနာနဲ့ပဲ လေးတန်းအောင်ကတည်းက ထန်းလုပ်ငန်းမှာအလုပ်ကူခိုင်းခဲ့ရတဲ့ အဖြစ်။ ခုအကြီးကောင်က ဆယ်တန်း၊ အငယ်နှစ်ကောင်က တစ်ယောက်က ခြောက်တန်း၊ တစ်ယောက်က နှစ်တန်း။ ခုအကြီးကောင်ကို မြို့က ဘော်ဒါမှာပို့ထားတာ။ ဒါလည်းပိုက်ဆံရှိလို့မဟုတ်။ သူ့သားမျက်နှာမငယ်ရအောင်လို့။ ဒီအတွက်ဝင်ငွေပိုရဖို့ ထန်းနှစ်တောပေါင်းပြီး တက်နေရရှာတာပါ။ ဒီတော့ ဆရာဝန်ကြီးပြောသလို တခြားအလုပ်ပြောင်းလုပ်ဖို့ သူ့ခမျာ အင်အားမရှိခဲ့ဘူးပေါ့။

ကိုထွန်းလူရဲ့မျက်လုံးတွေပြန်ပွင့်လာတယ်။ မျက်နှာကြက်ရှိ ပန်ကာလည်နေတာကို မလှုပ်မယှက်ကြည့်နေပြန်တယ်။ သူ့အခြေသူသိမှာပေါ့။ ဆရာဝန်ကြီးက ကြီးကြီးကျယ်ကျယ်ဘာမှမဖြစ်ဘူးဆိုပေမယ့် သူခံစားနေရတဲ့ဝေဒနာအရ ဘယ်လိုမှ အကောင်းပကတိပြန်မဖြစ်နိုင်မှန်း၊ ထန်းပြန်တက်လို့မဖြစ်နိုင်တော့မှန်း သူသိနေမှာပါ။ မိညို "ရှင်" ငါထန်းလျှောတာ အကြီးကောင်မသိစေနဲ့။ သူစာသင်နေတာ အနှောင့်အယှက်ဖြစ်လိမ့်မယ်။ ကြားလား။ "ဟုတ်"လို့ပြောရင်း သူ့ဇနီးမိညို မျက်နှာကို အခြားဘက်လှည့်ကာ အသံမထွက်အောင်ငိုနေရှာတယ်။ လိုက်ပို့တဲ့သူတွေလည်း ဘာသားနဲ့ထုထားတာမှတ်လို့၊ အားလုံးနှပ်တရှုပ်ရှုပ်ပေါ့။ ကျုပ်လည်း ဆေးရုံအပြင်ဘက်ထွက်လာခဲ့တယ်။ ဟိုတစ်ခါ သူ့ထန်းတောအလည်ရောက်တုန်းက သူပြောခဲ့တာတွေကို ပြန်အမှတ်ရမိတယ်။ ကျောင်းဆရာရေ. . ခင်ဗျားတပည့်ကျော် အကြီးကောင်ကို ဘော်ဒါမှာပို့ထားတယ်ဗျာ။ ကျုပ်တုန်းက ထွန်းတောက်တဲ့ ထွန်းလူဖြစ်မလာဘဲ ထန်းသမားဖြစ်ခဲ့ရပေမယ့် ကျုပ်သားကိုတော့ ထန်းသမားအဖြစ် မခံနိုင်ဘူး။ ကျုပ်သားကို ထွန်းလူပဲဖြစ်စေချင်တယ်ဗျာ။

အစွန်းရောက်အကြမ်းဖက်မှုများ တို့မလိုလား

တည်ငြိမ်အေးချမ်းရေးသည် ပထမ
တရားဥပဒေစိုးမိုးရေးသည် ပထမ
ဖွံ့ဖြိုးတိုးတက်ရေးသည် ပထမ။
အကြမ်းဖက်မှုများ မလိုလား
ဘေးပယောဂများ ဝေးဖယ်ရှား
လုံခြုံရေးအား အလေးထား။
သွေးထိုးလှုံ့ဆော်မှုများ သတိထား
အဓိကရုဏ်း အရိပ်အယောင်များ တားဆီးသွား
တည်ငြိမ်အေးချမ်းဖို့သာ တို့လိုလား။
နိုင်ငံကို ချစ်မြတ်နိုးလို့
ရှေ့ခရီး ဆက်ကြမယ်
လုံခြုံရေး သတိရှိဖို့တော့
အမှန် လိုအပ်တယ်။
စိုးရိမ်ပူပန်ကာ
ကြောက်ဖို့တော့ မလိုကွယ်
တရားဥပဒေနဲ့ အညီ
နေသွား
လုံခြုံရေး မကျိုးပေါက်ဖို့
နိုးကြားစို့လား။ ။

ပိုင်(ဆေး-၁)

သတင်းတဲ့လား

ဘိုးတော်ထွက်ပွဲ ကျင်းပ
အဘထွက်ပွဲ ကျင်းပ
တစ်ချက်တည်း ကျင်းဝင်
အမြွှာပူးလေးမွေးဖွား
ရေစက်ချတရားချီးမြှင့်
မြောင်းကူးတံတားဖွင့်လှစ်
သီးနှံများရိတ်သိမ်း
မိုးရွာစဉ်မိုးကြိုးပစ်၍
ထန်းပင်မီးစွဲလောင်ကျွမ်း
မသက်ာ၍ စစ်ဆေး
ခိုးမှုများပေါ်ပေါက်
ရုပ်ရှင်သရုပ်ဆောင်
နေအိမ်ပြောင်းရွှေ့
မော်ဒယ်မင်းသမီး
နိုင်ငံခြားသို့ဆေးစစ်ထွက်ခွာ
အဆိုတော်တစ်ယောက်
ကားတစ်စီးအသစ်လဲလှယ်
အရာရှိကြီးတစ်ဦး၏
တယ်ရီယာခွေးလေးပျောက်ဆုံး
စာကြည့်တိုက်သို့
စာအုပ်များလှူဒါန်း
လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်၍
သစ်ပင်များခုတ်ထွင်ရှင်းလင်း
ဝါတွင်းကာလ
ဥပုသ်သီလဆောက်တည်
စသည် စသည်
နွေတွင်ပူလောင်၍
မိုးတွင်မိုးများရွာသွန်းကာ
ဆောင်းတွင်အေးမြလျက်ရှိကြောင်း
သောင်းပြောင်းထွေလာ
သတင်းကောင်းများကို
နေ့စဉ်စားသုံးနေရပါကြောင်း. . .။

ဆလ်းဝင်းအောင်

ဝတ္ထုတို

အရပ်လက်သည်

မင်းကို(မြောက်ဦး)

ညသန်းခေါင်ယံ၌ ကမ်းသာယာတစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ပိုးပုရစ်တို့၏ အော်မြည်သံများသာ တစ်ချက်တစ်ချက်ကြားနေရသည်။ ထိုစဉ် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော အသံတစ်ခုက ဒေါ်လုံးခင်အိမ်ရှေ့မှ ရုတ်တရက် ထွက်ပေါ်လာသည်။

"ဒုန်း ဒုန်း . . . ဒုန်း ဒုန်း"

"အရီးလုံး . . . အရီးလုံး . . တံခါးဖွင့်ပါဦး . . အရီးလုံး"

"ဟေ့ . . . အိမ်ရှေ့မှာ တဒုန်းဒုန်းနဲ့ ဘယ်သူတုံး"

အိပ်မပျော်နိုင်၍ ဘုရားစင်ရှေ့တွင် ပုတီးထိုင်စိပ်နေသော ဒေါ်လုံးခင်သည် အိမ်ရှေ့မှ ဆူညံသံကြောင့် စိပ်ပုတီးကို လက်တွင်ရစ်ပတ်လိုက်ကာ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်ပါ အရီးလုံး . . . ရွာအရှေ့ဘက်က ကျော်ဇောပါ . . . ဒီမှာ ဧည့်သည်တွေလည်း ပါလာတယ် . . . တံခါးမြန်မြန်ဖွင့်ပါ အရီးလုံး"

ဒေါ်လုံးခင် ထိုင်ရာမှထကာ တံခါးဖွင့်ပေးလိုက်သည်။

အိမ်အပြင်ဘက်တွင် ကျော်ဇောနှင့် ဒေါ်လုံးခင် မမြင်ဖူးသော ဧည့်သည်သုံးယောက်။ မိန်းမတစ်ဦး ယောက်ျားနှစ်ဦး။ မိန်းမက ကိုယ်ဝန်ဆောင်ဖြစ်ပုံရသည်။ ဗိုက်ကို လက်နှင့် ဖိထားသည်။

ကျော်ဇောက ပြောလာသည်။

"မြို့က ဧည့်သည်တွေတဲ့ အရီးလုံး . . ဒီရွာနားအရောက်မှာ ဧည့်သည်မိန်းမက ဗိုက်တအားနာလာလို့ ဆေးဆရာလာရှာတာလို့ ပြောပါတယ်။ အရီးလုံးက ကလေးမွေးပေးနေတဲ့ လက်သည်ဆိုတော့ အရီးလုံးဆီပဲ ခေါ်လာတာပါ"

ဒေါ်လုံးခင်က ကိုယ်ဝန်ဆောင် မိန်းကလေး၏ မျက်နှာကို တစ်ချက်အကဲခတ်ကြည့်သည်။

"လာ လာ လာ ဝင်ခဲ့ကြ"

ဒေါ်လုံးခင် တံခါးဖွင့်ပေးပြီး ဘုရားစင်ဘေးရှိ ရေနံဆီမီးအိမ်ကို လက်ဖြင့်စမ်းကာ မီးညှိပေးသည်။

"ကလေးမလေးကို အခန်းထဲကို သွင်းလိုက် . . . မင်းတို့က အပြင်မှာနေ . . . ကျော်ဇော ရော့ မင်းက ဒီမီးခြစ်ယူပြီး ရေနွေးအိုးသွားတည်"

ဒေါ်လုံးခင်က စီမံခန့်ခွဲပြီးသည်နှင့် မီးအိမ်ကို ကိုင်၍ မိန်းကလေးကိုခေါ်ကာ အခန်းထဲသို့ ဝင်လိုက်သည်။

အပြင်ဘက်၌ ကျန်ရစ်သော ယောက်ျားသားနှစ်ဦးမှာ ထိုင်ရန်ပင် သတိရကြဟန်မတူ။ စိုးရိမ်စိတ်များနေပုံရသည်။ စကားပင် တစ်ခွန်းမှ မပြောနိုင်ကြ။

ဒေါ်လုံးခင် ကလေးမလေးအခြေအနေကို သေချာစမ်းသပ်စစ်ဆေးကြည့်သည်။ အခြေအနေက ပုံမှန်အနေအထားမို့ ဒေါ်လုံးခင် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားပြီးနောက်

"အူဝဲ အူဝဲ "

စူးစူးရှရှ ထွက်ပေါ်လာသော ငိုသံနှင့်အတူ လူ့လောက၌ ကျင်လည်ရန်အတွက် လူသားတစ်ဦးကို မွေးထုတ်ပေးနိုင်လိုက်ပြီမို့ ဒေါ်လုံးခင် အသာအယာပင် ပြုံးလိုက်မိသည်။ထိုစဉ် အခန်းပြင်ပမှ လှုပ်လှုပ်ရွရွအသံများကြောင့် ဒေါ်လုံးခင် အော်ပြောလိုက်ရသည်။

"ဟေ့ ဟေ့ အပြင်က ယောက်ျားတွေ အတွင်းကို ဝင်မလာနဲ့နော်"

ဒေါ်လုံးခင် အသံကြောင့် ထင်သည်။ လှုပ်လှုပ်ရွရွ အသံများ တဒင် တိတ်ဆိတ်သွားသည်။

ခဏအကြာတွင် မွေးခါစကလေးကို ပွေ့ပိုက်လျက် ဒေါ်လုံးခင် အခန်းအပြင်သို့ ထွက်လိုက်သည်။

"ကလေးက ချစ်စရာလေးဟေ့ တစ်တုံးတစ်ခဲလေး အမေကလည်း ကျန်းကျန်းမာမာပဲ "

ဒေါ်လုံးခင်က ပြုံးရွှင်စွာ ပြောလိုက်သည်။

"ဒါနဲ့မင်းတို့လည်း ညဉ့်နက်နေပြီဆိုတော့ ဒီမှာပဲ အဆင်ပြေသလိုအိပ်ပြီး မနက်မိုးလင်းမှ ပြန်ကြပေါ့"

ဒေါ်လုံးခင်စကားကြောင့် ယောက်ျားနှစ်ဦးအနက် အသားခပ်ညိုညိုနှင့် တစ်ဦးက အားတုံ့အားနာဟန်ဖြင့် ပြောလာသည်။

"အဒေါ်ကိုတော့ အားနာပါတယ် ဒါပေမယ့် ကျွန်တော်တို့ခုပဲ ပြန်ပါတော့မယ် အဒေါ် . . ဟိုမှာလည်း ကျွန်တော့်အမေ တစ်ယောက်တည်း နေမကောင်းဖြစ်ကျန်ရစ်ခဲ့လို့ပါ"

"မနက်မိုးလင်းပြီးမှ အေးအေးဆေးဆေးပြန်ရင်ရသားနဲ့ . . . ကလေးမလေးကလည်း သွေးနုသားနုနဲ့ကွယ်၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် . . အဒေါ် . . ကျွန်တော်တို့ ကားကို ဖြည်းဖြည်းပဲ မောင်းသွားမှာပါ"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် အသားခပ်ညိုညိုနှင့် လူသည် ဒေါ်လုံးခင်ထံမှ မွေးခါစကလေးကို လှမ်းယူပွေ့ပိုက်လိုက်သည်။ ကျန်တစ်ဦးက အိပ်ခန်းထဲသို့ဝင်၍ မိန်းကလေးကို ပွေ့ချီလိုက်သည်။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ အဒေါ်၊ ဒီပိုက်ဆံလေး လက်ခံပေးပါ"

ပြောပြောဆိုဆို အသားညိုညိုနှင့်လူက အသင့်ဆုပ်ကိုင်ထားဟန်ရှိသော ပိုက်ဆံများကို ပေးသည်။

"အို မလိုပါဘူးကွယ် မပေးနဲ့ မပေးနဲ့"

ဒေါ်လုံးခင် မည်သို့ပင် ငြင်းသော်လည်းမရ။ ထိုလူက ပိုက်ဆံကို ဒေါ်လုံးခင်လက်ထဲသို့ အတင်းထိုးထည့်ပေးသည်။ ဒေါ်လုံးခင် သက်ပြင်းသာချလိုက်သည်။

"သွားလိုက်ပါဦးမယ် အဒေါ် . . . အဒေါ်ကို သိပ်ကျေးဇူးတင်ပါတယ် . . . ကျွန်တော်တို့က ဒီမြို့နယ်က မဟုတ်ပါဘူး။ သွားရမယ့်ခရီးက နည်းနည်းဝေးလို့ပါ"

ပြောပြောဆိုဆို ထိုလူသည် ဒေါ်လုံးခင်ကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာရန်ပြင်လိုက်သည်။

"ကျွန်တော်လည်း သွားတော့မယ် အရီးလုံး"

ကျော်ဇောကလည်း နှုတ်ဆက်လာခြင်းဖြစ်သည်။

"အေးကွယ် ညဉ့်လည်းနက်နေပြီ ဂရုစိုက်သွားကြပေါ့"

ညအမှောင်ထဲသို့ တရွေ့ရွေ့ တိုးဝင်ပျောက်ကွယ်သွားကြသော လူတစ်စုကိုကြည့်ရင်း ဒေါ်လုံးခင် သက်ပြင်းတစ်ချက်သာ ချလိုက်သည်။

ကမ်းသာယာရွာ၌ ဒေါ်လုံးခင်က တစ်ဦးတည်းရှိသည့် နာမည်ကျော် လက်သည်ဟုဆိုလျှင်မမှား။ မွေးလာသည့် ကလေးဟူသမျှ သူ့လက်နှင့် ကင်းသည်ဟူ၍ မရှိသလောက်ပင်။ မဆိုစလောက် ခြေချော်လက်ချော် နည်းနည်းရှိခဲ့သော်လည်း ဒေါ်လုံးခင်ကို ယုံကြည်မှု မပျက်ကြ။ ဒေါ်လုံးခင်က ပိုက်ဆံလည်း တောင်းသူမဟုတ်။ သဒ္ဓါ၍ ပေးလာလျှင်ပင် ယူသင့်မှယူသည်။ ပိုက်ဆံမရှိ၊ စားစရာမရှိ၍ လက်သည်လုပ်နေသူမဟုတ်။ သူ့အတွက် ပိုက်ဆံကမရှား။ ဘိုးဘွားလက်ထက်ကတည်းက ချန်ထားခဲ့သော လယ်မြေများကို ငှားစား၍ တစ်ဦးတည်းနေသော သူ့အဖို့ ဝမ်းစာဖူလုံပြီးသား။ ထို့ကြောင့်ပင် တစ်ရွာလုံးက သူ့ကို ယုံကြည်ကိုးစားကြခြင်းပင်ဖြစ်သည်။

သူ့အရည်အချင်းကလည်း ဤမျှသာ မဟုတ်သေး။ မွေးလာသော ကလေးများကို ဗေဒင်တွက်ချက်၍ နာမည်လည်း ပေးတတ်သေးသည်။ ထို့ကြောင့်ပင် ရပ်ရွာ၌ အရေးအကြောင်းကိစ္စပေါ်လျှင် သူ့ကို ယုံယုံကြည်ကြည် တိုင်ပင်တတ်ကြသည်။

သို့သော်လည်း အချိန်ကာလတို့၏ တို့စားပြောင်းလဲမှုနှင့်အတူ အစစအရာရာ အဆင်ပြေချောမွေ့နေသော ဒေါ်လုံးခင်ဘဝအတွက် စိတ်ညစ်စရာကိစ္စတစ်ခုက ဖြစ်ပေါ်လာတော့သည်။

"တို့ရွာမှာ တာဝန်ကျလာတဲ့ သူနာပြုဆရာမလေးက တကယ် တော်တယ်ဆိုပဲ"

"ဘာလို့လဲ တော့"

"ကိုအောင်ကျော်သား တစ်ညလုံးဖျားပြီး အော်ညည်းနေရတာကို အဲဒီဆရာမက ဆေးတစ်ချောင်းထိုးပေးလိုက်တာနဲ့ ပျောက်ရောတဲ့။ နောက်ပြီး ရှိသေးတယ် တို့ရွာက ဗိုက်ကြီးသည်တွေ အဲဒီဆရာမလေး ရောက်လာပြီးတဲ့နောက်မှာ ကလေးအသေ မွေးတာတို့တောင် မရှိတော့ဘူးတဲ့ . . နောက်ပြီး . . "

အားပါးတရ ပြောဆိုနေကြသော မိန်းမနှစ်ဦးသည် သူ့ကိုမြင်သည်နှင့် ပြောလက်စစကား ရပ်တန့်သွားကြသည်။

ဒေါ်လုံးခင် သူတို့ပြောသည်ကို မကြားသလို ကိုယ့်လမ်းကိုယ် မြန်မြန်သာ ဆက်လျှောက်လိုက်ရသည်။ မိန်းမနှစ်ဦးက သူ့ကို အကဲခတ်လျက် အသံတိတ်နေကြ၏။ သို့သော် ထိုမိန်းမနှစ်ဦးသည် သူအဝေးရောက်သည်နှင့် စကားပြန်ဆက်မည်မှန်း သူသိနှင့်ပြီးသားပင်။ သူတို့ကို ဒေါ်လုံးခင် အပြစ်မမြင်ချင်။ အပြစ်မြင်၍လည်းမရ။ သူတို့ ပြောသည့်စကားက မှန်နေသည်ပဲ။ ရမ်းကုလက်သည်တို့နှင့် လည်ပတ်နေသော ဤရွာကလေး သို့ သူနာပြုဆရာမလေးတစ်ဦး ရောက်လာသည့်နေ့မှစ၍ ကျန်းမာရေးကိစ္စတိုးတက်လာသည်ကို တွေ့နေရသည်ပဲ။ အရင်လို ဗိုက်ကြီးသည်တွေ သူ့ထံ အားကိုးတကြီး မလာကြတော့။ ဒေါ်လုံးခင် သက်ပြင်းသာ ခပ်မျှင်းမျှင်း ရှိုက်လိုက်မိသည်။

အမှန်ပြောရလျှင် သူတို့ရွာသို့ သူနာပြုဆရာမလေး ရောက်လာသည်ကို ဒေါ်လုံးခင် မစ္ဆရိယစိတ် တစ်စက်မျှ မပွားမိ။ စိတ်တွင်း၌ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီးသားပင်။ သို့သော် တစ်နေ့က ဖြစ်ခဲ့သော အဖြစ်အပျက်ကို ပြန်တွေးမိတိုင်း သူ့ရင်ထဲ ခံစားရသည်။ စိတ်မကောင်းဖြစ်နေရသည်။ မတွေးချင်ပါဘဲလျက် တစ်နေ့က ဖြစ်ခဲ့သောကိစ္စက အတွေးထဲ ပြန်ပေါ်လာသည်။

"လာပါ အရီးလုံး လိုက်ခဲ့ပေးပါဗျာ။ ကျွန်တော့်မိန်းမ ဗိုက်နာတာလည်း ကြာနေပြီ၊ ခုထိ မမွေးသေးလို့ပါ"

"ဟေ့ ရွာမှာ ဆရာမလေး ရှိသားပဲ . . . ဆရာမလေးကို သွားခေါ်ပေါ့ . . . ဆရာမလေးနဲ့ဆိုပိုပြီး စိတ်ချရတာပေါ့ ဖိုးထောင်ရာ"

"မလုပ်ပါနဲ့ အရီးလုံးရာ ဆရာမလေးကို ကျွန်တော် မခေါ်ရဲလို့ပါ . . . ဆရာမလေးက စိတ်ကောင်းသလောက် ဒေါသသိပ်ကြီးတာဗျ . . သူပေးထားတဲ့ ဆေးတွေ မှန်မှန်မသောက်လို့တဲ့ ဆူလိုက်တာ လွန်ပါရော . . . လိုက်ခဲ့ပါဗျာ . . . ကျွန်တော့်သား အကြီးကောင်ကိုလည်း အရီးလုံးပဲ မွေးပေးခဲ့တာပဲဟာ . . . အရီးလုံးဆို ကျွန်တော်တို့က ယုံကြည်ပြီးသားပါ . . . လိုက်ခဲ့ပါနော် . "

ဒေါ်လုံးခင် သက်ပြင်းတစ်ချက်ချသည်။

"အေး အေး သွား သွား"

ဖိုးထောင်တို့ အိမ်ရှေ့တွင် လူတွေပင် တော်တော်ရောက်နေသည်။ ဒေါ်လုံးခင် အချိန်မဆိုင်းတော့ဘဲ အိမ်ထဲသို့ ဝင်လိုက်သည်။ မွေးခန်းထဲ၌ တအင်းအင်းနှင့် ညည်းညူနေသော မိမိအေးက သူ့ကို တစ်ချက်တော့ ခေါင်းထောင်ကြည့်သည်။ မိမိအေးကို သေချာစမ်းကြည့်သည်။ မျက်နှာအခြေအနေကို အကဲခတ်သည်။ ကလေးမလေးက မွေးဖွားတော့မည့် လက္ခဏာပြနေသော်လည်း မျက်နှာအနေထားက ပုံမှန်မဟုတ်။ ရေမြွာကလည်း မပေါက်နိုင်သေး။ သည်ကြားထဲ ကလေးမလေးပုံစံက ဖြူဖတ်ဖြူရော် ဖြစ်နေသည်မို့ စိုးရိမ်စရာပင်။ မဖြစ်။ ကလေးမလေးကို မြို့ဆေးရုံသို့ပို့မှ ဖြစ်တော့မယ် ထင်သည်။

ဒေါ်လုံးခင် အိမ်ပြင်သို့ထွက်၍ ဖိုးထောင်ကို လှမ်းခေါ်ရန်ပြင်လိုက်သည်။ ထိုစဉ်

"ဆရာမလေးပါလား၊ လာပါ လာပါ လူနာအပေါ်မှာ ရှိပါတယ်"

ဆရာမလေး ဆိုပဲ့လား။ ဒေါ်လုံးခင် တစ်ခါမှ မတွေ့မြင်ဖူးသေး၍ သေချာအကဲခတ်ကြည့်မိသည်။ ဖြူဖြူသန့်သန့် ပိန်ပိန်ပါးပါးလေး။ မျက်နှာတွင် အားမာန်တစ်မျိုးနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိကြောင်းကို အထင်းသားမြင်နေရသည်။

ဆရာမလေးက မည်သူ့ကိုမှ စကားမပြောဘဲ အိပ်ပေါ်သို့ တက်သွားသည်။ ထို့နောက် ခဏအကြာတွင် ပြန်ဆင်းလာပြီး ဖိုးထောင်ဘက်သို့ လှည့်ကာ ပြောတော့သည်။

"ရှင်တို့တွေ တော်တော် ပေါ့လျော့တာပဲ . . . ကျွန်မ ပေးတဲ့ ဆေးတွေကိုလည်း ပုံမှန်မသောက်ဘူး . . အခုတော့ လူနာက ပုံမှန်မွေးဖို့တောင် အားမရှိဘူးဖြစ်နေတယ် . . . သည်ကြားထဲ ရေမြွာက မပေါက်နိုင်ဘူး . . ရေမြွာက ဗိုက်ထဲမှာ မတော်တဆ ပေါက်သွားလို့ကတော့ ကလေးမွန်းပြီး အသက်အန္တရာယ်ဖြစ်နိုင်တယ် . . . မဖြစ်ဘူး . . . မဖြစ်ဘူး . . . ကလေးအမေကို အခုပဲ မြို့ဆေးရုံကို ပို့ဖို့စီစဉ်ကြ"

"ဟုတ် ဟုတ် ဟုတ်ကဲ့ပါ ဆရာမ"

ဖိုးထောင် အယောင်ယောင် အမှားမှားပြောပြီး မြို့ဆေးရုံသို့ သွားရန်စီစဉ်တော့သည်။

ဆရာမလေးက ဒေါ်လုံးခင်ဘက် တစ်ချက်ဝေ့ကြည့်ကာ ပြောလာသေးသည်။

"အရေးထဲ ရမ်းကုတွေ လက်သည်တွေက တစ်မျိုး . . . သူတစ်ပါး အသက်အန္တရာယ်ဖြစ်မှာကို မတွေးကြဘူး . . . ကိုယ့်ကိုယ်ကိုယ် ငါ တော်တယ်၊ ငါတတ်တယ် ဆိုပြီး လက်စွမ်းပြချင်နေကြတယ်"

ဒေါ်လုံးခင်မျက်နှာတစ်ခုလုံး ဖျင်းခနဲ ခံစားလိုက်ရသည်။ ဒေါသ ထောင်းခနဲ ထွက်သွားသည်။ သို့သော် ဒေါသကို ချက်ချင်းပင် ပြန်ထိန်းချုပ်လိုက်သည်။ ထို့နောက် အတတ်နိုင်ဆုံး လေသံမှန်မှန်ဖြင့် ဖိုးထောင်ဘက် လှည့်ကာ ပြောလိုက်သည်။

"ငါသွားလိုက်တော့မယ် ဖိုးထောင်"

ဖိုးထောင် အားတုံ့အားနာဟန်ဖြင့် ပျာပျာသလဲ ပြောသည်။

"ဟုတ်ကဲ့ အရီးလေး အခုလိုလာပေးတာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ပြန်လိုက်မပို့ပေးနိုင်တာ ခွင့်လွှတ်ပါနော်"

ဒေါ်လုံးခင် ခေါင်းသာညိတ်ပြရင်း ထွက်သွားရန် ပြင်လိုက်သည်။ တစ်ဖက်သို့ အလှည့်၌ အတန်တန် ထိန်းချုပ်ထားသည့်ကြားမှ ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော မျက်ရည်တစ်ပေါက်က ပါးပြင်ပေါ်မှ တိတ်တဆိတ် လိမ့်ဆင်းသွားသေးသည်။ သို့သော်လည်း ထိုမျက်ရည်ကို မည်သူတစ်ဦးတစ်ယောက်မှ မတွေ့မမြင်လိုက်ကြပါလေ။

ဒေါ်လုံးခင်အဖို့ တစ်ဦးတည်းနေရသော ဘဝကို တစ်ခါတစ်ရံတော့ စိတ်ပျက်မိသည်။ သည်ကြားထဲ စိတ်အပြောင်းအလဲ မြန်လွန်းကြသည့် လူတွေကိုလည်း စိတ်ကုန်မိသလိုလို။ တစ်ချိန်တစ်ခါက "အရီးလုံး အရီးလုံး"နှင့် တစ်လုံးတည်း ရှိခဲ့ကြသူတွေက ယခုတော့ ဘာသိဘာသာ။ လမ်းတွေ့လျှင်ပင် အရေးတယူ နှုတ်ဆက်ဖော် မရတော့။

"ကျွတ် ကျွတ်"

ခေါင်း တဆစ်ဆစ် ကိုက်ခဲလာ၍ စုတ်သပ်မိလိုက်ခြင်းပင်။ ဝမ်းနည်းအားငယ်စိတ်တို့ကြောင့် မျက်ဝန်းအိမ်၌ မျက်ရည်စတို့ ဝဲခိုလာသည်။ ထိုစဉ်

"အရီးလုံး အရီးလုံး"

အိမ်ရှေ့မှ ခေါ်သံကြားရသည်။ ဒေါ်လုံးခင် ခေါင်းထောင်ကြည့်ကာ ပြောလိုက်သည်။

"ဘယ်သူလဲ . . ဝင်ခဲ့ပါ . . တံခါးက စေ့ရုံစေ့ထားတာ"

တံခါးပွင့်လာပြီးနောက် ဝင်လာသူ အခြားသူ မဟုတ်။ ကျော်ဇောနှင့် ဆရာမလေး။

"ဆရာမလေးပါလား . . . လာပါ လာပါ"

လှဲနေရာမှထ၍ ဖျာခင်းပေးလိုက်သည်။

"အရီးလုံး ဒီနေ့ အပြင်မသွားဘူးလား"

ကျော်ဇောက မေးသည်။

"အေးကွယ် ခေါင်းနည်းနည်းကိုက်နေလို့ အပြင်မထွက်ဖြစ်ဘူး"

"အဘွား"

ဆရာမလေးက ခပ်တိုးတိုးခေါ်သည်။ ဒေါ်လုံးခင် အံ့ဩသွားသည်။ ဆရာမလေးက သူ့ကို အဘွားတဲ့။

"အဘွားကို ကျွန်မ တောင်းပန်စရာရှိလို့ လာတာပါ"

ဆရာမလေးက ခေတ္တနှုတ်ဆိတ်သွားပြီးမှ ဆက်ပြောသည်။

"အဘွား လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က အဖြစ်အပျက်တစ်ခုကို မှတ်မိပါ့မလား မသိဘူး . . . ညသန်းခေါင်အချိန်မှာ ရောက်လာတဲ့ ဧည့်သည်မိန်းမတစ်ယောက်ကို ကလေးမွေးပေးခဲ့တာလေ . . . ဧည့်သည် ယောက်ျားနှစ်ယောက်နဲ့ ဟောဒီက ဦးလေးလည်း ပါတယ်လေ အဘွား"

ဆရာမလေးက ကျော်ဇောကို လက်ညှိုးထိုးပြသည်။ ကျော်ဇောကခေါင်းညိတ်ကာ ပြောသည်။

"ဟုတ်တယ်လေ . . အရီးလုံး . . အဲဒီတုန်းက သူတို့ကို ကျွန်တော်ကိုယ်တိုင် လိုက်ပို့တာလေ"

အတိတ်၏ ပုံရိပ်တစ်ခုက ဒေါ်လုံးခင် အာရုံထဲ ဖျတ်ခနဲ ဝင်လာသည်။ ထိုအဖြစ်အပျက်က ဒေါ်လုံးခင် ဘဝ၌ ထူးထူးခြားခြား အဖြစ်အပျက်တစ်ခုမို့ မှတ်မှတ်ရရ ရှိနေခြင်းပင်။ ဒေါ်လုံးခင် ခေါင်းကို အသာညိတ်ပြကာ ပြောလိုက်သည်။

"မှတ်မိပြီ ကျော်ဇော . . . အဲဒါဘာဖြစ်လို့လဲ"

"ဒီလိုပါ အရီးလုံး . . . ဟောဒီက ဆရာမလေးက အဲဒီတုန်းက အရီးလုံးကိုယ်တိုင် မွေးပေးလိုက်တဲ့ ကလေးပါ"

အံ့ဩမှုကြောင့် ဒေါ်လုံးစိန် ပါးစပ်အဟောင်းသား ပွင့်သွားသည်။

"ဟုတ်ပါတယ်အဘွား . . . ကျွန်မက အဘွားကိုယ်တိုင် မွေးပေးလိုက်တဲ့ ကလေးပါ . . ဒီအကြောင်းတွေကိုလည်း ကျွန်မ ခုမှ သိရတာပါ . . ဒါတောင်မှ ဦးလေးဆီကို အလည်အပတ်သွားရင်းနဲ့ ကျွန်မ ဒီရွာမှာ တာဝန်ကျနေမှန်းသိသွားလို့ ဦးလေးက ပြောပြလိုက်တာပါ . . အဲဒီတုန်းက ကျွန်မရဲ့ဦးလေးလည်း ပါတယ်လေ . . ကျွန်မ အဖေနဲ့ အမေကတော့ လွန်ခဲ့တဲ့သုံးနှစ်ကပဲ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြလို့ ဒီအကြောင်းတွေ မသိခဲ့ရပါဘူး"

ကရားရေလွှတ်ပြောနေသော ဆရာမလေးကို ကြည့်၍ ဒေါ်လုံးခင် ဘာပြောရမှန်းမသိ ဖြစ်နေသည်။

"အဘွားကို ကျွန်မ မောက်မောက်မာမာ ရင့်ရင့်သီးသီး ပြောမိခဲ့တာတွေ တောင်းပန်ပါတယ် . . အဘွား . . ကျွန်မကို ခွင့်လွှတ်ပါနော် . . . ကျွန်မကိုလည်း အဘွားရဲ့ မြေးအရင်းတစ်ယောက်လို သတ်မှတ်ပေးပါနော် အဘွား"

ပြောပြောဆိုဆို ဆရာမလေးက ပုဆစ်တုပ်ထိုင်ကာ ဒေါ်လုံးခင်ကို ကန်တော့လေသည်။

ဒေါ်လုံးခင် မျက်ရည်ဝဲရလေပြီ။ သို့သော် မျက်ရည်များနှင့်ပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်သည်။

ဆရာမလေး၏ ဦးခေါင်းကို ညင်သာစွာ ပွတ်သပ်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ခွင့်လွှတ်ပါတယ် ကွယ် . . အဘွား ကျေကျေနပ်နပ်ကို ခွင့်လွှတ်ပါတယ်"

အိမ်ပြင်ပ၌ နေခြစ်ခြစ်တောက် ပူပြင်းနေခဲ့သော်လည်း ဒေါ်လုံးခင်ရင်၌မူ ကြည်အေးသော စမ်းရေတစ်ပေါက် သောက်ခွင့်ရလိုက်သလို ခံစားလိုက်ရလေသည်။ ။

Edu Study Guide
(Int'l School & မူကြိုမှ အထက်တန်းအထိ)
Teaching & Guide
09-43118125, 09-5412613, 09-43192684

Pride of MYANMAR

CMHL City Mart Holding Co., Ltd. မှပြုလုပ်သော ၂၀၁၆ - ၂၀၁၇ " ဂုဏ်ယူဝင့်ကြွား မြန်မာ့စားသောက်ကုန်များ "
(Pride of Myanmar) အစီအစဉ်တွင် ပါဝင်ခဲ့ကြသော စီးပွားဖက်ကုမ္ပဏီများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့်

Best Seller Award (2016 - 2017) ရရှိသော

Top CASHEW NUTS & CASHEW BRITTLE နှင့်

Popular Choice Award (2016 - 2017) ရရှိသော

Royal Myanmar Teamix တို့အား

City Mart Holding Co., Ltd. ၏

City Mart Supermarket ၊ Ocean SUPERCENTER နှင့် marketplace by City Mart တို့မှ ဝမ်းမြောက်ဂုဏ်ယူစွာ မှတ်တမ်းတင်အပ်ပါသည်။

ဦးဌေးရွှေ သစ်ဆိုင် (မအူကုန်း)

Laminate Flooring (ပါကေးပြား)
100% ရေစိုခံ မယောင်းသွင်းပြီး
Laminate Flooring (ပါကေးပြား)များကို ပြည်နယ် တိုင်းမရွေး
အိမ်တိုင်ရာရောက် အပြီးအစီးလိုက်လံ ခင်းကျင်းပေးပါသည်။
Ph - 290100, 293320, 200124, 205209, 205213

အနူးအညွတ်တောင်းပန်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ မမြတ်နိုးဦး (ဘ-ဦးဒိန်းဒေါင်)ဆိုသူအား ကျွန်တော် ဦးဝင်းမောင် [၁၀/မလမ(နိုင်)၀၂၀၁၃၀]၏သားဖြစ်သူ မောင်ပြည့်ဖြိုးမောင်၏ ကျူးလွန်မိသော အငြင်းပွားဖွယ်ရာ အမှားများအတွက် တောင်းပန်လိုပါသည်။ မောင်ပြည့်ဖြိုးမောင်၏ Facebook အကောင့်မှ လူငယ်သူငယ်ချင်းတစ်သိုက်စုပေါင်း၍ မမြတ်နိုးဦးဆိုသူအား နောက်ပြောင်ပြောဆိုကြရင်း မရည်ရွယ်ပါဘဲ တစ်ဖက်သားဂုဏ်သိက္ခာ ညှိုးနွမ်းအောင် စာရေးသားမိခဲ့ပါသဖြင့် နားလည်ကျေနပ်ခွင့်လွှတ်ပေးပါရန် လေးစားစွာတောင်းပန်အပ်ပါသည်။

ဦးဝင်းမောင်
ရန်ကုန်မြို့
ဖုန်း-၀၉၂၅၄၄၄၈၀၇၈

[illegible]

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/အိုင်^၅)၊ မြေကွက်အမှတ်(IV-၁၅)၊ မြေကွက်တည်နေရာအမှတ်(၁၄၂)၊ လမ်း(၅၀)၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်ဟာဇရာဘီဘီ [၁၂/ပဇတ(နိုင်)၀၂၆၇၇၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဟာဇရာဘီဘီ (မိခင်)နှင့် ဦးထွန်းစိန်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးလှရွှေ [၁၂/ပဇတ(နိုင်)၀၂၇၁၁၄]၊ (၂)ဒေါ်သန်းသန်းဌေး[၁၂/ ပဇတ(နိုင်)၀၂၇၁၁၃]၊ (၃)ဒေါ်တင်တင်ဌေး [၁၂/ပဇတ(နိုင်)၀၀၃၁၆၇]၊ (၄)ဒေါ်တင်တင်အေး [၁၂/ပဇတ(နိုင်)၀၂၇၁၁၅]၊ (၅)ဒေါ်အေးအေးသန်း [၁၂/ပဇတ(နိုင်)၀၀၄၈၈၉]၊ (၆)ဒေါ်သက်သက်ခိုင်[၁၂/ပဇတ(နိုင်)၀၃၁၅၃၁]တို့အနက် ဒေါ်သက်သက်ခိုင်ထံမှ (အမေရိကန်နိုင်ငံရှိ မြန်မာသံရုံးအထူးကိုယ်စားလှယ်လွှဲစာ)ရသူ ဒေါ်အေးအေးသန်းနှင့်ကျန် ဦးလှရွှေ၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်တင်တင်ဌေး၊ ဒေါ်တင်တင်အေး တို့မှ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကတိသစ္စာပြုလွှာအမှတ်စဉ်-၃၉၃၇/၁၃-၃-၂၀၁၇၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ မိခင် ဒေါ်ဟာဇရာဘီဘီနှင့် ဖခင် ဦးထွန်းစိန်တို့၏ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၅၃၄)၊ ဧရိယာ(၀. ၀၈၂)ဧကရှိ ဦးဇေယျာဦးအမည်ပေါက်ပါမစ်မြေအား အမည်ဒေါ်ယုမွန်အေး[၅/ဟမလ(နိုင်)၀၇၄၄၉၈] အဖအမည် ဦးသိန်းငွေမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

သွေးသည်
အသက်

တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီမြို့နယ်၊ အထက တနင်္သာရီ၊ တက္ကသိုလ်ဝင်တန်းမှ မမေမိုး၏ ဖခင် ဦးအာမီနှင့် ဦးမောင်ဇော်[၆/တသရ(နိုင်)၀၀၉၆၀၈]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအာမီ(ခ)ဦးမောင်ဇော်

အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း(J)ခန်းမှ ကျောင်းဝင်အမှတ်(၁၂၉၁/၁၁)မှ ကျောင်းသား၏ အမည်မှန်မှာ မောင်ကျော်ဝဏ္ဏအောင်(ခ) မောင်ရဲမြင့်အောင် ဖြစ်ပါသည်။

ဒေါ်ယဉ်မူသန့်[၁၂/အလန(နိုင်)၀၁၃၀၁၈]ကို သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ ပေးအပ်ထားသော အမွေများကိုပြန်လည်ရုပ်သိမ်းခြင်းနှင့် အမွေခံသမီး အဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ခေါင် (ခ) ဦးသန့်ဇော်သည် ဒေါ်တင်အေးမူ(ခ)ဒေါ်ညိုနှင့် (၁၉၆၈) ခုနှစ်တွင် အိမ်ထောင်ပြုခဲ့ရာ သမီး (၂)ဦးထွန်းကားခဲ့ကြောင်း၊ ၎င်းတို့မှာ သမီးကြီး ဒေါ်ယဉ်မူသန့်နှင့် သမီးငယ် ဒေါ်ခိုင်ယဉ်နုတို့ဖြစ်ကြောင်း၊ ၁၅-၆-၂၀၁၀ရက်တွင် ဇနီးဖြစ်သူ ကွယ်လွန်သွားသဖြင့် သမီးများနှင့်အတူ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် (အနောက်)ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၁၅)၊ ၅-လွှာ၊ ခေါင်းရင်းခန်းတွင် အတူနေထိုင်ခဲ့ပြီး၊ ကျွန်ုပ်၏မိတ်ဆွေ အမည်ပေါက် ပိုင်ဆိုင်သော ရန်ကုန်မြို့၊ သီရိမင်္ဂလာဈေးရုံ(ခ)၊ ဆိုင်ခန်းအမှတ် (၉၈)နှင့် (၉၉)တို့တွင် သစ်သီးများရောင်းချလုပ်ကိုင်ခဲ့ကြောင်း၊ အထက်ပါတိုက်ခန်းနှင့်ဆိုင်ခန်းတို့၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများမှာ သမီးငယ်ထံတွင်ရှိပြီး သမီးငယ် ဒေါ်ခိုင်ယဉ်နုသည် လှိုင်းဘွဲ့မြို့နယ်တွင် သွားရောက် အလုပ်လုပ်ကိုင်နေပါကြောင်း၊ အထက်ပါ တိုက်ခန်းတွင် ကျွန်ုပ်၏ မိတ်ဆွေနှင့်အတူ နေသူ သမီးကြီး ဒေါ်ယဉ်မူသန့်သည် ဖခင်အား သားသမီးတို့၏ ဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်မှုမရှိဘဲ ကျွန်ုပ်၏မိတ်ဆွေမှာ အိုမင်းမစွမ်းဖြစ်၍ ဘဝ၏ ကျန်ရှိသော သက်တမ်းတွင် ဆေးပေးမီးယူ ပြုစုရန် နောက်အိမ်ထောင်ပြုခြင်းအပေါ် အမြဲတမ်းဆဲဆို၍ ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး ရိုင်းစိုင်းစွာ ဆက်ဆံသဖြင့် ဒုတိယဇနီး ဒေါ်မြင့်မြင့်စန်းနေထိုင်သည့် ဒဂုံတောင်(၅၄)ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရကြောင်း၊ ယင်းသို့ နေထိုင်စဉ်ကာလအတွင်း သီရိမင်္ဂလာဈေး၊ ဆိုင်ခန်းအမှတ် (၉၉)၏ ပိုင်ဆိုင်မှု ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့် ဆက်စပ်သော စာရွက်စာတမ်းအချို့ ပျောက်ဆုံးခဲ့ကြောင်း၊ ၎င်းအပြင် မိသားစုပိုင် အမွေပုံ ပစ္စည်းများအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဒေါ်ယဉ်မူသန့်က ၁၅-၅-၂၀၁၇ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၃၀ တွင် ကြော်ငြာမှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ မိဘအပေါ် ရန်သူသဖွယ် ရိုင်းပျစွာ ဆက်ဆံနေသော သမီးကြီး ယဉ်မူသန့်အား သွာနုတ္တသမီး သတ်မှတ်ပြီး၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ဖခင်မှ ယာယီပေးအပ်ထားသော အမွေတိုက်ခန်းနှင့် သီရိမင်္ဂလာဈေးသစ်ကြီးရုံ(ခ)၊ ဆိုင်ခန်းအမှတ်-၉၉ ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်မြင့်မြင့်ဌေး(စဉ်-၃၅၉၄)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၉၇၊ ၃-လွှာ၊ ၉၄လမ်း၊ ကန်/ရှေ့ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉-၇၃၁၁၆၁၃၄၊ ၀၉-၇၃၂၄၃၇၅၉

ကြော်ငြာစာ
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၇ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၁၀၁

ပါဖက်(က်ထ်)ဂီယာ ကုမ္ပဏီလီမိတက်
PERFECT GEAR LIMITED

(၎င်းကုမ္ပဏီ၏ကိုယ်စားပြုတာဝန်ပေးအပ်ခြင်းခံရသူ-မန်နေဂျာ ဦးကျော်အေးမောင်)လျှောက်ထားသူ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၁အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန်လျှောက်ထားသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အရိယမဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ အမှတ်(၁၆/အေ/၄)က ကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီပုံစံ(၆)၊ ပုံစံ(၂၆)နှင့် ပုံစံ(င)တို့အား ကုမ္ပဏီ၏ မှတ်ပုံတင် တင်သွင်းရန် သတ်မှတ်ထားသောကာလကျော်လွန်မှ တင်သွင်းခဲ့ သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၈၄(၂)၊ ၈၇(၂)၊ ၇၆(၁)နှင့် ၃၂(၃)ကိုလိုက်နာရန်ပျက်ကွက်မှုအတွက် ယင်းဥပဒေပုဒ်မ-၂၈၁အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါ လျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၉ရက်နံနက် ၁၀း၀၀နာရီ၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် ယခုမိန့် ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော ပါဖက်(က်ထ်)ဂီယာ ကုမ္ပဏီလီမိတက် PERFECT GEAR LIMITED ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၁ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြတ်ခိုင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

S.S.M

SOE SAN MYINT TRAVEL &TOURS CO.LTD

ဗုဒ္ဓဂယာဘုရားဖူးအစီ

ဒ၊ (၇)ည အိပ် / (၈) ရက် ခရီးစဉ် $ 580 (ဝန်ဆွ ၁၅၀၀၀၀)ကျပ်

၂၊ (၁၁)ည အိပ် / (၁၂) ရက် ခရီးစဉ် $ 680 (ဝန်ဆွ ၁၅၀၀၀၀)ကျပ်

၃၊ (၁၄)ည အိပ် / (၁၅) ရက် ခရီးစဉ် $ 780 (ဝန်ဆွ ၁၀၀၀၀၀)ကျပ်

facebook

ရုံးခန်း-အမှတ်(၈) အင်းဝလမ်း ၊ ကျောက်မြောင်းရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့

www.facebook.com/soesanmyinttravelandtour

Travel... ခင်းလေးမောင်တော်ဦးဘုရားပွဲ

Oct 3,4,6

တစ်ဦးတည်းဖြစ်ပါကြောင်း

မရမ်းကုန်းမြို့နယ်နေ ဦးစိုင်းနော် [၁၂/မရက (နိုင်)၁၁၀၄၁၈]၏ သား မောင်စိုင်းဇင်ဖြိုးလွင်(ခ) Frank Novel [၁၂/မရက(နိုင်)၁၅၆၅၉၆] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ရဲဝင်း (ခ) ရှော်ဘီအူလ္လာဆောင်[၁၂/ဗဟန (နိုင်)၀၈၇၃၃၂]ပိုင် ကုမ္ပဏီ ထ. သ. က လိုင်စင်မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၂၅၀၅၁၄၇၅၂

ရှေးမြန်မာသမ္မတလီမိတက်မှုကြီးကြပ်ခွင့်လှစ်သော

Since - 1994

GSC ကျောက်မျက်သင်တန်းကျောင်း

(Gemmological Association, UK ၏ တစ်ခုတည်းသော မြန်မာကျောင်းခွဲ)

* FGA (London) Diploma သင်တန်း
* အခြေခံကျောက်မျက်သင်တန်း (တစ်လသင်တန်း)
* အဆင့်မြင့်ကျောက်မျက်သင်တန်း (တစ်လသင်တန်း)
* FGA Diploma ရ ဦး မွေးထုတ်ပေးပြီး

အခြေခံသင်တန်းအသစ်စမည့်နေ့ (၂၅ - ၉ - ၂၀၁၇)

[လူဦးရေကန့်သတ်ထားပါသည်]

အမှတ်-၅၉၊ ၄-လွှာ၊ (၂၅) လမ်း(အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

PH : 09 500 2581, 09 420 034 983

၂၀၁၈- တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးမှာ ဂုဏ်ထူးရမှတ်များစွာဖြင့်၊ သင်္ချာဘာသာ အောင်မြင်ကြဖို့

Win Education ၏ ၂၀၁၈ တက္ကသိုလ်ဝင်တန်း သင်္ချာဘာသာ၊ အောင်ပွဲဝင် လက်ဆောင်စာအုပ်



၂၀၁၈ အထူး

70 + သင်္ချာ

မှ ဂုဏ်ထူးမှတ်ဆီသို့

ပါမောက္ခ ဒေါက်တာအေးကို

ထွက်ပြီ

သင်္ချာ ဘာသာနှင့်ပတ်သက်၍ ထူးထူးခြားခြား ရှင်းလင်းချက်များ၊ အဖြေများကို ဝါရင့် သင်္ချာပါမောက္ခဆရာကြီးက အနီးကပ် သင်ကြားပေးလိုက်ပါပြီ။

သင်္ချာမေးခွန်းက ဘယ်လိုပဲမေးထားပါစေ လွယ်ကူသောတွက်နည်းများဖြင့် ရဲရဲကြီး ရင်ဆိုင်ဖြေဆိုလိုက်ပါ။

သင်္ချာတွက်နည်း ပုံစံသစ်များ၊ သီအိုရီများကို လွယ်ကူစွာတွက်ချက်နိုင်ရန် သရုပ်ဖော်ပုံများဖြင့် ဖြေရှင်းတွက်ချက် ပြသထားသည်။

Win Education ၏ ကျောင်းသားဗဟိုပြုစနစ်ဖြင့် သင်္ချာဘာသာကိုပျော်ရွှင်စွာ တွက်ချက်နိုင်ကြစေရန်၊ သင်္ချာဘာသာ အဘိဓာန်စာအုပ်ကြီးအဖြစ် ထူးခြားစွာ ပြုစုထုတ်ဝေလိုက်ပါပြီ။

70 + သင်္ချာဂုဏ်ထူးမှတ်ဖြင့် အောင်ပွဲခံလိုက်ပါ-

စာပေရရှိနိုင်စာဆေ- ၀၉-၄၅၀၀၄၄၄၇၁၊ ၀၁-၃၉၄၆၈၅

TMH TELECOM

TMH Telecom Public Co.,Ltd.(တီအမ်အိတ်ချ်ဆက်သွယ်ရေးအများပိုင် ကုမ္ပဏီလီမိတက်)

ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ကြေညာခြင်း

TMH Telecom Public Co.,Ltd.(တီအမ်အိတ်ချ်ဆက်သွယ်ရေးအများပိုင် ကုမ္ပဏီလီမိတက်)သည် Telecom Infrastructure တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ Broadband Internet ဝန်ဆောင်မှုလုပ်ငန်း၊ Metro Fiber ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ၂၀၀၇ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၆၈/၂၀၀၇- ၂၀၀၈ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀-၅-၂၀၁၆ရက်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်းကို အများပြည်သူသို့ သိရှိစေရန် ကြေညာအပ်ပါသည်။

အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းပြီးနောက်ပိုင်းတွင် TMH Telecom Public Co.,Ltd.သည် အများပြည်သူသို့ အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်း (Initial Public Offering-IPO)အား ၂၀၁၇ခုနှစ် နောက်ပိုင်းကာလများတွင် ပြုလုပ်မည်ဖြစ်ပြီး ယင်းသို့ရောင်းချခြင်းနှင့်အတူ ရန်ကုန်စတော့အိပ်ချိန်း (YSX)တွင် စာရင်းဝင်နိုင်ရန်အတွက် လိုအပ်သည်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

TMH Telecom Public Co.,Ltd.သည် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော စီးပွားရေးမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်နိုင်စေရန်အတွက်လည်းကောင်း၊ ဆက်သွယ်မှုကွန်ရက်ပိုမိုကောင်းမွန်စေရန် လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

TMH Telecom Public Co.,Ltd.

No-54, Eastern Business Center, Level 4 & 5, Laydaungkan Road, Thingangyun Township, Yangon, Myanmar.

Tel-(+95 1)8550348,8550936

Fax-(+95 1)573232

Email-info@tmhtelecom.com

Website-www.tmhtelecom.com

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက်ကိုစိုး

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ (၆)ရက် ဗုဒ္ဓဟူးနေ့၌
ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်သော
အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီ
(ASEAN Business Advisory Council) မှ ပေးအပ်ချီးမြှင့်သည့်
ASEAN Business Awards 2017 ဆုပေးပွဲအခမ်းအနားတွင်
Young Entrepreneurs Award ဆုကို
Founder & Chairman ဦးအောင်ဇော်ဦး ဦးဆောင်သော
Aung Naing Yoma Thitsar Co., Ltd. က
လက်ခံရရှိခဲ့ကြောင်း သိရှိရပါသဖြင့်

"အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

ASEAN-BAC

ASEAN BUSINESS AWARDS LAO PDR 2017

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မြန်မာ့မော်တော်ယာဉ်လုပ်ငန်းဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈စီ၊ မြေကွက်အမှတ်-၆၁ကေ/၁-၉၄၀+၉၄၁+၉၄၂၊ မြေကွက်တည်နေရာအမှတ်-၂၁၊ ခမ္မိကဝတီလမ်း၊ သံတံတား ရပ်ကွက် (ဒေါ်အပု)အမည်ပေါက် မြေပိုင်မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမရုံးတော်ရှိ တရားမမှုအမှတ်-၂၇၂/၂၀၀၃၊ ဇာရီမှုအမှတ်-၁၂၃/၂၀၁၁တို့အရ တရားရှုံး(၁) [ဒေါ်နော်သိုးဖောဘ (ကွယ်လွန်သူ ဦးစောအယ်ဒီဆင်လှ၏ တရားဝင်ကိုယ်စားလှယ်)]၊ (၂)ဒေါ်နော်ရိုဘီလှ၊ (၃) ဦးစောရှားမိန်းလှ(ကိုယ်တိုင်နှင့် ၁၊ ၂တို့၏ ကိုယ်စားလှယ်နှင့် (၁) ဦးလွင်ဦး(ကွယ်လွန်သူ ဒေါ်နော်ဂရေစီ(ခ)နော်ခီလား၏ တရားဝင်ကိုယ်စားလှယ်၊ (၂) ဒေါ်နော်ရိုစီကဒိုး၊ (၃) စောဒေးဗစ်ကဒိုး၊ (၄) စောရစ်ချပ်ကဒိုး၊ (၅) နော်မီရိုမီကဒိုး၊ (၆)စောတဲရင့်ကဒိုး၊ (၇)နော်လီလီကဒိုး အမှတ်(၂/၅/၆/၇)တို့၏ ကိုယ်စားလှယ်စာရသူနှင့် ၃၊ ၄တို့၏ အုပ်ထိန်းသူ ဦးလွင်ဦး)တို့အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းကြောင်း လက်မှတ်စာဖြင့် လေလံဆွဲဝယ်ယူသူ ဦးကျော်ဝင်း[၁၂/မဂတ(နိုင်)၀၇၇၀၄၄] ကြေးအိုးကြီး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ဒေါ်စုရည်ဝင်း[၈/သရန(နိုင်)၀၇၁၃၃၅]တို့မှ တရားရုံးလေလံဖြင့် အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်-၃၂၅တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၃၂၅၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တူးထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး နှစ်ဦးသဘောတူမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ် အရစ်ကျငွေပေးချေခြင်း ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၊ အဆောက်အအုံနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ H.P ၀၉-၅၀၂၁၂၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ၊ ဓာတ်ခွဲယာဉ်များ၊ မော်တော်ယာဉ်များနှင့် မောင်တော်ဆိုင်ကယ်များ၊ ရုံးသုံးစက်ပစ္စည်း ကိရိယာများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းထားသော ကုမ္ပဏီများအား ၂၀-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တင်ဒါဖွင့်ဖောက် စိစစ်ရွေးချယ်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၃၅၈၆၊ ၀၆၇-၄၀၃၁၇၁

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

ဒေါ်စုလွင်မိုး (တိုက်(စီ)၊ အခန်း၄၀၁၊ ရွှေဂုံပလာဇာ၊ ရွှေဂုံတိုင်လမ်းမကြီး၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)	နှင့်	၁။ ဦးအောင်ခင် ၂။ ဒေါ်ခင်လှလှအောင် ၃။ ဦးဒေါနပတီ ၄။ ဦးရမ်းဗဟာဒူး ၅။ ဦးဆို(မ်)ရာဂျ် ၆။ ဒေါ်ဆိုင်လီ ၇။ ဦးကြည်ဝင်း ၈။ ဦးထွန်းထွန်းလင်း ၉။ ဒေါ်ကြည်ခင်
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်-၄၄နေ အမှတ်(၃)တရားပြိုင် ဦးဒေါနပတီ(ယခုနေရပ်လိပ်စာမသိ)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၁၁၇/ဘီနေ အမှတ်(၇)တရားပြိုင်၊ ဦးကြည်ဝင်း(ယခုနေရပ်လိပ်စာမသိ)၊ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၁၁၇/ဘီနေ အမှတ်(၈)တရားပြိုင် ဦးထွန်းထွန်းလင်း(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။ အထက်အမည်ပါ တရားလိုက ဤရုံးသို့"ကွယ်လွန်သူမိခင် သက်ရှိထင်ရှားရှိစဉ်က သားချင်းတစ်ဦးဖြစ်သူ (၂)တရားပြိုင်အား အမွေပစ္စည်းအားလုံးပေးကမ်းခဲ့သည့် မှတ်ပုံတင်အပိုင်ပေးစာချုပ်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆန့်ကျင်ပျက်ပြယ်ကြောင်းနှင့် အချင်းဖြစ်ပစ္စည်းအား အမွေပုံပစ္စည်းအဖြစ် ပြဋ္ဌာန်းကြေညာ၍ အဆိုပါ အပိုင်ပေး မှတ်ပုံတင်အပိုင်ပေးစာချုပ်နှင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချထားသည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်များအား ပယ်ဖျက်ပြီး အမွေပုံပစ္စည်းအား အုပ်ချုပ်စီမံခန့်ခွဲပေးစေလိုမှု"ရလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၁၀ရက် (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းလွဲ ၁၃နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ချစ်ကိုကို)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ယာဉ်မောင်း
အမြန်အလိုရှိသည်

- အိမ်ကားမောင်းရန် ယာဉ်မောင်း တစ်ဦးအလိုရှိသည်။
- မောင်းသက်(၃)နှစ် အနည်းဆုံး ရှိရမည်။
- (၈)မိုင်တွင် ကားထုတ်ရမည်။
- အသက်(၃၀)မှ (၄၀)ကြားဖြစ်ရမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၂၅၄၃၂၃၁

ပျောက်ဆုံးကြောင်း

ဒေါ်အေးမြတ်သူ[၁၂/ရကန(နိုင်)၀၆၅၁၇၁]၏ Myanmar Thilawa SEZ Holding Public Limited မှ ဝယ်ယူထားသော အစုရှယ်ယာလက်မှတ်(11511)မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၄၉၃၅၀၃

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၅၃၆)၊ ဧရိယာ(၀. ၀၈၂)ဧကရှိ ဦးဇေယျာဦး အမည်ပေါက် ပါမစ်မြေအား အမည်ဒေါ်ယုမွန်အေး[၅/ဟမလ(နိုင်)၀၇၄၄၉၈] အဖအမည် ဦးသိန်းငွေမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ဘုရင့်နောင်လမ်းမတန်း (လှိုင်မြို့နယ်)
မြေနှင့်အိမ်ရောင်းမည်

ပိုင်ရှင်ကိုယ်တိုင်၊ ဂရန်(အမည်ပေါက်)
ပေ(၂၅×၅၀)၊ ရေ/လျှပ်စစ် (အိမ်သုံးနှင့်ပါဝါ)
(အိမ်ရှေ့-ကားပါကင် ၆ စီးရပ်နိုင်)

HP:09-263406665

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ရုံးကြီးရပ်)၊ မြေကွက်အမှတ်(ဒ-၂၅၃၅)၊ ဒေါက်တာသက်သက်ဇင်(ဘ)ဦးစန်းမောင်[၇/မလန(နိုင်) ၀၀၂၁၈၇]အမည်ပေါက် ပါမစ်မြေ၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်မူရင်းကို ပယ်ဖျက်ပြီး မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဦးအမာနုလာ(AK-၂၀၇၄၀၄)၊ ဦးမောင်မောင်(ခ)ဂျော်လိပ်(AI-၀၇၆၁၈၂)၊ ဦးကျော်ဆွေ[၁၂/တမန(နိုင်)၁၂၆၁၃၈] ကန်ထရိုက်တာများသိစေရန် ထပ်မံအသိပေးခြင်း

သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံအနောက်(၈)လမ်း၊ အမှတ်-၉၆၆(ခ)၊ လူနေရပ်ကွက်၊ အမှတ်-၁၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ (ဦးမြသင်း ဂရန်အမည်ပေါက်)နှင့် စပ်လျဉ်း၍ အမည်ပေါက် ဦးမြသင်းနှင့် ဦးငွေလှတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမြသင်း၏ ၁၉-၈-၂၀၁၇ ရက်ထုတ် ကြေးမုံသတင်းစာပါကြေညာချက်အား ထပ်ဆင့်အတည်ပြုပါသည်။ သို့ပါ၍ လူကြီးမင်း၊ ကန်ထရိုက်တာများအပေါ် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဦးမြသင်းနှင့် ဦးငွေလှတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးမော်(B.Sc,P.G.D.L)
Advocate(10674)
Ph:09-5156683

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းတနော်လမ်း၊ အမှတ် (၃၉)၊ ၇-လွှာ (ဘီ) အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြတ်မြတ်ဦး[၁၂/စခန (နိုင်)၀၀၉၇၇၇]ထံမှ ဦးထူးမောက်ဘုန်းခိုင်[၇/ပမန(နိုင်)၁၄၀၆၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးထူးမောက်ဘုန်းခိုင်[၇/ပမန(နိုင်)၁၄၀၆၅၉]
ဖုန်း-၀၉-၂၅၄၄၆၄၀၈၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ မျှော်လင့်လမ်း၊ တိုက်အမှတ်(၃၁၉/က)၊ ၅-၅၁၁(မေတ်ရာခန်း) အကျယ်အဝန်း (၁၉' x၅၄')ခန့် အကျယ်ရှိ ... တိုက်ခန်းနှင့် ... အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ... ဦးကိုကို(၁၂/တကန(နိုင်)၀၇၃၆၈၈)ထံမှ ... ကန့်ကွက်လိုပါက ... (၇)ရက် အတွင်း ... ကန့်ကွက်နိုင်ပါသည်။ ... ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ

အထက်တန်းရှေ့နေများ

ဦးသန်းထွန်း	ဦးဝင်းအောင်	ဒေါ်ဟန်သီရိ	ဒေါ်ဝတ်ရည်ထွေး
LL.B, D.B.L	LL.B, D.M.L, D.B.L	LL.B, WIPO(Switzerland)	LL.B,LL.M
(စဉ်-၄၅၉၉)	(စဉ်-၈၁၅၆)	(စဉ်-၃၉၄၄၇)	(စဉ်-၃၆၉၁၄)

ရုံးချုပ် > အမှတ်(၇၁) ပထမထပ်၊ အင်းစိန်လမ်း၊ ... ကမာရွတ်မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(၂၀၈) ပထမထပ်၊ ... ဗိုလ်တထောင်မြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အထက၊ ဒသမတန်း(D)မှ မဖြိုးသက်မော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် [၇/အတန(နိုင်)၀၂၁၇၅၀] ဖြစ်ပါကြောင်း။

ဦးမြင့်(ခ)ဦးမြင့်လွင်

အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အထက၊နဝမတန်း (B)မှ မောင်စည်သူအောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန် [၇/အတန(နိုင်) ၀၃၁၁၆၉] ဖြစ်ပါကြောင်း။

ဦးသိန်းနိုင်(ခ)ဦးသိန်းတန်

ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အထက၊ ဒသမတန်း(C)မှ နော်ထူးဒိုစေး၏ ဖခင်အမည်မှန်မှာ စောလားကျော်ထူး [၇/အတန(နိုင်) ၀၉၅၄၀၈] ဖြစ်ပါကြောင်း။

စောလားကျော်ထူး

စားဖူးပါက နှစ်သက်ရမည်
မျက်ကြည်လွှာ
အကျော်ဆုံး အကြောဖြေဆေး
စားသုံးနိုင်သူများ
➤ မြင်သိမထွက်၊ ဇက်ကြောတက်၊ မျက်စိမှုန်ဝါးသူ၊
➤ ဝမ်းချုပ် ဆီးပူ၊ ရိုးရှ လိပ်ထွက်၊ လဆက်မှာသီမှန်လိုသူ၊
➤ ဆံပင်ဖြူ/ ပါး အတိုင်များ၊ ညောင်းအားပိုတတ်သူ၊
မျက်ကြည်လွှာ ... Tel: 09 2031080, 09 6570957, 09 6805353.

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	V Class.၁၁	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	V.၇၀၁၁	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible] GP[illegible]	[illegible]	[illegible]	[illegible]	၁၈၉ နှင့် ၁၈၉ A	[illegible]	[illegible]	[illegible]
၄။	[illegible] GP[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible] (GP[illegible])	[illegible]	[illegible]	၃၆-D	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible] GP[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	၃၆-D	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	၁၆၅၃-A/၂	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	၁၆၅၃-A/၁	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	13F-3	I Class 7	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	V ၂၀	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	BH-VENTURES MYANMAR COMPANY LIMITED	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	V Class ၁၀၅	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	II ၃၀	[illegible]	[illegible]	[illegible]

ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ အထက နဝမတန်း(B)မှ မောင်ရဲနိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းလွင် [၇/အတန(နိုင်)၀၂၉၁၂၃] ဖြစ်ပါကြောင်း။

ဦးဆန်းလွင်

မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ အထက(ခမောက်ကြီး) ဒသမတန်း (A)မှ မအိဖြိုးဖြိုးအောင်၏ မိဘအမည်မှန်မှာ ဦးမြင့်အေး [၇/မလန(နိုင်)၀၇၅၄၇၇]နှင့် နော်ခိုင်ခိုင်ဦး[၇/အဖန(နိုင်)၀၆၉၅၈၅]ဖြစ်ပါသည်။

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အလက(၂)၊ အဌမတန်းမှ မောင်အာကာမင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး [၆/ကသန(နိုင်) ၀၉၃၁၁၉] ဖြစ်ပါသည်။

သစ်တောနဲ့
သစ်ပင်ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး